

www.burmeseclassic.com
အောင်မြင်တာပေ
ကြိုခဏ္ဍ
မာယာကကြီး
အငြိုးဝက်ပါ
ဂ ဋ္ဌိ ရ ထန်း ကြယ်
လုံး ချင်း ဝ တ္ထု သစ်
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
တြိသစ်
မာယာကတြိုးအပြီးဝက်ပါ/တြိသစ်။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၇၃ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) တြိသစ်

ဖြန့်ချိရေး အောင်မြင်စာပေ၊ ၂၀၁၅ ခုနှစ်၊ (ဒီဇင်ဘာလ)၊ အုပ်ရေ (၅၀၀)၊ ပထမအကြိမ်။





www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- သံကိုသုံးသော်လည်း
  ဓားတုံးသောအခါ သုံးမရ။
  ရူပင်မှန်သော်လည်း
  ဉာဏ်ပညာအညွန့်တုံးသော် အသုံးမကျ။

- ဉာဏ်ချင်းပြိုင်၍မနိုင်သောအခါ
  ဝီရိယချင်းပြိုင်ရပေမည်။
  ဝီရိယချင်းပြိုင်၍မနိုင်လျှင်တော့
  ကံချင်းပြိုင်ဖို့သာ ရှိပေတော့သည်။

- အဝတ်ချုပ်သောအပ်သည်
  ချွန်ထက်နေလျှင် အသုံးဝင်သည်။
  နှစ်ဖက်ချွန်နေပြန်လျှင်လည်း
  အသုံးပြု၍မရပြန်ပေ။
  မိတ်ဆွေဆိုသည်မှာ ထိုအတိုင်းပင် ဖြစ်ပေ၏။

# ဒဿနလက်ဆောင်

- ငွေကြေးမရှိသောအခါ
  ညီးညူသံများ ပေါ်ထွက်လာတတ်သည်။
  တီထွင်ကြံဆမှု မရှိသောအခါ
  ကံကြမ္မာကိုသာ အပြစ်ပုံချလိုက်တော့သည်။

- ရည်မှန်းချက်များနှင့် အချစ်သည်
  လူတစ်ယောက်အတွက်
  ဘယ်အရာမဆို ဖြစ်စေနိုင်သည့်
  ခွန်အားနှင့်တူသော အတောင်ပံများ ဖြစ်ကြပါတယ်။

- အောင်မြင်မှုကို အလိုရှိလျှင်
  အလုပ်လုပ်သောအခါ အချိန်မဆွဲပါနှင့်
  မှားယွင်းမှု မရှိစေလိုသော်
  ဒေါသဖြစ်နေသည့်အခါ
  တတ်နိုင်သမျှ အချိန်ဆွဲထားပြီးမှ ဆုံးဖြတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- အဆိပ်သောက်မိသော်
ဖြေဆေးမတွေ့က အသက်သေစေနိုင်သည်။
ဆုံးဖြတ်ချက် မှားယွင်းသော်
အသက်မသေသော်လည်း
ဘဝကိုသေစေနိုင်ပါသည်။

- ပစ်မှတ်လွဲသောအခါ
လေးနှင့်မြားကို အပြစ်တင်ကြတယ်၊
ပစ်မှတ်ကို ထိမှန်သောအခါ
မိမိ၏အစွမ်းအစချင်းကို အသိအမှတ်ပြုစေချင်ကြတယ်။

- လူတိုင်း ကျေနပ်မှုရအောင်
လုပ်ပေးဖို့ မလွယ်လှပေ။
အားလုံးကို ကျေနပ်အောင် လုပ်ပေးမည်ဟု
ကတိပေးလာလျှင်တော့
လိမ်ညာမှုတစ်ခုပါနေပြီဟု သိထားသင့်ပါတယ်။

# ဒဿနလက်ဆောင်

- အလုပ်တာဝန်ရားကို ဆုံးဖြတ်မယ်ဆိုရင်တော့
မျက်စိကိုချည်း အားမကိုးပါနဲ့၊
နှလုံးသားရဲ့ဆုံးဖြတ်ချက်အတိုင်း
လိုက်နာဆောင်ရွက်သင့်ပါတယ်။

- ငယ်ရွယ်နုပျိုစဉ်အချိန်မှာ
အလုပ်တာဝန်ရားကို မျက်နှာပေါ်မှာထားပါ။
အိုမင်းလာတဲ့အချိန်မှာတော့
အလုပ်တာဝန်ရားကိုနှလုံးသားထဲ ရွှေ့ထားပေးပါ

- မလုပ်နိုင်သည်ကို မပြောခြင်းသည်
အတွင်းစိတ်ဓါတ် ကိုယ်ကျင့်သိက္ခာဖြစ်ပါတယ်၊
ပြောမိလျှင် ပြောသည့်အတိုင်း လုပ်ခြင်းသည်
ပြုမူဆောင်ရွက်မှု၏
သိက္ခာတရားပင် ဖြစ်ပေသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနေဖြင့် ဂမ္ဘီရဆန်းကြယ် ဟူသော ခေါင်းစဉ်အောက်မှာ ထူးခြားဆန်းကြယ်သော အကြောင်းအရာများကို ဦးစားပေး ရေးသားခဲ့ပါတယ်။

ထိုအထဲမှာပင် ပရိသတ်များနှစ်သက်မှုရှိသော စုံထောက်ဝတ္ထုများကိုလည်း အလျှင်းသင့်သလို ရေးသားခဲ့ပါ တယ်။

ရှေးက စုံထောက်ဝတ္ထုများ ရေးသားကြသော ဆရာကြီး များမှာ ပင်တိုင်ဇာတ်ကောင်များ ရှိခဲ့ကြပါတယ်၊ ဆရာကြီး ရွှေဥဒေါင်းမှာ စုံထောက်မောင်စံရှား၊ ဆရာကြီး ဒဂုန်ရွှေမျှားမှာ စုံထောက်ဦးထင်ကျော်၊ ဆရာမိုးဝေမှာ စုံထောက် တင်မောင်ဆွေ့ စသည်ဖြင့် အလွတ်စုံထောက်များ ဖန်တီးကာ ဝတ္ထု ဇာတ် လမ်းများ ရေးသားခဲ့ကြပါတယ်။

ကျွန်တော်ရေးသားသော ဝတ္ထုများတွင် နီမောင် ဒေါက်တာမင်းထင်ကျော် အစရှိသည့် ပင်တိုင်ဇာတ်ကောင် များရှိသော်လည်း စုံထောက်ဇာတ်ကောင်များတော့ မဟုတ် ကြပေ။

သို့ကြောင့် စုံထောက်ဝတ္ထုများ ရေးသားသောအခါတွင် ဒေါက်တာမင်းထင်ကျော်ကိုပင် စုံထောက်မဟုတ်သော်လည်း စုံစမ်းထောက်လှမ်းသူအဖြစ် ထည့်သွင်းရေးသားရပါတယ်။

စာဖတ်ပရိသတ်များ နှစ်သက်သဘောကျမှုရှိမယ်လို့ မျှော်လင့်မိပါတယ်။

"မာယာကကြိုး အငြိုးဝက်ပါ" ဝတ္ထုရှည် ရေးသားရာတွင် အောက်ပါ စာအုပ်စာတမ်းများတွင် ပါဝင်သည့် အချက်အ လက်တို့မှ သုတဆိုင်ရာ အချက်အလက်အချို့ကို အသုံးပြု ရေး သားခဲ့ပါ ကြောင်း ကြိုတင်ဝန်ခံပါရစေ။

(၁) မော်ဘီဆရာသိန်းကြီး၏ ပေါရာဏဒီပနီ
(၂) ရွှာစားစိန်တင်ဟန်၏ မြန်မာတို့ဇာတ်ပွဲ
(၃) ဒေါ်အမာ(လူထု)၏ ရှေးဟောင်းသီချင်းနှင့် ဇာတ်သဘင်သမိုင်း
(၄) မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)

စသည်တို့ ဖြစ်ကြပါတယ်။

ရှေ့ဆက်ပြီးလည်း ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ ဂမ္ဘီရဆန် သော စုံထောက်ဝတ္ထုရှည်များကို ဆက်လက်ရေးသားပါဦးမယ်။

စာဖတ်သူများ နလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ။

စာဖတ်သူတို့၏ မေတ္တာရိပ်အောက်မှ...

(တြိစက္က)

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) ရှေးခေတ်ကဇာတ်ပွဲများအကြောင်း

အခန်း(၂) ပျောက်ဆုံးသွားခဲ့သောပနုပညာရှင်များ

အခန်း(၃) ကျတ်တစ်သိုက်နှင့်မုဆိုးမိုက်အကြောင်း

အခန်း(၄) ငိုချင်းချကောင်းသောဇာတ်မင်းသား

အခန်း(၅) မောင်မြတ်ဆွေနှင့်မြသင်းကြူ

အခန်း(၆) အမှောင်ထဲမှသရဲမျက်နှာ

အခန်း(၇) ပုဏ္ဏကကျောက်အိုးနောက် ခြေရာကောက်သူများ

အခန်း(၈) စက်ပိုင်းကားချပ်နှင့်လျှို့ဝှက်စာ

အခန်း(၉) လျှို့ဝှက်စာနှင့်သဲလွန်စများ

အခန်း(၁၀) မြသင်းကြူနှင့်ပြန်တွေ့ရခြင်း

အခန်း(၁၁) သဲလွန်စများနောက် ခြေရာကောက်လေသော်

အခန်း(၁၂) လေးပစ်ရသူကဘုရားကျွန်တော်

အခန်း(၁၃) ဖျပ်ခနဲ တွေ့ခွင့်ရသောနှလုံးသားပုံရိပ်

အခန်း(၁၄) မာန်စွယ်တုံ့နှင်းအသက်ချင်းယှဉ်

အခန်း(၁၅) မာယာကကြိုးအငြိုးဝက်ပါ

အခန်း(၁၆) မျက်ဝန်းမှာအပြုံးနှလုံးသားမှာအဖြေ




# အခန်း(၁)

# ရှေးခေတ်က ဇာတ်ပွဲများအကြောင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး (၁၉၄၈)ခုနှစ် နောက်ပိုင်းကာလများမှာ ဇာတ်သဘင်၊ ရုပ်သေးစင်နှင့် အငြိမ့်ပွဲတော်တော်များများ ပေါ်ပေါက်လာခဲ့ပြီး ဇာတ်သဘင်တစ်ခေတ်ခေတ်ကောင်းချိန် ဖြစ်ခဲ့သည်ဟုပင် ဆိုရပေတော့မည်။

ဇာတ်သဘင်၊ အငြိမ့်အဖွဲ့ စသည်တို့မှာ ထိုခေတ်က



www.burmeseclassic.com

www.burmeseclassic.com



လ မတိုင်ခင်ကတည်းက ပေါ်ပေါက်ခဲ့သည် မှန်သော်လည်း စစ်ဘေးစစ်ဒဏ်များဖြင့် အထပ်ထပ်အခါခါ ကြုံတွေ့ခဲ့ကြရသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုတော့ မရှိခဲ့ပေ။

လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလများရောက်တော့မှပင် တဖြည်းဖြည်းနှင့် ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်ပေသည်။

ကျွန်ုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်ရာ ဇာတ်သဘင်တို့ ဖွံ့ဖြိုးတိုးတက်လာစအချိန်တွင် လူလားမြောက်ခဲ့ရသူ ဖြစ်ပေသည်။

ထို့ကြောင့် တစ်ချိန်က မြို့များ၊ နယ်များတွင် လူကြိုက်များခဲ့သော ဇာတ်ကြီး၊ ဇာတ်ငယ်များ၊ အငြိမ့်အဖွဲ့များ၊ ရုပ်သေးအဖွဲ့များအကြောင်းကို သိမှီခဲ့ရပေသည်။

ထိုအချိန်ကာလသည် ဇာတ်သဘင်တို့ ဖွံ့ဖြိုးတိုးတက်စအချိန်ဖြစ်သလို ရုပ်ရှင်၊ စာပေနှင့်ဂီတ စသည်တို့လည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

အချိန်ကာလနှင့် ပြောရလျှင်တော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း၊ နှစ်ပေါင်း(၅၀)ကျော် အချိန်ကာလဝန်းကျင်သည် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စသော အနုပညာလုပ်ငန်းများ ရွှေခေတ်ဖြစ်ခဲ့ပေသည်။

စာရေးဆရာကြီးငယ်တို့၏ ပြောစမှတ်ပြုလောက်သော ဝတ္ထုရှည် ဝတ္ထုတိုများ မဂ္ဂဇင်းများ၌ပါသော စာပေတို့မှာ အနုပညာ မြောက်ခဲ့ကြသည်။

ရုပ်ရှင်ဘက်မှာလည်း ဒါရိုက်တာကြီးများ၊ ဝါရင့်သရုပ်





ဆောင်ကြီးများကြောင့် ရုပ်ရှင်တစ်ခေတ် ပြောစမှတ် ဖြစ်ခဲ့လေသည်။

ဂီတဘက်မှာလည်း ဂီတစာဆိုကြီးများ၏ လက်ရာမြောက်သော တေးသီချင်းများကို ဂန္ထဝင်မြောက်အောင် သီဆိုနိုင်ခဲ့သော အဆိုတော်တို့ကြောင့် ရေဒီယိုခေတ်မှ ဓါတ်ပြားခေတ်ရောက်သည်အထိ လူကြိုက်များခဲ့ကြသည်။

ဇာတ်သဘင်တစ်ခေတ်မှာလည်း အပြောအဆို အငိုကောင်းသော မင်းသားမင်းသမီးများ၊ ဇာတ်ထုပ်ဇာတ်လမ်း၊ ပြဇာတ်စသည်တို့ကို ပိုင်နိုင်ကျွမ်းကျင်ကြသော မင်းသား၊ မင်းသမီး၊ ဇာတ်ပို့ ဆိုင်းဆရာ စသည်တို့ကြောင့် ဇာတ်သဘင်တစ်ခေတ် ရွှေဖြစ်ခဲ့ရဘူးပေသည်။

နှစ်ပေါင်း(၅၀)ကျော်ကြာခဲ့ပြီး အိုင်တီခေတ် ရောက်လာသောအခါမှာတော့ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသော အနုပညာလုပ်ငန်းများ တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်လာခဲ့ရပေပြီ။

ရှေးအခါက ဖတ်ခဲ့ရသော ဝတ္ထုရှည်ကြီးများ၊ မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ယခု ဖတ်ရှုခွင့်ရတော့ပြီ။

စာမဖတ်ဖြစ်သော၊ စာဖတ်ချိန် မရတော့သော၊ စာဖတ်ရန် စိတ်မဝင်စားတော့သော ခေတ်ကာလတွင် စာပေတို့သည်း တဖြည်းဖြည်း ပျောက်ကွယ်စ ပြုလာခဲ့လေသည်။

ဒါကလည်း ခေတ်ကာလ အချိန်ကြာမြင့်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါတွင် ရှေးကရှိခဲ့သော သဘင်ပညာရှင်များ၊ ဂီတပညာရှင်များ စာပေပညာရှင်ကြီးများ တဖြည်းဖြည်းနှင့် လျော့ပါးသွားကြပြီး မရှိသလောက် ရှားပါးသွားခြင်းကလည်း အကြောင်းရင်းတစ်ခု ပါပေလိမ့်မည်။

ယခုအခါမှာတော့ ရှေးခေတ်ကာလလို ဇာတ်ပွဲဇာတ်ရုံကြီးများ ဟီးထအောင်ထိုးပြီး ညလုံးပေါက် ကပြလေ့မရှိကြသော်လည်း ပွဲကြိုက်သူတို့ကတော့ ထိုအကြောင်းများကို ပြန်လည်တမ်းတနေကြမည်မှာ အမှန်ပင် ဖြစ်ပေသည်။

ရှေးအခါက ဇာတ်ပွဲများ ကပြဖျော်ဖြေပေးခဲ့ပုံများမှာလည်း စိတ်ဝင်စားဖွယ်ရာ ရှိလှပေသည်။

ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ယိမ်း . . စသည်တို့အပြင် မျက်လှည့်ပြခြင်း လက်ဝှေ့ထိုးခြင်း စသည်တို့ကို ပြသခြင်းကို ခြုံငုံ၍ "ပွဲ"ဟုခေါ်သည်။

ထိုပွဲသဘင်များ ကျင်းပရာနေရာကို ယေဘုယျအားဖြင့် "ပွဲရုံ"၊ "ဇာတ်ရုံ"ဟု ခေါ်လေသည်။

ဇာတ်ရုံတို့၏ တိုးတက်ဖြစ်ထွန်းလာပုံအစဉ်ကို ပြဆိုလိုလျှင် ဂရိနှင့် ရောမခေတ်တို့တွင် ထွန်းကားခဲ့သော ဇာတ်ပွဲဇာတ်ရုံများမှ အစပြု၍ ပြဆိုရပေမည်။

ဂရိဇာတ်ပွဲများသည် မူလက ရှေးမြန်မာပွဲသဘင်များ ဆင်ယင်ကျင်းပကြဘိသကဲ့သို့ မြေဝိုင်းဇာတ်မှ တဆင့်တဆင့် တိုးတက်ပြုပြင်ပြောင်းလဲလာကြသည်။

ရှေးဂရိဇာတ်ပွဲတို့တွင် ဇာတ်ရုံဟု အမိုးအကာနှင့်





တကျနစွာ ဆောက်လုပ်ထားခြင်း မရှိချေ။ တောင်ကုန်းနှင့်နီးသော မြေကွက်လပ်တစ်ခုတွင် နေရာယူ၍ ဇာတ်ခင်းပြသကြသည်။

တောင်ကုန်းဘေးတွင် ပွဲကြည့်ပရိသတ်တို့ ထိုင်စရာခုံတန်းများကို အဆင့်ဆင့် တည်ဆောက်ကြသည်။

ဇာတ်ပွဲကျင်းပရာနေရာတို့မှာ များသောအားဖြင့် လူဦးရေ ထောင်ပေါင်းများစွာဆံ့သော နေရာများဖြစ်သည်။

ဇာတ်ပွဲ၌ပါဝင်ကပြသူများသည် ပရိတ်သတ်၏ရှေ့တွင် စက်ဝိုင်းသဏ္ဌာန် သတ်မှတ်ထားသော အော်ကက်စထရာခေါ် နေရာတွင် ကပြရသည်။

ထိုစက်ဝိုင်း၏ နောက်၌မူ ဆယ်ပေခန့်မြင့်သော ဇာတ်ခုံရှိသည်။ ဇာတ်ခုံ၏ နောက်ပိုင်းအဆုံးတွင် ကန့်လန့်ကာရှိ၍ ကန့်လန့်ကာနောက်ပိုင်းတွင် ဇာတ်ထဲ၌ ပါဝင်ကပြသူတို့သည် အကျီအဝတ်အစား လဲလှယ်ဆင်ယင်ကြသည်။

ကပြသူတို့အဖို့ မျက်နှာဖုံးသည် အဝတ်အစားကဲ့သို့ အရေးပါ အရာရောက်ပေသည်။ မျက်နှာဖုံးများမှာ အဝေးမှကြည့်သော ပရိသတ်အတွက် မျက်နှာပုံပန်း ထင်ရှားစေရန် ရည်ရွယ်သော သဘောပါသည်။

မျက်နှာဖုံးနှင့် ကပြသူတို့ သီဆိုသည့်အခါ သီဆိုလိုက်သောအသံကို အဝေးမှ ပရိသတ်တို့ ကြားနိုင်စေရန် မျက်နှာဖုံးကို အသံဟိန်းအောင် စီမံပြုပြင်ထားရသည်။

ဂရိဇာတ်ပွဲများကို နေ့အခါ၌သာ ကပြသဖြင့် အလင်းရောင်ရရန် စီမံဖို့ မလိုပေ။ အခန်းမြင်ကွင်းများကိုလည်း ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲခြင်း မရှိလှပဲ ဇာတ်ရုံတွင်လည်း ကားလိပ်ကားချပ်များ မရှိချေ။

မိုးချုန်းသံကို ဖန်တီးပေးရန်လည်းကောင်း၊ ကပြသူတို့ ကောင်းကင်၌ ပျံဝဲပုံကို ကပြနိုင်စေရန်ဌင်း၊ စက်ကိရိယာနှင့် ကောင်းကင်ကြိုးများကို စက်မောင်းတစ်ခုဖြင့် အရံသင့် ထားရှိရသည်။

ကပြသူအားလုံးမှာလည်း ယောကျာ်းချည်းဖြစ်၍ မိန်းမခန်းများအတွက်မူ လူငယ်များကို မိန်းမသဏ္ဍာန် ကပြစေကြလေသည်။ ရောမလူမျိုးတို့၏ ဇာတ်ရုံများမှာ ဂရိတို့ ဇာတ်ရုံကို အတုယူလျက် မွမ်းမံဆောက်လုပ်ထားသော ဇာတ်ရုံများဖြစ်၏။

ရောမတို့သည် ထိုင်ခုံများကို တောင်စောင်းတွင် မထားဘဲ လှေကားထစ်များကဲ့သို့ ဆင့်ကဲဆင့်ကဲအတန်းများ ပြုလုပ်ထားလေသည်။

အော်ကက်စထရာနေရာကို ကပြရန်အတွက် အသုံးမပြုပဲ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များနှင့် ထိုင်ရာခုံများအဖြစ် ပြုလုပ်ထား၏။ ဇာတ်စင်ကိုလည်း နိမ့်၍ ပိုမိုကျယ်ဝန်းလာအောင် စီမံလေသည်။

အနောက်နိုင်ငံတို့တွင် (၁၇)နှင့် (၁၈)ရာစုအတွင်း ပြဇာတ်များအတွက် အခမ်းအနားအခင်းအကျင်းကို အရေးပေးလာကြသည်။ ထို့ကြောင့် ဇာတ်ရုံများ၏ အခင်းအကျင်းမှာ အထူးတိုးတက်လာပေသည်။ အီတလီနိုင်ငံ၊ အော်ပရာ ဇာတ်ရုံများမှာ အခင်းအကျင်းဖက်၌ အထူးတိုးတက်လာသည်။



(၁၉)ရာစုနှစ်အတွင်း၌ မီလန်နှင့် မေပယ်မြို့များရှိ ပြဇာတ်ရုံများကို ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ခဲ့လေသည်။

အီတလီနိုင်ငံကို အတုယူလျက် ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံများကလည်း ကြီးကျယ်ခမ်းနားသော ပြဇာတ်ရုံများကို ဆောက်လုပ်လာကြသည်။

ယင်းသို့ဖြင့် တစတစ တိုးတက်လာခဲ့ရာ ယခုအခါ အနောက်နိုင်ငံရှိ ဇာတ်ရုံများတွင် အခမ်းအနား အပြင်အဆင် အခင်းအကျင်းတို့မှာ များစွာထည်ဝါခန့်ညားလာတော့၏။

အင်္ဂလန်ပြည်တွင် (၁၅၇၆)ခုနှစ်တွင် ဂျိမ်းဗားဗေ့ဆိုသူ ဆောက်ခဲ့သော ပထမဦးဆုံး ဇာတ်ရုံနှင့် ရှိုင်ရယ်အော်ပရာ ဟောက်(စ)(တော်ဝင်ပြဇာတ်ရုံ)ခေါ် လန်ဒန်ဇာတ်ရုံကြီးတို့ကို ၎င်း၊ (၁၇၆၆)ခုနှစ်တွင် ဖီ(လ)ဒဲဖီးယားမြို့၌ ဆောက်ခဲ့သော အမေရိကန်ပြည်ထောင်စု၏ ဇာတ်ရုံတို့၏ အခြေအနေများကို ၎င်း နှိုင်းယှဉ်ကြည့်လျှင် သိသာထင်ရှားပေမည်။

ယခုခေတ် ဇာတ်ရုံများရှိ ဇာတ်စင်များကို လျှပ်စစ်ဓါတ်အားဖြင့် နှိမ့်နိုင်မြှင့်နိုင်၏။ အခန်းအပြောင်းအလဲများတွင်လည်း အလိုက်မီး အမျိုးမျိုးကို လိုသလို ထိုးပေးနိုင်၏။

ပွဲကြည့်ပရိသတ်အတွက်လည်း အေးချမ်းသာယာစွာ ကြည့်နိုင်ရန် ခေတ်မီသောစံနစ်ဖြင့် ဆောက်လုပ်ထားလေသည်။ ထိုင်ခုံများကိုလည်း ဆိုဖာကြီးများအထိ ဖြစ်လာအောင် ပြုပြင်ခဲ့ကြ၏။

ပွဲကြည့်ပရိသတ်ကို အအေးဓါတ်ရရန် လေရဟတ်များ



www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်မသုံးတော့ဘဲ ရုံတွင်း၌ အအေးအပူခါတ် ပေးထားသည် ထိ တိုးတက်လာပေသည်။

ယခုခေတ်ရှိ ဇာတ်ရုံတစ်ရုံတွင် အဓိက နေရာနှစ်မျိုး ရှိသည်။ ကပြသူများအတွက် ဇာတ်စင်နှင့် ပွဲကြည့်သူတို့အတွက် နေရာတို့ဖြစ်၏။ ပွဲကြည့်သူတို့၏နေရာမှာ ကျယ်ဝန်း၏။ ဇာတ်စင်ကို ကောင်းစွာမြင်နိုင်ရန် ထိုင်ခုံများ တန်းစီထားသည့် ကြမ်းပြင်ကိုလည်း ဆင်ခြေလျော ပြုလုပ်ထားလေသည်။ ဇာတ်ရုံ တွင် လက်မှတ်ရောင်းရာဌာနရှိ၏။

ပွဲကြည့်ပရိသတ်၏ ရှေ့တည့်တည့်တွင် ဇာတ်စင်ရှိလေ သည်။ ယင်းမှာ စင်မြင့်ကလေးဖြစ်၍ ပရိသတ်ဖက်သို့ မျက်နှာ ပြုထားသည်။

ဇာတ်စင်ပေါ်တွင် ကားလိပ်များ ဆွဲချိတ်ထားလေ သည်။ စင်၏ ဘေးနှစ်ဖက်၌ ပန်းချီအရုပ်များကို အလှအပအ ဖြစ် ဆွဲချိတ်ထား၏။

ဇာတ်စင်၏ နောက်ဖက်တွင် ဇာတ်၌ ပါဝင်ကပြသူများ အဝတ်လဲခန်းနှင့် ပစ္စည်းထားခန်းများ ရှိလေသည်။ တူရိယာသ မားများကမူ ဇာတ်စင်နှင့် ပရိသတ်အကြားတွင် နေရလေသည်။

အနောက်နိုင်ငံ ဇာတ်ပွဲဇာတ်ရုံများ အဆင့်ဆင့် တိုး တက်လာမှုကို တွေ့မြင်ရပြီးနောက် မြန်မာနိုင်ငံ၏ ဇာတ်ပွဲဇာတ် ရုံသမိုင်းကို လေ့လာရပေမည်။

ရွှေဘုံနီဒါန်းတွင် မြန်မာဘုရင်များ၏ နန်းတွင်းအ ဆောင်အယောင်များနှင့်ပတ်သက်၍ ဖော်ပြရာ၌ သဘင်နန်း





ဆောင်အကြောင်းကို ဖော်ပြထားသည်ကို တွေ့ရ၏။

ယင်းသဘင်နန်းသည် အနောက်အတွင်းတော်တွင် ရှိသဘင်ခံလျှင် ရှုတော်မူရာဖြစ်ပေသည်။ ဤသဘင်နန်းဆောင် ၏အပြင်ဖက်တွင် ဇာတ်ရုံတော်ကြီးလည်း ရှိလေသည်။

ထိုနန်းတွင်းဇာတ်ရုံများတွင် ဇာတ်စင်များရှိနှင့်ပြီးဖြစ် ၍ ယင်းတို့ မည်သည့်ခေတ်လောက်ကစ၍ ပေါ်ပေါက်လာ သည်ကိုမူ အတိအကျ မသိရပေ။

သို့သော် သဘင်ဝန်ဦးနု၏ အလိုအရ မြန်မာတို့တွင် ပြောစမှတ် စကားတစ်ခု ရှိသည်ဟုဆို၏။

“ဇာတ်”ကို အနိမ့်သဘင်ဟု ခေါ်၍ “ရုပ်သေး”ကို အ မြင့်သဘင်ဟု ခေါ်သည်။

ထိုအနိမ့်သဘင်ကသော ဇာတ်သမားများသည် ရုပ် သေးစင်ပေါ်တက်၍ ကပြလျှင် ပတ်မသံသည် ရင်ပတ်ကိုလာ ၍ ဆောင့်သည်ဟု ပြောစမှတ်ရှိသည်။

ထိုပြောစမှတ်စကားကိုထောက်လျှင် ဇာတ်စင်များ သည် ရုပ်သေးစင်(သို့မဟုတ်)ရုပ်စုံစင်များ၏ နောက်မှပေါ် ပေါက်သည်ဟု ယူဆရချိမ့်မည်။

သဘင်ဝန် ဦးနု၏ အလိုအရ ရုပ်သေးမှာ ကုန်းဘောင် ခေတ်၊ ဘိုးတော်ဘုရားလက်ထက်တွင် သဘင်ဝန်ဦးသော်နှင့် မြဝတီမင်းကြီး၏ အစီအမံတို့ဖြင့် တိုးတက်ထွန်းကားလာခဲ့ရ သည်ဟု ဆိုလေသည်။

ရုပ်စုံစင်မှာ မျက်နှာစာ (၇)ပင် (၆)ခန်း၊ (၅)ဆောင်ခန်း၊


www.burmeseclassic.com

www.burmeseclassic.com



ပန္နက်ချ၊ နောက်က (၅)ပင် (၄)ခန်းဖြစ်၏။ ရှေ့ပန္နက်နှင့် နောက်ပန္နက် အကွာအဝေးမှာ အတောင်(၂၀)ရှိရသည်။ ဘေးနှစ်ဖက်မှာ ရှေ့မျက်နှာစာထောင့်နှင့် နောက်တိုင်ထောင့်ကို ရှူးသွားရ၏။

စင်၏အမြင့်ကို ပရိသတ်ကြည့်ရှုကောင်းစေရန် ရှေ့နိမ့်နောက်မြင့်ထားသည်။ နောက်ဖက်အမြင့်မှာ လေးတောင်ရှိ၍ ရှေ့ဖက်တွင် သုံးထောင်ထွာ အမြင့်ထားသည်။

ရှေ့မျက်နှာစာမှ နှစ်တောင်အကွာတွင် လက်ရန်းတိုင်များ နှစ်ပိုင်းခွဲ စိုက်ထားသည်။ ထိုနှစ်ပိုင်း၏ လက်ရန်းတိုင်ထိပ်တစ်ခုနှင့်တစ်ခု အကွာအဝေးကို နှစ်တောင်ခြားထား၏။

ထိုလက်ရန်းတွင် ကန့်လန့်ကာများကို လက်ျာဖက် ကန့်လန့်ကာက လက်ဝဲဖက်တိုင်ထိပ်ကို ဖုံးအောင်ကာထားသည်။

လက်နှစ်ခုကြားက အပေါက်ကို "မင်းပေါက်"ဟု ခေါ်သည်။ ထိုမင်းပေါက် ရှေ့တည့်တည့်တွင် လှေကားတစ်ထားရာ ထိုလှေခါးကို တော်ကောက်သော အကြီးအကဲများသာ အသုံးပြုရသည်။ ဝဲဖက်သမားများမှာ ဝဲဖက်မှ ခုံခု၍တက်ရ၏။ ယာဖက်သမားများမှာ ယာဖက်မှ ခုံခု၍တက်ရ၏။

ရုပ်စုံများကိုလည်း လက်ဝဲရုပ်စုံကို လက်ဝဲသေတ္တာမှထုတ်၍ လက်ဝဲဖက်တွင် ချိတ်ရပြီးလျှင် လက်ျာဖက်သေတ္တာမှ လက်ျာရုပ်ကိုထုတ်၍ လက်ျာဖက်တွင် ချိတ်ရလေသည်။

ရုပ်စုံစင်၏ ထောင့်နှစ်ထောင့် ရာဇမတ်တစ်ခုစီ ကာရ၏။ သိုင်းလေးလက် ဘွဲဖြူချိုလျက် ကျည်တောက်နှင့် ရုပ်စုံစင်၏





အရှေ့တိုင်မှ ချိုစိုက်ရသည်။ စင်မှာ ကြာယပ်နှစ်ထပ်ဆွဲထားလေသည်။

ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် နန်းတွင်းဇာတ်ရုံတို့၏အခြေအနေမှာ တစတစပြုပြင်ပြောင်းလဲ တိုးတက်ကောင်းမွန်လာခဲ့လေသည်။

ကုန်းဘောင်မင်းဆက် နောက်ဆုံးစိုးစံရာ မန္တလေးမြို့ရှိ နန်းတော်တွင်း အဆောင်အယောင် အခမ်းအနားများကို ထောက်ရှု၍ရင်း၊ ဘုရင့်ဆွေတော်မျိုးတော်ဆို၏ ပြောပြချက်အရရင်း၊ နန်းတွင်းဇာတ်ရုံတော်ကြီးများတွင် ကားလိပ်ကားဆွဲခန်းနားပုံ၊ စက်ကြိုးယန္တယားများ တပ်ဆင်ထားပုံတို့ကို သိရပေသည်။

ကုန်းဘောင်ခေတ် နောက်ဆုံးလောက်တွင် မီးမောင်းများပင်ထိုး၍ ကပြခဲ့သည်ဟူ၍လည်း အဆိုရှိသည်။

နန်းတွင်းပြသည့် ရာမဇာတ်တော်ကြီးတွင် မယ်သီတာကို ဒဿဂီရိခိုးခန်း၌ စက်ကြိုးယန္တယားတပ်ဆင်သည့် ပန်းရထားပုံနှင့် တင်ဆောင်ခိုးသွားခြင်း၊ သုကျိတ်ဘာလီတို့အခန်းတွင် ကျောက်ဂူတောင်ခေါင်းကို ဖြိုခွဲရာ၌ ဖောက်ကားခွဲကားများကို ချိတ်ဆင်၍ သုံးစွဲခြင်း၊ မြေလှိုးပေါ်လာခြင်း စသည်တို့ကိုပင် ပြသလာခဲ့သည်ဟုလည်း ဆိုကြသည်။

ယင်းသို့ နန်းတွင်းရှိ ဇာတ်ပွဲဇာတ်ရုံတို့မှာ တစတစတိုးတက်လာသည့်တိုင်အောင် တစ်နိုင်ငံလုံး ခြုံ၍ကြည့်လျှင် ခရိုင်မြို့နယ်တို့မှာ မြေဝိုင်းဇာတ်သဘင်နှင့်သာ ရွှေ့ပြောင်းရတာင်းတိမ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို တွေ့ရ၏။

မြေပိုင်းဇာတ်ကို မြေသလင်းပြောင်ပြောင် ကွင်းပြင်ကျယ်ကျယ်တွင်ဖြစ်စေ၊ လယ်များရိတ်ပြီးချိန်၌ လယ်ကွင်းပြင်၌ဖြစ်စေ ကပြလေ့ရှိသည်။ မြေပိုင်းဇာတ်၏ အဆင်အပြင်မှာ မြေပေါ်တွင် ဖျာကြမ်းများ ခင်းထား၏။ ထိုဖျာကြမ်းများ၏ ရှေ့ပိုင်းသုံးပိုင်း နှစ်ပုံခန့်ကို ကပြရန်နေရာ သတ်မှတ်ထားလေသည်။

အလယ်တွင် ရေနံချေး၊ မီးတိုင်များပိုင်းကာ မီးထွန်းညှိထား၏။ ထိုမီးတိုင်မှာ လူ၏ရင်ခေါင်းလောက်မြင့်သော ဝါးလုံးကို မြေတွင်စိုက်၍ ထိပ်မှ ဖွာရရာခွဲစိပ်လျက် ရေနံချေးအင်တုံယ်ညှပ်ထည့်ထားသည်။

ရေနံချေးအင်တုံတွင် မြိတ်ဆာများ ထည့်စိမ်လျက် မီးထွန်းညှိခြင်း ဖြစ်သည်။ ကကွင်း၏ အလယ်ကျသောတိုင်တွင် သပြေခက်များ ဆယ့်နှစ်ရာသီကိုင်းများ စုစည်းစိုက်ထားသည်။

ဖျာနောက်ပိုင်း ကျန်နေရာဖြစ်သော သုံးပုံတစ်ပုံတွင် ဆိုင်းဝိုင်းများထား၏။ ဆိုင်းဝိုင်းပတ်ဝန်းကျင်တွင် မင်းသား၊ မင်းသားကြီး၊ ရှင်ဘုရင်၊ ဝန်ကြီး၊ လက်စွဲတော် စသော ဇာတ်သမားများက တစ်ဖက်၊ ပွဲဦးထွက် အပျိုတော်၊ မင်းသမီး စသောဇာတ်သူတို့ကတစ်ဖက် နေရာယူ၍ ဖြီးလိမ်းပြင်ဆင်ရသည်။ အကာအကွယ် မရှိပေ။

ဆိုင်းနှင့်လူများနောက်ဖက်၌ အမြင့်လေးတောင် နှစ်မိုက်ခန့် တုတ်နှစ်ချောင်းစိုက်၍ တိုင်ထိပ်နှစ်ခုပေါ်တွင် ငုတ်



ချိုင်တုလေးများပါသော တန်းတင်ထား၏။

ထိုတန်းရှိ ငုတ်ကလေးများတွင် ဆင်ခေါင်း၊ မြင်းခေါင်း၊ ဘီလူးခေါင်း၊ ဘီလူးခေါင်းများ ချိတ်ဆွဲရသည်။

(၁၂၆၀)ပြည့် မတိုင်မီက ထိုခေါင်းများသာ ရှိသော်လည်း နောက်ပိုင်းတွင် မျောက်ခေါင်း၊ ကျေးခေါင်း၊ ဂဠုန်ခေါင်း၊ ဆင်ခေါင်း၊ ကျားခေါင်း၊ နဂါးခေါင်းတို့ကိုပါ ထည့်သွင်းလာလေသည်။

စိုက်ထားသော တိုင်နှစ်ခု၏ အလယ်တွင် ငုတ်(၂)ဖက်စိုက်၍ ဓားများ၊ လေးများ၊ ကြိမ်လုံးများ စသည်တို့ကို ကန့်လန့်တင်ထား၏။

ဇာတ်ကမည့် မျက်နှာစာဖျာပေါ်၌ ဆိုင်းဝိုင်းအနီးမှကပ်၍ ဇာတ်သေတ္တာကြီးတစ်ခု ချထားသည်။

ထိုသေတ္တာကြီးမှာ မြေဝိုင်းဇာတ်သဘင်တွင် အသွင်အမျိုးမျိုး ဆောင်ရာဖြစ်သည်။ ရှင်ဘုရင်ထိုင်လျှင် ရာဇပလ္လင်ဖြစ်၏။ ရသေ့ရဟန်းထိုင်လျှင် ကျောင်းသင်္ခမ်းဖြစ်၏။

သူဌေးထိုင်လျှင် တိုက်အိမ်ကြီးဖြစ်၏။ မင်းသမီးထိုင်လျှင် တပင်တိုင်မြနန်းဖြစ်၏။ သိကြားမင်းထိုင်လျှင် ဝေဇယန္တာနတ်နန်းဟု အမှတ်သညာ ပြုရသည်။

မြေဝိုင်းဇာတ်တွင် အပြင်အဆင် အခမ်းအနားများ ထူးထူးခြားခြား မရှိသော်လည်း ဇာတ်ကောင်တို့၏ သရုပ်အမူအယာဖြင့် လိုရာပုံကိုကြည့်သူ ပရိသတ်တွင် ထင်မြင်ယုံကြည်လာစေနိုင်ပေသည်။ ထိုမှတစ်ဆင့် ရေနံချေးမီးခွက်များအစား၊ လ

www.burmeseclassic.com



သာမှန်အိမ်များနှင့် သားနားလာ၏။

ထိုခေတ်တွင် ရန်ကုန်မန္တလေးစသော မြို့ကြီးများတွင် လူထုကြည့်ရန် လသာမှန်အိမ်နှင့် ဇာတ်ခုံမြင့်များ၊ တောကား မြို့ကား၊ နန်းတော်ကားစသည့် ကားလိပ်၊ (၃-၄)ကားနှင့် ဇာတ်ခွင် ဇာတ်ရုံများ ပေါ်ပေါက်တိုးတက်လာလေသည်။

ပထမဦးဆုံး ဇာတ်စင်ဇာတ်ခုံထိုး၍ ကပြသော မင်းသားမှာ ဦးဘဆင်ဖြစ်သည်ဟု ပြောကြ၏။

ဇာတ်ခုံဇာတ်စင် ဆောက်လုပ်ပုံမှာ ရုပ်သေးစင်ကဲ့သို့ စင်မြင့်ပင်ဖြစ်သော်လည်း အမြင့်အားဖြင့် နှစ်တောင်သာမြင့် သည်။ ဆိုင်းဝိုင်းနှင့်အညီ ရှိစေရန်ဖြစ်၏။

အမိုးမှာ အမြင့်(၁၂)တောင်၊ အလျားအနံ စတုရန်း (၁၂)တောင် အကျယ်ရှိသည့် အမိုးမိုး၍ ဇာတ်ခုံထိုးသည်။

ဇာတ်အဖွဲ့ဝင်များ နေထိုင်ပြင်ဆင်ရန် (၇)တောင်အကျယ်ကို ဇာတ်ခုံတွင် အစွယ်ချမိုးကာ ထားရှိလေသည်။

ဤဇာတ်စင်များမှာ မူလက လဟာပြင် ဇာတ်စင်များပင် ဖြစ်သည်။ ဇာတ်ခုံဇာတ်စင်ပေါ်၌ အစပထမက လက်ဖက်ရည်ကားဟုခေါ်သော ပန်းချီထည်ကားကို တပ်ဆင်ကာ ပြင်ဆင်ထားလေသည်။

ထိုလက်ဖက်ရည်ကားမှာ လိပ်၍ဆွဲတင်ရသော ကားမဟုတ်ပေ။ မူသေထားသော ကားသာဖြစ်သည်။

ထိုနောက်မှ လိပ်ကားဆွဲကားများ ဖြစ်လာသည်။

မူလက လက်ဘက်ရည်ကားတွင် ကျုံးမြို့ရိုးပုံများကို



ရေး၏။ ထို့နောက် မြိုင်ထနှစ်ပါးသွားအတွက် တောကားတောင် အားများ ရေးလာ၏။

ထို့နောက် ထီးနန်းဆိုင်ရာ ရာဇပလ္လင်ကားများကို ရေးသားလာကြလေသည်။ ဤသို့အားဖြင့် ဇာတ်ခုံဇာတ်စင်၏ အဆင်အပြင်များမှာ တမ်စတစ်ဇ တိုးတက်ပြောင်းလဲလာ၏။

ယင်းသို့ တိုးတက်လာသည့် နောက်ပိုင်း၌ ဇာတ်များကို ရုံပွဲသွင်း၍ ကပြသည့်အလေ့ ပေါ်လာ၏။

ဦးဖိုးစိန်သည် ရှေးဦးစွာ ရုံပွဲကို မန္တလေးမြို့ အိမ်တော်ရာဘုရားအနီး ဘုရားငုတ်တိုအတွင်း ဖျည်ရိုင်စသည်ကာ၍ ကပြခဲ့လေသည်။

ထိုသို့ရုံပွဲသွင်းသည့်အလေ့ ပေါ်လာသည့်အတွက် အမြို့မြို့အရွာရွာတွင် ဇာတ်ပွဲဇာတ်ရုံများ ဆောက်လုပ်ကာ ရုံပွဲသွင်းလာလေသည်။

ထိုသို့ ဇာတ်ရုံများ နိုင်ငံအတွင်း ဆောက်လုပ်လာခဲ့သည့်အချိန်တွင် မြန်မာဇာတ်သဘင် အဆင့်အတန်းကို တိုးချဲ့လိုသော ဇာတ်မင်းသား ဦးဖိုးစိန်သည် အိန္ဒိယသို့ သွားခဲ့၏။

အိန္ဒိယသို့ ရောက်သည့်အခါ ရွက်ထည်ရုံကြီးများကို တွေ့မြင်ရသဖြင့် နှစ်သက်သဘောကျကာ မဒရပ်မြို့မှ ရွက်ထည်ရုံတစ်ရုံအတွက် ငွေ(၃၈၀၀)ကျပ်ပေး၍ မှာယူခဲ့၏။

မန္တလေးမြို့ ရွှေတိုက်ဝင်းအတွင်း၌ ပထမအကြိမ်၍ ရွက်ထည်ရုံဖြင့် ပွဲကပြလေသည်။

ထို့နောက် မြန်မာနိုင်ငံအနှံ့အပြား ဦးဖိုးစိန်ကပြရာ

www.burmeseclassic.com

နေရာတို့၌ ထိုရွက်ထည်ရုံကြီးကိုထိုး၍ ကပြသည်ကို တွေ့မြင်နိုင်ပေသည်။

ထိုသို့ မြန်မာ့ဇာတ်ပွဲဇာတ်ရုံခေတ်သည် တစတစ တိုးတက်လာခဲ့ရာ ယခုအခါ ဇာတ်ရုံကြီးများ၏ အခမ်းအနား အပြင်အဆင်များမှာ ကမ္ဘာအရပ်ရပ်မှ ဇာတ်ပွဲဇာတ်ရုံများကို အတုယူလျက် ဆင်ပြင်ထားရှိကြပေသည်။

ဆိုလည်စသော ဇာတ်စင်နှင့် ဇာတ်ခုံတို့မှာလည်း တိုးတက်လျက် အနောက်နိုင်ငံ ဇာတ်ခုံများ၏ အဆင့်အတန်းကို မှီလျက်ရှိ၏။

ဇာတ်ခုံတွင်လည်း ပန်းချီကားများ ဆန်းကြွယ်စွာ တီထွင်ခြယ်လှယ်လာကြ၏။ မိုးရွာဟန် လေကြီးမိုးကြီးကျဟန် မီးလောင်ဟန်များကို ပြုပြင်ဖန်တီးလာနိုင်ကြ၏။

သို့သော် မြန်မာနိုင်ငံ အရပ်ရပ်၌ အမြဲတမ်းဆောက်လုပ်ထားသော ဇာတ်ပွဲဇာတ်ရုံများကား ရှားလှသည်။ မြို့ကြီးများတွင်သာ ရှိပေသည်။

စစ်ပြီးခေတ်တွင် ဇာတ်ရုံများထက် ရုပ်ရှင်ရုံများက ပို၍ တိုးတက်များပြားလာသည်ကို တွေ့ရ၏။

ယခုအခါ မြန်မာနိုင်ငံ မြို့တိုင်းလိုလို၌ ရုပ်ရှင်ရုံများ ရှိလာပေသည်။ မြန်မာဇာတ်ပွဲများနှင့် ပြဇာတ်များကို ကပြရာ၌ ထို ရုပ်ရှင်ရုံရှိ ဇာတ်စင်ကိုပင် ပြန်လည်ပြုပြင်၍ အသုံးချကြရသည်။ ယခုနောက်ပိုင်းမှာတော့ ဇာတ်ရုံကြီးများကို မတွေ့ရသလောက် နည်းပါးသွားခဲ့ပေပြီ။




အချိန်အခါ မပေးတော့သည်ကတစ်ကြောင်း ဆောက်လုပ်သောစားရိတ် ပြင်ဆင်သောစားရိတ်တို့ ကြီးမြင့်လာသောကြောင့် ဇာတ်ရုံကြီးများကို နေရာတိုင်းမှာ မထိုးနိုင်ကြတော့ပေ။

မြန်မာနိုင်ငံအတွင်း၌ ကျင်းပပြုလုပ်သော ဘုရားပွဲကြီးများလောက်၌သာ ဇာတ်အဖွဲ့ကြီးများဝင်သော ဇာတ်ရုံကြီးများကို တွေ့ရတော့သည်။

ယခုအခါမှာတော့ လူအင်အားများစွာနှင့် ကပြနိုင်ကြသည့် ဇာတ်အဖွဲ့ကြီးများလည်း အတော်ပင် နည်းသွားခဲ့ပေပြီ။


သို့ကြောင့် ရှေးခေတ်ဇာတ်ရုံကြီးများ ဇာတ်ပွဲများ အခြေအနေနှင့် (၁၂)ပွဲဈေးသည်များအကြောင်း သင့်တော်သလောက် ရေးသားဖော်ပြပေးရပေမည်။



ထိုးသတ်လှသည့်မြန်မာဇာတ်ခုံ

www.burmeseclassic.com





ရေးခေတ်မြေပိုင်းဇာတ်အဖွဲ့(အ
မယ်သီတာဇာတ်ကနေပုံ(အော

# အခန်း(၂)

# ပျောက်ဆုံးသွားခဲ့သော အနုပညာ ရသများ

ဇာတ်သဘင်အကြောင်း၊ အငြိမ့်သဘင်များအကြောင်း၊ [illegible]သေးပညာရှင်များအကြောင်း၊ ဆိုင်းပညာရှင့် စသော အနုပညာရှင်များအကြောင်းကို ရေးမည်ပြောမည်ဆိုပါက မန္တလေးမြို့သည် အချက်အချာကျသောနေရာပင် ဖြစ်နေတတ်ပေသည်။

အနုပညာရှင်များအကြောင်း ဇာတ်သဘင်ပညာသည်များအကြောင်းကို ရေးမည်ပြောမည်ဆိုပါက မန္တလေးသည် အ



www.burmeseclassic.com

www.burmeseclassic.com



မိကနေရာမှ ပါဝင်နေတတ်ပေသည်။

အဘယ်ကြောင့်ဆိုသော် အနုပညာရှင်များ အများဆုံး ထွက်သော နေရာဒေသဖြစ်သောကြောင့် ဖြစ်သည်။

ရန်ကုန်မြို့သည် အနုပညာရှင်များစုဝေးရာ အရပ်ဖြစ်သလို အနုပညာနှင့် ပတ်သက်ပြီး စီမံထုတ်လုပ်ရာတွင် အချက်အခြာကျသော နေရာတစ်ခုဖြစ်သော်လည်း အနုပညာရှင်များကတော့ ရန်ကုန်မြို့ခံရန်ကုန်မြို့သား အတော်ပင်နည်းပေသည်။

အများအားဖြင့်တော့ အနယ်နယ်အရပ်ရပ်မှ အနုပညာ ဝါသနာပါသူတို့ ရန်ကုန်မြို့သို့ရောက်လာပြီး မိမိတို့ဝါသနာပါသော အလုပ်များကို လုပ်ကိုင်ကြခြင်းက များလေသည်။

အနုပညာရှင် အတော်များများမှာ နယ်မှဖြစ်ကြသော်လည်း ဧရာဝတီတိုင်းဘက်မှထွက်သော အနုပညာရှင် အတော်များလေသည်။ ဧရာဝတီတိုင်းသည် ရန်ကုန်နှင့် ကူသန်းရောင်းဝယ်မှု အများဆုံးပြုလုပ်သောကြောင့်လည်း ဆက်စပ်မှုများခြင်းဖြစ်သည်။

သို့သော်လည်း စာပေ၊ ဂီတ၊ ရုပ်ရှင် စသော အနုပညာလုပ်ငန်းတို့တွင် ဧရာဝတီတိုင်းဘက်မှ များပြားသော်လည်း ဇာတ်၊ အငြိမ့်စသော သဘင်ပညာရှင်များကတော့ မန္တလေးဘက်မှ အထွက်များကြလေသည်။

"ရွှေမန်း"ဆိုသော ဝိသေသပါလျှင်ပင် ဇာတ်သဘင်အဖွဲ့များအတွက် ခန့်ညားထယ်ဝါမှု ရှိနေသည်ဟု ဂုဏ်ယူကြသည်။





မန္တလေးသည် ဇာတ်သဘင်၊ အငြိမ့်သဘင် ပညာရှင်တို့ အထွက်များသော မြို့တော်မှန်သော်လည်း ဇာတ်သဘင်များ ကပြသော ရက်လစသည်တို့ကတော့ မြစ်ဝကျွန်းပေါ် အရပ်ဒေသများနှင့် မတူပေ။

မြစ်ဝကျွန်းပေါ် အရပ်ဒေသများတွင် မိုးကုန်စရာသီဖြစ်သည့် နတ်တော်၊ ပြာသိုလများရောက်သည်နှင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ဝင်ရောက်ကပြကြလေသည်။

ဦးရှင်ကြီးနတ်ပွဲ၊ လွတ်လပ်ရေးအောင်ပွဲ၊ တရုတ်ပွဲ၊ ပြည်ထောင်စုပွဲမှစတင်ပြီး ဇာတ်ပွဲအငြိမ့်ပွဲများ အဆက်မပြတ် ဝင်ရောက်ကပြကြသည်။

ထိုပွဲများကတော့ သာမန်ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့များသာ ဝင်ရောက်ကြပြီး နောက်ပိုင်းရောက်တော့မှ ဇာတ်အဖွဲ့ကြီးများ ဝင်ရောက်လာကြလေသည်။

လွတ်လပ်ရေးပြီး နောက်ပိုင်းတွင် နာမည်ကြီးလှသော ရွှေကိုးညို၊ စိန်မာဒင်၊ စိန်အောင်မင်း၊ ရွှေမန်းတင်မောင်၊ စိန်မဟာသဘင်၊ မြို့တော်သိန်းအောင် စသော ဇာတ်အဖွဲ့ကြီးများ ဝင်ရောက်ကပြကြလေသည်။

မြစ်ဝကျွန်းပေါ် အရပ်ဒေသများမှာ မိုးများသော အရပ်ဒေသများဖြစ်သဖြင့် နှစ်စဉ် နတ်တော်ပြာသိုလမှစတင်ပြီး တစ်ဇာတ်ပြီးတစ်ဇာတ်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ ဝင်ရောက်ကပြကြလေရာ မိုးဦး နယုန်လရောက်သည်နှင့် ဇာတ်ရုံများဖျက်ကာ ဇာတ်ပွဲများ ကပြခြင်းကို ရပ်နားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုရာသီရောက်တော့မှ မန္တလေးမြို့တွင် ဇာတ်ပွဲများ စတင်လေတော့သည်။ မန္တလေး စသော အလယ်ပိုင်းဒေသ များမှာ မိုးနည်းသော အရပ်ဒေသများ ဖြစ်သောကြောင့် နှစ်စဉ် ဝါဆိုလပြည့်ကျော်မှာပင် စတင်ကြလေသည်။

မြစ်ဝကျွန်းပေါ်မြို့များမှာ မြို့ကွက်ကျဉ်းလှသောကြောင့် တစ်မြို့လျှင် ဇာတ်ရုံတစ်ရုံ၊ နှစ်ရုံထက်ပိုပြီး မဆောက်ကြပေ။

မန္တလေးမြို့ကတော့ မြို့ကွက်ကျယ်လှသောကြောင့် နေ ရာခွဲပြီး ဇာတ်ရုံကြီးများ အပြိုင်အဆိုင်ဆောက်ကာ ဇာတ်ပွဲများ သွင်းကြလေသည်။

ရှေးအခါက မန္တလေးမြို့တွင် ဇာတ်ရုံကြီးများ အပြိုင်အ ဆိုင်ဆောက်ပြီး ဇာတ်ပွဲများ သွင်းကြပုံများမှာ ယခုအခါမှာတော့ လွမ်းမောတမ်းတစရာများအဖြစ်နှင့်သာ ရှိနေတော့သည်။

တရုတ်တန်း၊ လမ်း(၈၀)ပေါ် (၃၁)လမ်းနှင့် (၃၂)လမ်း ကြားမှာ ဇာတ်ရုံတစ်ရုံ (၇၈)လမ်း မျက်ပါးရပ်မှာတစ်ရုံ မြောက် ပြင် (၁၅)လမ်း ထီးရိုးဝင်းမှာတစ်ရုံ ဒေးဝန်း (၃၅)လမ်းမှာတစ်ရုံ အောင်မြေသာစံ မိုးငြိုကွင်းမှာ တစ်ရုံ။

ဘုရားကြီး လေးဆယ့်ငါးတာမှာ နှစ်ရုံပြိုင်ဆောင် ဆောက်ပြီး ဇာတ်ပွဲအငြိမ့်ပွဲများ၊ အပြိုင်အဆိုင် သွင်းကြကပြ ခဲ့ကြလေသည်။

နေရာဒေသ၊ အရပ်ဒေသ မတူကြသော်လည်း ဇာတ်ရုံ ကြီးများ၊ ဆောက်လုပ်ပုံနှင့် ပွဲဈေးတန်းများ ရောင်းချကြပုံတို့မှာ အတူတူပင် ဖြစ်သည်။





မြစ်ဝကျွန်းပေါ်ဒေသများမှာ ကျူဖျာနှင့် ဝါးကပ်များ ပေါသောကြောင့် ဇာတ်ရုံဆောက်သည့်အခါ ဝါးထရံကာပြီး ကျူ ဖျာချပ်များ မိုးကြသည်။

မန္တလေးဘက်မှာတော့ ဝါးကပ်ကာပြီး အချို့ဇာတ်ရုံများ သက်ငယ်မိုးပြီး အချို့ဇာတ်ရုံများကတော့ ဝါးကပ်မိုးကြသည်။

ဇာတ်ရုံအရှည်က (၁၅)ပေခန်း၊ အခန်း(၂၀)အထိ အ ရှည်ထားပြီး အကျယ်က(၆)ခန်း၊ (၇)ခန်းထိ ထားကြသည်။

အလယ်တွင် ကျူဖျာများ ခင်းထားသည်။ ယခင်က တော့ ဖျာတစ်ချပ်လျှင် (၅)ပေပတ်လည် (၆)ပေခန့် ကျယ်ဝန်း သော်လည်း နောက်တော့ တဖြည်းဖြည်း သေးသွားသည်။

ပထမ လူလေးငါးယောက် ချောင်ချောင် ထိုင်နိုင်သော် လည်း . နောက်ပိုင်း သုံးလေးယောက်ပင် အနိုင်နိုင်ထိုင်ကြရ သည်။ ဒူးချထိုင်၍ မရသဖြင့် တစ်ယောက်နှင့်တစ်ယောက် ဒူးချင်းပေါင်တင် ထိုင်ကြရသည်။ ကန်ထရိုက်များ၏ လောဘ ကြောင့် ဖျာမှာ ဖျာနှင့်မတူတော့လောက်အောင် တဖြည်းဖြည်း သေးသွားသောကြောင့် နံပြားနှင့် တူလာတော့သည်။

ဖျာချပ်များတွင် အက္ခရာများ၊ နံပါတ်များ၊ အစဉ်အ တိုင်း သဘော်ဆေးဖြင့် ရေးထားကြသည်။ ဘေးမှာတော့ လူ သွားလာအတွက်ပြုလုပ်ရန် မင်းလမ်း ထားပေးသည်။

မင်းလမ်းဘေး တစ်ဖက်တစ်ချက်နှင့် ဟိုနောက်ဘက် ဘေးတော့ ခုံနီဖြင့်စတပ်ထားသည့် ပက်လက်ကုထားထိုင်ခုံ များ ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်းထားသော ဖျာများတို့ ပက်လက်ကုလားထိုင်တွေ
တ (၁)ပုံသဏ္ဍာန်ဖြင့် ပတ်ဝိုင်းထားလေသည်။

ဇာတ်ရုံအတွင်းမှာ ဖျာနှင့် ကုလားထိုင်တို့က ဝင်ပေါက်
နားအထိ နေရာယူထားကြသည်။ ဖျာလည်းမဝယ် ကုလားထိုင်
လည်း မဝယ်ပဲ ခဏတာဖြတ် ဝင်ကြည့်ကြသူတို့ကတော့ ကုလား
ထိုင်များချထားသော နောက်ဘက်မှ မတ်တပ်ရပ်ကြည့်ကြ
သည်။ အသံသာကြားရပြီး မမြင်ရ၊ ရုပ်ကို ဝိုးတဝါး မြင်ရသော်
လည်း အသံမကြားရသော နေရာများဖြစ်သည်။

ရုံထဲမှာတပ်ထားသော အသံချဲ့စက်များက အလယ်
လူများကြားရအောင် လှည့်ပေးထားသဖြင့် ဘေးဘက်မှ ကြည့်
သူများ အသံမကြားရ။ ကြားရသော်လည်း မသဲကွဲပေ။

တိုင်ဖုံးများ ကွယ်နေသောကြောင့် ဇာတ်မင်းသား၊ မင်း
သမီးတို့ကို မြင်ရတစ်ချက်၊ မမြင်ရတစ်ချက် ရှိနေတတ်သည်။

ဒါက နံဘေးမှကြည့်သောသူတို့၏ ဒုက္ခဖြစ်သည်။

နောက်ဘက်မှ ကြည့်တော့လည်း (၁၀)ခန်း၊ (၁၂)ခန်း
ကျော်လောက် ဝေးသောကြောင့် အသံကြားရသော်လည်း ရုပ်
သဲကွဲတော့ပေ။

ကျွန်ုပ်တို့ ငယ်ရွယ်စဉ်ကာလက ရန်ကုန်မြို့တွင် ဇာတ်
ပွဲကြီးများ အပြိုင်အဆိုင် ကပြသည်ကို ကြည့်ရှုခဲ့ရဖူးပေသည်။

နှစ်စဉ် ဖေဖော်ဝါရီလရောက်လျှင် ကျိုက္ကဆံကွင်းကြီး
ထဲတွင် ဇာတ်ပွဲကြီးများ အပြိုင်အဆိုင် ဝင်ရောက်ကပြကြလေ
သည်။





ပြည်ထောင်စုနေ့ ပွဲတော်ရက်မတိုင်ခင်ရက်မှ စတင်
ခဲ့ပြီး ပွဲတော်ရက် ကျော်လွန်သွားသည်အထိ ရက်ရှည်ကပြ
ကြသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဧည့်ပရိ
သတ်တို့ကလည်း ကျိတ်ကျိတ်တိုး စည်ကားလှပေသည်။

စိန်အောင်မင်း၊ ရွှေမန်းသဘောင်၊ မြို့တော်သိန်းအောင်
ဇာတ်အဖွဲ့၊ မိုးဝင်း၊ စိန်မဟာသဘင် စသော ဇာတ်အဖွဲ့ကြီးများ
အပြိုင်အဆိုင် ရုံပြိုင်ဝင်ပြီး ကပြကြလေသည်။

ထိုအချိန်က ဇာတ်ကြီးများ အပြိုင်အဆိုင် ကပြကြသော
နေရာမှာ မန္တလေးမြို့၊ မကွေးမြသလွန် ဘုရားပွဲ၊ ပဲခူးရွှေမော်
ဓော ဘုရားပွဲ၊ သံလျင်ကျိုက်ခေါက်ဘုရားပွဲနှင့် ကျိုက္ကဆံကွင်း
တွင် ပြည်ထောင်စုပွဲလောက်သာ ရှိပေသည်။

ဇာတ်ကြီးများ အပြိုင်ဝင် ကကြပြီဆိုလျှင်တော့ ဇာတ်
အဖွဲ့မန်နေဂျာ ဇာတ်ရုံမန်နေဂျာတို့၏ အရည်အချင်းနှင့် အခန်း
ကဏ္ဍတို့ကလည်း များစွာအရေးပါလှပေသည်။

ဇာတ်ရုံကြီးများ ဟီးထအောင် ဆောက်ထားသော်လည်း
အပြင်အဆင် မကောင်း၍လည်း မဖြစ်၊ ကြော်ငြာမကောင်း၍
လည်းမဖြစ်၊ ဆက်ဆံရေး မကောင်း၍လည်း မဖြစ်ပေ။

နောက်ဆုံး သတင်းစာဂျာနယ်တို့တွင် ဆောင်းပါးရေး
သော စာရေးဆရာတို့ကိုပင် အဆင်ပြေအောင် ကျေနပ်အောင်
သောက်ပေါင်းသင်းထားရသည်။ မေတ္တာလက်မှတ်ပေး၊ ထမင်း
ကျွေး အရက်တိုက်ပြီး အဆင်ပြေအောင် ပေါင်းကြရသည်။

မိမိဇာတ်တစ်ဖွဲ့တည်း ကပြနေလျှင် အရေးကြီးပေ။



www.burmeseclassic.com

www.burmeseclassic.com

ရုံပြင်ဇာတ်ပြင် ကရပြီဆိုလျှင်တော့ ဆောင်းပါးရေးသော စာရေးဆရာတို့၏ အခန်းကဏ္ဍကလည်း အရေးကြီးလေသည်။

မကျေနပ်၍ တစ်ဖက်အဖွဲ့ကို သာသာထိုးထိုး ရေးပေးလိုက်လျှင်တော့ ညရောက်သည်နှင့် ရုံထဲမှာ လူလျော့သွားကာ တစ်ဖက်ရုံမှာ ကျိတ်ကျိတ်တိုးနေပေတော့သည်။

ထို့ကြောင့် ဇာတ်မန်နေဂျာတို့က အားလုံးကိုအဆင်ပြေအောင် ပေါင်းသင်းထားရသည်။

ရှေ့ဆုံးမှာရှိသော V.I.P လက်မှတ်များပေးကာ မျက်နှာချို သွေးထားရသည်။ V.I.P တန်းမှာ ရှေ့ဆုံး၌ ထားပေးရသည်။

ဇာတ်ခုံရှေ့မြေကြီးကို နှစ်ပေခန့်တူးပြီး ဆိုင်းဝိုင်းများထားသည်။ ဆိုင်းကျင်းဟုလည်း ခေါ်ကြသည်။

ဆိုင်းဝိုင်းနှင့်ကပ်လျက် ဖျာတန်းများကတော့ V.I.P အတန်းများပင် ဖြစ်၏။ A.B.C ခွဲထားသည်။

A.Roll, B.Roll, C.Roll ဟု ခေါ်ကြသည်။

ထိုအထူးတန်းများပြီးတော့မှ ဂဏာန်းဖြင့်စသော ဖျာချပ်တန်းများစသည်။ ဖျာတန်းများကိုတော့ တစ်တိုင်၊ နှစ်တိုင်၊ သုံးတိုင် စသည်ဖြင့် ပြောဆိုသတ်မှတ်ကြသည်။

ကိုးတိုင်၊ ဆယ်တိုင် ဆိုလျှင်တော့၊ ရုံပေါက်ဝနှင့် နီးသွားကာ သိပ်မမြင်ရ မကြားရတော့ပေ။

ပွဲကောင်းလျှင် ကောင်းသလို ဘယ်နှရက်စာ၊ ဘယ်နှတိုင်အထိ ဖျာကုန်ပြီဟူသော သတင်းများ လွှင့်လေ့ရှိကြသည်။

ဖျာလက်မှတ်ရောင်းသော ဇယားပေါ်မှာတော့ အထူး





တန်း V.I.P လက်မှတ်နေရာများကတော့ အမြဲတမ်း ကြက်ခြေခတ်ထားရသည်။ ထိုနောက်ဘက်မှာရှိသော အတန်းများကိုသာ ရောင်းချပေးကြသည်။

သို့ရာတွင် အထူးတန်းအပါအဝင် ရှေ့တန်းနေရာများမှာရှိသည့် ဖျာနေရာများကို မှင်နီဖြင့် ကြက်ခြေခတ်ထားသော်လည်း ကန်ထရိုက်၊ ဇာတ်ဆရာ၊ မန်နေဂျာ၊ ဒါရိုက်တာ၊ မင်းသား၊ မင်းသမီး၊ ဆိုင်းဆရာ၊ တီးဝိုင်းဆရာ အပါအဝင် ဇာတ်ထဲမှ အရေးပါသူတစ်ယောက်နှင့် သိကျွမ်းခင်မင်ပါက မှင်နီခြစ်ထားသောလက်မှတ်များ ရနိုင်ကြသည်။

ရှေ့ဆုံးမှာထားသော အေ၊ ဘီ၊ စီ အထူးတန်းလက်မှတ်များက ဇာတ်ဆရာနှင့် ကန်ထရိုက်လက်ထဲ၌သာ ရှိကြလေသည်။

ထိုရှေ့ဆုံးတန်းမှာ နေရာရသူတွေက ရုံခါလျှင် ရှေ့ပေါက်မှ တိုးဝှေ့ဝင်စရာ မလိုပဲ ရုံနောက်ဘက်အပေါက်မှ ဣန္ဒြေမပျက် ဝင်ရောက်နေရာယူနိုင်ကြသည်။

ရုံခါလျှင် အားလုံးအပြင်ထွက်ပေးကြရသည်။ ပြီးမှ ရှေ့ပေါက်မှ ပြန်သွင်းသည်။

လူတစ်ယောက်စာ ဝင်သာရုံချန်ထားပြီး ဝါးလုံးတန်းများ တန်းထားသည်။ လက်မှတ်ခံသူများက ငွေဖလားကြီးများကိုင်ကာ ဝါးလုံးတန်းများပေါ်မှထိုင်ကာ လက်မှတ်သိမ်းသည်။

လက်မှတ်မဝယ်ရသေးလျှင် သင့်တော်သော ငွေကြေးပေးပြီးမှ ဝင်၍ရသည်။ ဝင်ခွင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံခါလျှင် လူအုပ်ကြီးက ရုံပေါက်ဝမှာပင် နေရာယူထား ကြသဖြင့် ကျိတ်ကျိတ်တိုး ဖြစ်နေတော့သည်။

ရုံအတွင်းသို့ စတင်ဝင်ခွင့်ပေးသည်နှင့် သူ့ထက်ငါ အ ရင်ရောက်အောင် တိုးဝှေ့ဝင်ကြရသည်။

သူများထက်အရင် ရုံထဲရောက်မှ မိမိတို့နေရာ အလွယ် တကူ သွားနိုင်မည့်အပြင် ဖျာနီးချင်းတို့၏ ဖျာနယ်နိမိတ် ခိုးခင်း ထားသည်ကိုလည်း ကြိုတင်အကာအကွယ် ပြုလုပ်နိုင်ကြမည် ဖြစ်သည်။

နောက်မှဝင်လျှင်တော့ ဖျာရှိသော်လည်း ဖျာနေရာ ရောက်အောင် ဝင်ရန်မလွယ်တော့သလို. . . ဖျာနေရာလည်း ပျောက်သွားတတ်သည်။

ထို့ပြင် ရုံဝင်လက်မှတ်သာဝယ်ပြီး ဝင်ကြည့်ကြသူများ က မင်းလမ်းစသော လူမရှိသောနေရာများတွင် ဝင်ရောက်နေ ရာယူထားကြသောကြောင့် အသွားအလာ ခက်ခဲလှသည်။

ဇာတ်ရုံဇာတ်ပွဲများအကြောင်းကို သင့်သလောက် ရေး သားဖော်ပြပေးခဲ့ပြီးနောက်တွင် ဇာတ်ပွဲများ ကပြရာနေရာများ ၌ သူမပါလျှင် ပွဲမစည်သော (၁၂)ပွဲဈေးသည်များအကြောင်း ကိုလည်း သင့်တော်သလောက် ရေးသားဖော်ပြပေးရပေဦးမည်။

(၁၂)ပွဲဈေးသည်ဟု ခေါ်သော အကြောင်းကတော့ မြန် မာနိုင်ငံတွင် (၁၂)ရာသီလုံး သူ့ရာသီနှင့်သူ ပွဲလမ်းသဘင်နှင့် ပွဲတော်များ ရှိကြသည်။

ထိုပွဲများကျင်းပသော နေရာတိုင်းတွင် လိုက်လံပြီး ဈေး





ရောင်းချကြသူတို့ကို ၁၂ပွဲဈေးသည်များဟု ခေါ်ဝေါ်ကြခြင်းဖြစ် သည်။

အဝတ်အထည်၊ အသုံးအဆောင်ရောင်းသော ဆိုင်ကြီး များမှစပြီး စက္ကူရုပ်ရောင်းသော ဆိုင်အထိရှိသည်။

ခေါက်ဆွဲကြော်ဆိုင်၊ လဖက်ရည်ဆိုင်ကြီးများမှစပြီး ရေခဲရေရောင်းသူ ဇီးသီးရောင်းသူအထိ ပါဝင်သည်။

များသောအားဖြင့် (၁၂)ပွဲဈေးသည်တို့၏ ဆိုင်များမှာ ရုံဝင်ပေါက်နှင့်တည့်တည့် ဘေးတစ်ဖက်တစ်ချက်၌ ရှိကြလေ သည်။

ဇာတ်ရုံဝင်ပေါက်ဝနှင့်နီးသော နေရာများမှာတော့ ငွေ ကြေးတတ်နိုင်သူတို့ ဖွင့်လှစ်သော ခေါက်ဆွဲကြော်ဆိုင်၊ စား သောက်ဆိုင်၊ လက်ဘက်ရည်နှင့် အအေးရောင်းသောဆိုင် ရေဒီ ယိုအကြော်ဆက် နာရီစသော အသုံးအဆောင်ရောင်းသောဆိုင်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးရောင်းသောဆိုင်၊ ဖျာချောဖျာကြမ်းများ ရောင်းသောဆိုင် အစရှိသဖြင့် အစဉ်အ တိုင်း တန်းစီပြီး ရှိကြသည်။

ထိုထက်ပိုဝေးသွားသော နေရာများမှာတော့ မုန့်ဟင်း ခါး၊ ခေါက်ဆွဲ၊ မုန့်ဆီကြော်၊ ရေမုန့်၊ ကြံရည်ဆိုင်၊ ငါးမုန့်ကြော်၊ အာလူးကြော်၊ နေကြာစေ့၊ ဆီးထုပ်၊ အချဉ်ထုပ်၊ ကွမ်းယာ၊ ဆေးလိပ်ရောင်းသောဆိုင်များ ရှိကြလေသည်။

ဆိုင်နေရာမလိုပဲ ပုံးများ၊ ဗန်းများဖြင့်ရောင်းသော ရေခဲ ရေရောင်းသူ၊ ဆီးသီး၊ ပြောင်းဖူးပြုတ်ရောင်းသော ဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း ပါဝင်လေသည်။

ထိုဆိုင်ကြီးများမှဖွင့်သော သီချင်းသံတို့မှာ ဆူညံ
သော လူအုပ်ကိုကျော်အောင် အသံမြှင့်ပြီး ဖွင့်ပေးကြရသည်
ပွဲထွက်ပြီး ပွဲဈေးတန်းမှာ လူနည်းသွားတော့မှ အသံစဲသွားကြ
လေသည်။

ပွဲဈေးတန်းတွင် အခြားတွေ့နိုင်သော ဈေးသည်များ
တော့ ပူပေါင်းရောင်းသူ၊ အရုပ်ရောင်းသူ၊ သီချင်းစာအုပ်ရောင်း
သူ၊ မင်းသားမင်းသမီး ဓါတ်ပုံကပ်ထားသော ယပ်တောင်ရောင်း
သူ၊ (အချို့ ပြဇာတ်ဇာတ်လမ်းနှင့် သီချင်းများကို စာအုပ်ငယ်
လေးများရိုက်ကာ ရောင်းချကြသည်) ပန်းကုံးများ ရောင်းသူ
ရှိကြသည်။

အချို့ ဈေးသည်များမှာ ပွဲကန်ထရိုက်နှင့် နားလည်
ယူပြီး ပွဲမထွက်ခင် ပွဲခင်းထဲအထိ ဝင်ရောက်ရောင်းချကြသည်
ဖိုလူအပေါ်ကကျော်၊ ဒီလူအပေါ်က ခွလျှောက်နှ
သူတို့ကပို့ပြီး အရောင်းအဝယ် ဖြစ်ကြသည်။

လူပေါင်းများစွာဖြင့် တိုးဝှေ့နေရသော ဇာတ်ပွဲအငြိမ့်
များကို တကူးတက သွားရောက် မကြည့်ဖြစ်ကြတော့ပဲ ကိုယ့်
အိမ်မှာပင် ကိုယ်ကြည့်ချင်သောဇာတ်လမ်းကို စက်ဖွင့်ပြီး ကြည့်
ရှုကြလေသည်။

ဇာတ်သဘင်၊ အငြိမ့်၊ ရုပ်သေးစသော အနုပညာလုပ်
ငန်းများ တဖြည်းဖြည်း မှေးမှိန်ခဲ့ရပြီးနောက် ယခုနောက်ဆုံး
မှေးမှိန်လာသော အနုပညာမှာ ‘စာပေ’ပင် ဖြစ်တော့သည်။



အိုင်တီခေတ်ရောက်တော့ အတော်များများ၊ ကွန်ပျူ
တာ၊ တယ်လီဖုန်းတို့နှင့် မျက်နှာချင်းဆိုင်နေသောကြောင့် စာ
ဖတ်ရန် အချိန်မပေးနိုင်ကြတော့ပေ။

မတတ်နိုင်တော့. . . ခေတ်ကာလ ရေစီးကြောင်း၏
သယ်ဆောင်ရာအတိုင်း မျောပါကြရုံသာ ရှိပေတော့သည်။

စိတ်ထဲမှာတော့ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်
အချိန်ကာလလောက်က ရှိခဲ့ဖူးသော ရုပ်ရှင်ဇာတ်ကားကြီးများ၊
ဇာတ်ပွဲအငြိမ့်ပွဲကြီးများအကြောင်း၊ အနုပညာမြောက်သော
စာပေလက်ရာများအကြောင်းကို ပြန်လည်သတိရနေမိဆဲပင်၊

သို့သော်. . ရှိစေတော့. . ။

ရှိပါစေတော့လေ. . ။



အမိုးမဲ့ကာလပုံ မြန်မာ့မြူဝိုင်းဇာတ်

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၃)

# ကျွတ်တစ်သိုက်နှင့် မုဆိုးမိုက်အကြောင်း

ရှေ့အခန်းများ၌ ဖော်ပြခဲ့သော အကြောင်းအရာများမှာ မြို့ကြီးပြကြီးများ၌ ကျင်းပသော ဇာတ်ပွဲများအကြောင်းပင် ဖြစ်ပေသည်။ ထိုကဲ့သို့ပင် . ကျေးလက်တောရွာများ၊ နယ်မြို့များ၌ ကျင်းပသော ဘုရားပွဲ စသည်တို့၌လည်း ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲ၊ ဆိုင်းပွဲများ ထည့်သွင်းကာ ပျော်ပွဲရွှင်ပွဲများအဖြစ် ကျင်းပပြုလုပ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲများကို တောဘုရားပွဲများဟု ခေါ်ဝေါ်ကြသည်။ မြို့ငယ်ကလေးများတွင် ကျင်းပသော ဘုရားပွဲကို နယ်ဘုရားပွဲ၊ ကျေးလက်တောရွာများတွင် ကျင်းပကြသော ဘုရားပွဲများကို တောဘုရားပွဲများဟု ခေါ်ဝေါ်ကြသည်။ နယ်မြို့များ၌ ရှိသည် ဆိုသော်လည်း အစိုးရက ပြန်တမ်းထဲတွင် ထည့်သွင်းဖော်ပြပေးရသော ဂေဇက်ဝင်ဘုရားပွဲများလည်း ရှိကြသည်။

ဂေဇက်ဝင်ဘုရားပွဲ ဆိုသည်မှာ အစိုးရက အသိအမှတ်ပြုကာ ကျင်းပပေးရသော ဂေဇက်ဝင်ဘုရားပွဲများကို ဆိုလိုကြခြင်းဖြစ်သည်။

ဂေဇက်ဝင်ဘုရားပွဲတော်များထဲတွင် ထင်ရှားသော ဘုရားပွဲတော်အချို့မှာ ရွှေတိဂုံစေတီဘုရားပွဲတော်၊ ဆူးလေစေတီဘုရားပွဲတော်၊ သံလျင်ကျိုက်ခေါက်ဘုရားပွဲတော်၊ ပဲခူးရွှေမော်ဓောဘုရားပွဲတော်၊ ညောင်ဦးရွှေစည်းခုံဘုရားပွဲတော်၊ မြည်ရွှေဆံတော်ဘုရားပွဲ စသည်တို့မှာ ထင်ရှားသလို များစွာစည်ကားလှသော ဂေဇက်ဝင်ဘုရားပွဲတော်ကြီးများ ဖြစ်ကြလေသည်။ ဂေဇက်ဝင် မဟုတ်စေကာမူ သူ့မြို့နှင့်သူ စည်ကားလှသော ဘုရားပွဲတော်များလည်း ရှိကြလေသည်။

မကွေး မြသလွန်၊ မင်းဘူး ရွှေစက်တော်၊ ရှင်ပင်စကြိန်းတဲ၊ ပခုက္ကူ သီဟိုဠ်ရှင်၊ ပုဂံ အာနန္ဒာ၊ မုံရွာ မိုးညှင်းသမ္ဗုဒ္ဓေ၊ စစ်ကိုင်း ကောင်းမှုတော်၊ ရွှေဘို မြို့ထောင်စေတီ၊ မန္တလေး ကျောက်တော်ကြီး၊ ရွှေစာရံဘုရား၊ မြင်းခြံ နှစ်ကျိပ်ရှစ်ဆူ၊ ပျဉ်းမနား ရန်အောင်မြင်၊ တောင်ငူ ဆံတော်ရှင်နှင့် မြတ်စောညီနောင်၊



ခူး ရွှေသာလျောင်း၊ ခရမ်း သွန်းဘုရားကြီး၊ ပဲခူး ဒေးစွန်းပါ၊ ကျိုက်ထို ကျိုက်ထီးရိုး၊ မော်တင်စွန်းဘုရားပွဲ၊ မော်လမြိုင် ကျိုက်သလ္လံ၊ သထုံ မြသပိတ်၊ နွားလပို့တောင်စေတီ၊ ဇင်းကျိုက်တောင်စေတီ၊ ကောသလတောင်စေတီ၊ အင်းလေး ဖောင်တော်ဦးဘုရားပွဲ၊ အင်းတော်ကြီး ရွှေမဉ္ဇူဘုရားပွဲ၊ လယ်ကိုင်း ကျောင်းဆော်ရာဘုရားပွဲ. . .

စသော ဘုရားပွဲတော်တို့မှာ သူ့မြို့နှင့်သူ သူ့ဒေသနှင့်သူ များစွာစည်ကားလှသော ဘုရားပွဲတော်ကြီးများ ဖြစ်ကြသည်။

အချို့ဘုရားပွဲများမှာ ကျေးလက်တောရွာများမှာ ကျင်းပသော ဘုရားပွဲများ ဖြစ်ကြလေသည်။ ထိုဘုရားပွဲများကိုတော့ တောဘုရားပွဲများဟုပင် ခေါ်ဝေါ်ကြသည်။

ထိုဘုရားပွဲများမှာလည်း မြို့ကြီးပြကြီးများ၌ ကျင်းပသော ဘုရားပွဲများလောက် လူစည်ကားမှု မများသော်လည်း သူ့အရပ် သူ့ဒေသအလျောက်တော့ စည်ကားကြလေသည်။

မြို့ကြီးပြကြီးများတွင် ကျင်းပသည့် ဘုရားပွဲများတွင် နာမည်ကျော် ဇာတ်ကြီးများ ဝင်ရောက်ကပြကြသော်လည်း နယ်ဘုရားပွဲ၊ တောဘုရားပွဲများမှာတော့ ဇာတ်လတ်၊ ဇာတ်သေးများ၊ အငြိမ့်အဖွဲ့များလောက်သာ ဝင်ရောက်ကပြကြသည်က များလေသည်။

ဘုရားပွဲတော်များတွင် ဝင်ရောက်ကပြကြသော ဇာတ်အဖွဲ့များမှာ ရှေးအခါက နောက်ပိုင်းဇာတ်ထုပ်ကို အသားပေးပြီး ကပြကြရာ ၎င်းတို့ ပိုင်နိုင်စွာ ကပြနိုင်သော ဇာတ်ထုပ်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဇာတ်မင်းသားအပေါ်မှာလည်း စိုသေသပြုကြလေသည်။

ဘုရားဒကာကြီး ဂရိတ်ဦးဘိုးစိန်ဆိုလျှင် ပဒုကာသလ ဇာတ် ကပြရာ၌သော်လည်းကောင်း၊ ဆင်ကဲဘို့မယ် ဇာတ်ကရာတွင်သော်လည်းကောင်း များစွာပိုင်နိုင်လှပေရာ ကပြသည့်အခါတိုင်း လူကြိုက်များလှသည်။

"အကြံခက်လေသနော်၊ သံလျက်တော်ယူသည့် သူခိုးကိုလ အမျိုးကို ထုတ်ဖော်ပြောရမှာဖြင့် ခါးကုတ်ပေါ်မှာဝဲ. . သူခိုးကလည်း မျက်နှာကြီးပေမို့. . ."

အသံဝါကြီးနှင့် ရင်ဘတ်ကို ထု၍ထု၍ငိုလျှင် ကြည့်နေသူများ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။

ဆင်ကဲဘို့မယ် ဇာတ်ကရာမှာလည်း. . .

"ဒွေးနှစ်ဖော် ညီဝါညီစဉ်က မပြေးသော် ကန်ရာရှိနိုင်ပါ့မလား၊ တန်ပါအမိ မဘို့မယ်"

ဟူ၍လည်းကောင်း. . .

မင်းကုသနှင့် ပပဝတီဇာတ် ကပြရာမှာလည်း

"လျှာအရင်းကလေးများမြက်အောင် ဘာဟင်းကလေးများ ချက်ရပ့ါမယ် ပပရယ်"

ဟု သနားစဖွယ် ပြောဆိုမြည်တမ်းပုံများကို ကြည့်ရှုသူ မရိသတ်များက များစွာနှစ်သက်သဘောကျကြလေသည်။

မင်္ဂလာ ဦးအောင်မောင်းကျတော့ ခြေထိုးကောင်းသလို့. (အခြားသူများ သွေးကွဲအောင် ခြေထိုးစကား ပြောတတ်ခြင်း မဟုတ်ပါ။ မင်းသားကရာတွင် ခြေထိုးပြီး အကကောင်း





သဖြင့် 'အောင်မောင်းခြေထိုး'ဟု ပြောစမှတ် တွင်ခဲ့ခြင်းဖြစ်သည်။)

ဇာတ်ထုပ်အခင်းအကျင်းလည်း အတော်ပင် ကောင်းလှသည်။ ဦးအောင်မောင်း ပိုင်နိုင်သော ဇာတ်ထုပ်နှစ်ထုပ်မှာ ရှင်မွေးလွန်း မင်းနန္ဒာဇာတ်နှင့် ပန်းပဲမောင်တင့်တယ် ဇာတ်ထုပ်တို့ပင် ဖြစ်ကြလေသည်။

ပန်းပဲမောင်တင့်တယ် ဇာတ်ထုပ်၌. . .

"အင်း. . သတိမမူတော့ ဂူမမြင်တဲ့၊ သတိမူတော့ မြူမြင်ဆိုတဲ့ စကားလိုပဲ ကျုပ်ကသာ နှမလေးတွေ လာမကြိုလို့ ခေါ်နေတာ့၊ အလို ကြည့်စမ်းပါဗျာ၊ ဒီညောင်ပင်အောက်မှာ ကျုပ်နှမလေးတွေ ဇယ်တောက်ကစားနေကျ ကျင်းကလေးတွေ ပန်းကလေးတွေ ပို့နေတယ်ဗျ၊ ဒါကိုထောက်ရင် ကျုပ်နှမလေးတွေ ဒီနေရာကိုမရောက်ကြတာ လေးငါးရက်လောက်တော့ ရှိပြီ ထင်ပါရဲ့ဗျာ"

ရင်ဆို့နေသောအသံကြီးဖြင့် မြည်တမ်းလိုက်လျှင် ပွဲကြည့်သူအားလုံး မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရလေသည်။

ဒါက ပွဲကြည့်ရင်းနှင့် ခံစားရသော ရသများပင် ဖြစ်ကြသည်။ ယခု မရနိုင်ကြတော့ပေ။

တီဗီမှလာသော ကိုရီးယားဇာတ်လမ်းထဲမှာ မင်းသားမင်းသမီး ကွဲကြသည်ကိုကြည့်ပြီး မျက်ရည်ဝိုင်းချင်ဝိုင်းမည်။ နောက်ပိုင်း ဇာတ်ထုပ်များကြည့်ပြီး မျက်ရည်ကျစရာတော့



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပေ။ နောက်ပိုင်း ဇာတ်ထုပ်ကောင်းကောင်းကပြသော ဇာတ်အဖွဲ့လည်း မရှိသလောက် နည်းသွားခဲ့ပေပြီ။

ထိုကဲ့သို့ပင် ဇာတ်အဖွဲ့ကြီးများ လာရောက်ကပြကြသည့်အခါ ဇာတ်မင်းသားကြီးများမှာ ၎င်းတို့ပိုင်နိုင်သော ဇာတ်ထုပ်များကို ကပြကြသည်။

ဦးဖိုးစိန် မင်းကုသနှင့် ပဒုကုသလဇာတ်၊ ရွှေကိုးညိုက သဒ္ဒါသုမနဇာတ်၊ ဦးအောင်မောင်းက မန်းဘဲမောင်တင့်တယ်ဇာတ်နှင့် ရှင်မွေးလွန်း မင်းနန္ဒာဇာတ်၊ စိန်အောင်မင်းက ချင်းဖဝေးဇာတ်၊ ရွှေမန်းတင်မောင်က လက်ဝဲသုန္ဒရဇာတ်နှင့် နောက်ပိုင်း မဟာဗုဒ္ဓဝင်ဇာတ်များ ကပြလျှင် နာမည်ကြီးပြီး လူကြိုက်များလှပေသည်။

နောက်ပိုင်း ဇာတ်အဖွဲ့များတွင် ရွှေမန်းကျော်အောင်ကပြသော မေခါဝီဇာတ်၊ ပန်တျာကြည်လင်၏ ကိုဘုန်းကြွယ်မမြစိမ်းဇာတ်တို့မှာ လူကြိုက်များလှသော နောက်ပိုင်းဇာတ်ထုပ်များ ဖြစ်ကြလေသည်။

မြို့ဘုရားပွဲ၊ နယ်ဘုရားပွဲ တောဘုရားပွဲများတွင် ကပြသော ဇာတ်အဖွဲ့များ၊ ဇာတ်မင်းသားများအကြောင်းကို ရေးသားဖော်ပြပေးပြီးနောက် (၁၂)ပွဲ ဈေးသည်များအကြောင်းကိုလည်း ဆက်လက်ရေးသားရပေဦးမည်။

ရှေ့ပိုင်းတွင် မြို့ကြီးများတွင် ကပြသော ဇာတ်ပွဲကြီးများတွင် လာရောက်ရောင်းချသော ကုန်ပစ္စည်းများအကြောင်းကို သင့်တင့်သလောက် ဖော်ပြပေးခဲ့ပြီးပြီမို့ ယခုအခါ နယ်ဘုရားပွဲ၊





တောဘုရားပွဲများတွင် လှည့်လည်ရောင်းချသော (၁၂)ပွဲဈေးသည်တို့၏ ကုန်ပစ္စည်းတို့ကို ဖော်ပြပေးပါမည်။

အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်း ရောင်းချရာမှာတော့ ကွာခြားမှုမရှိသော်လည်း ဒေသထွက် ပစ္စည်းများရောင်းချရာမှာတော့ ဒေသအလိုက် ကွာခြားမှုရှိလေသည်။

ဥပမာ ပင်လယ်ကမ်းခြေနှင့်နီးသော မော်တင်စွန်းဘုရားပွဲသို့သွားလျှင် ပုဇွန်ခြောက်၊ ငါးခြောက်စသော ဒေသထွက်ကုန်ပစ္စည်းများ ဝယ်ယူရနိုင်ကြပေသည်။

အထက်အညာဘက်မှ ဘုရားပွဲများသွားလျှင်တော့ . ငါးဆီ၊ ထန်းလျက်၊ ဆန်ကော၊ ဆန်ကာ၊ တောင်း၊ ခမောက်၊ ဒွန်တုံး၊ ထွန်တံ၊ ထမ်းပိုး၊ ကြိုး၊ လှည်းဘီး၊ လှည်းပတ်သံ၊ ဓား၊ တွမ်းညှပ်၊ ကပ်ကြေးစသော ဒေသထွက်ကုန်ပစ္စည်းများ၊ ဦးစားပေးရောင်းချကြသည်။

ရှမ်းပြည်နယ်ဘက်နီးသော နေရာများရောက်တော့ သက်ဖက်လက်ဘက်ခြောက် စသည်တို့အပြင် ပဲမျိုးစုံနှင့် ပဲပုတ်သည်တို့ကိုပါ ရနိုင်ကြသည်။

အချို့သီခေါင်လှသောနေရာများမှာ ပြုလုပ်သော ဘုရားပွဲများ၌ ထူးထူးဆန်းဆန်းပစ္စည်းများ ရောင်းချသည်မျိုးလည်း ရှိသည်။

ကျားစွယ်၊ ကျားသားရေ ကျားသစ်သားရေ ဆင်စွယ်၊ တော်စွယ်၊ ဝက်ဝံသည်းခြေ၊ စပါးကြီးသည်းခြေ၊ ကတိုးအိပ်၊ ခန်းတောက်မြစ်၊ မချစ်ဥ၊ သူယောင်ဥ၊ ဂမုန်းပင်အမျိုးမျိုး၊ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ပင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်နေသော ကျောက်တုံးများ သစ်ပင်များ၊ ကြိုးသွေး၊ ကျောက်သွေး၊ မသေဆေးပင်၊ အဆိပ် ပြေဆေးပင်များအပြင် ကျပ်များသေသောအခါထည့်သည့် ကျပ် ခေါင်းတလားများကို ရောင်းချကြသည်မျိုးလည်း တွေ့ရဖူးသည်။

(ကျတ်များအသုံးပြုသော ခေါင်းတလားတို့မှာ ကလေး များဆော့ကစားသော သေတ္တာခွက်အရွယ်သာသာမျှသာရှိပြီး သေးငယ်လှသည်။ သစ်သားကို ခေါင်းသဏ္ဍာန်ဖြစ်အောင် ထွင်း ထုထားခြင်းမျိုးဖြစ်သည်။)

ထို့ပြင် တောတောင်များနှင့် နီးသောရွာများတွင် ဇာတ် ပွဲအငြိမ့်ပွဲများ ထည့်သွင်းသဖြင့် ပွဲဈေးရောင်းချသူတို့လာရောက် ၍ ဈေးရောင်းသောအခါ ဈေးဝယ်လာတတ်သော ကျတ်များ နှင့်လည်း တွေ့ကြုံရတတ်သည်။

တောတောင်နှင့်နီးသော ရွာများတွင် ပွဲဈေးရှိပါက ဒေ သခံတို့က အစားအသောက်များကို ဦးစားပေး ရောင်းချကြ သည်။ အောက်နယ်ဘက်၊ ငါး၊ ပုဇွန်ပေါသော အရပ်ဒေသတို့ တွင် မုန့်ဟင်းခါး၊ ခေါက်ဆွဲစသောမုန့်များ၊ ဆန်၊ ကောက်ညှင်း ထန်းလျက်ဖြင့်ပြုလုပ်သော မုန့်အမျိုးမျိုးတို့ကို လာရောက်ရောင်း ချကြသည်။

အချို့လည်း တောထဲမှရသော သားကောင်များကို သော်လည်းကောင်း၊ နွားဝက်စသည်တို့ကို သတ်ဖြတ်စားသော အခါမှ ပိုလျှံသောအသားတို့ကို အချဉ်ထည့်၍သော်လည်း ကောင်း၊ အခြောက်လှမ်းထား၍သော်လည်းကောင်း၊ ကျစ်တင်





၍သော်လည်းကောင်း ပြုလုပ်ထားကြပြီး ပွဲဈေးများနှင့် ကြုံ ကြိုက်ပါက တကူးတက လာရောက်ရောင်းချကြသည်။

ထိုသို့ရောင်းချရာမှ ရသောငွေများဖြင့် အလိုရှိသော ကုန်ပစ္စည်းများကို ဝယ်ယူပြီး ပြန်ကြသည်။

အစားအသောက်နှင့် အမဲချဉ်၊ အမဲခြောက်ရောင်း သောဆိုင်များသို့ တောထဲမှာရှိကြသော ကျတ်များက လာ ရောက်ပြီး ဝယ်ယူစားသောက်ကြသည်။

၎င်းတို့က လူအသွင်အပြင်ဖြင့် လာရောက်ကြပြီး ငွေ အပြီးစသော ငွေများပေးပြီး ဝယ်ယူစားသောက်ကြသဖြင့် ဈေး ရောင်းသူတို့က ရုတ်တရက် မသိနိုင်ကြပေ။

အချိန်အတော်ကြာတော့မှ ကျတ်များပေးသွားခဲ့သော ငွေများမှာ ခဲဒင်္ဂါးများ၊ ငွေအမှားများ ဖြစ်နေတတ်ခြင်း၊ သစ်ရွက်များ ဖြစ်နေခြင်းများကို တွေ့ကြရသည်။

မသိသဖြင့် ဘာမှမတတ်နိုင်ကြပေ။

နောက်ပိုင်း သိလာသောအခါမှာတော့ နံဘေးနားမှာ ရေဇလုံတစ်ခု အသင့်ချထားသည်။

ပစ္စည်းဝယ်သူက ငွေပေးသောအခါ ထိုငွေကို ရေထဲချ ကြည့်သည်။ ကျောက်ပျဉ်ပေါ် ချကြည့်သည်။

ငွေအဖြစ်နေပါက အသံမထွက်ပေ။

ငွေစက္ကူအစစ်မဟုတ်ပါက ရေထဲချလိုက်သည်နှင့် သစ်ရွက်ဘဝသို့ ပြောင်းသွားတတ်ပေသည်။

ထိုသို့သိသဖြင့် ကြည့်လိုက်သောအခါ ပစ္စည်းဝယ်သူက



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပေ။ ပစ္စည်းထုပ်ကိုယူကာ ထွက်ပြေးသွားလေသည်။

မတတ်နိုင်တော့ပေ။

အချို့ဈေးသည်များကတော့ မကြာခဏ ခံနေရသော ကြောင့် မထူးဆန်းတော့ပေ။ ထိုကဲ့သို့ ခံလိုက်ရလျှင်. . .

"သူတို့ စားကြသောက်ကြပါစေ"

ဟုသာ ခွင့်လွှတ်ပေးတတ်ကြလေသည်။

တစ်ခါက အောက်အရပ်ဘက်မှာနေသော မုဆိုးတစ် ယောက်သည် တောထဲမှ သားကောင်ရသဖြင့် ပိုလျှံသောအ သားများကို ဒေးစွန်ပါ ဘုရားပွဲဈေးသို့ သွားရောက်ရောင်းချ လေသည်။

ရောင်းနေကျ ဈေးသည်မဟုတ်သောကြောင့် အခြား ဈေးသည်များမရှိသော ဈေးတန်းအစွန်ဘက်မှာပင် တစ် ယောက်တည်း ထိုင်ရောင်းနေလေသည်။

အတန်ကြာတော့ ပွဲဈေးတန်းဘက်မှ မိန်းမသုံးယောက် ထွက်လာပြီး အမဲသားချဉ် လာဝယ်ကြသည်။ ဈေးတည့်သဖြင့် ကျသင့်ငွေကို.ပေးခဲ့ပြီး အမဲသားတွဲများကို အားလုံးယူသွားလေ သည်။

သူတို့ ထွက်သွားပြီး အတော်ဝေးဝေးရောက်သောအခါ မှ ဈေးရောင်းရငွေများကို ရေတွက်ရန်ကြည့်လိုက်ရာ သစ်ရွက် စိမ်းများ ဖြစ်နေသည်ကို မြင်တွေ့ရလေသည်။

"ဟင်. . ဟိုမိန်းမတွေ ငါ့ကိုလိမ်သွားတာပဲ"

ဟုရေရွတ်ကာ အမဲသားခုတ်သောဓားကိုယူပြီး နောက်





မှ ပြေးလိုက်သွားလေသည်။

မဝေးလှသေးသောကြောင့် အမဲသားဝယ်သွားသော မိန်းမသုံးယောက်တို့ကို ချက်ချင်းမီသွားလေသည်။

"ဟေ့. . အမဲသားဖိုးတွေ လာပေးကြ"

သူ့အသံကြားသောအခါ နောက်သို့ တစ်ချက်လှည့် ကြည့်ပြီးနောက် တောထဲဝင်ပြေးကြလေသည်။ အချိန်က ညဦး ပိုင်းအချိန်ပင် ရှိသေးသော်လည်း တောတွင်းမှာတော့ မှောင်နေ ပေပြီ။

ဓားတစ်လက်ကိုင်ကာ ဒေါသတကြီးဖြင့် ပြေးလိုက်လာ သော မုဆိုးခမျာ တောထဲရောက်သွားသောအခါ မိန်းမသုံး ယောက်ကို မတွေ့ရတော့ပေ။

သို့ကြောင့် ဟိုကြည့်ဒီကြည့်နှင့် လိုက်ကြည့်နေစဉ် တောထဲမှ အဘိုးကြီးတစ်ယောက် ထွက်လာလေသည်။

"အချိန်မတော်မှ ဘာတွေလိုက်ရှာနေတာလဲ မောင်ရင်"

"ကျုပ်ရောင်းတဲ့ အမဲသားတွေကို ပိုက်ဆံမပေးပဲ ယူ ပြေးတဲ့ မိန်းမသုံးယောက်ကို လိုက်ရှာနေတာဗျ၊ ဒီနားမှာ မ တွေ့မိဘူးလား"

"အော်. . သိပြီ. . သိပြီ၊ သူတို့က ကျုပ်တို့နဲ့ သားချင်း တော်ပါဘူး၊ သူတို့ မပေးလည်း ငါပေးပါ့မယ်၊ မဝေးလှပါဘူး၊ ဟိုဘက်နားတင် လိုက်ယူပါ"

ဟုပြောပြီး ခေါ်သွားသဖြင့် နောက်မှလိုက်သွားလေ သည်။ အတန်ကြာတော့ လူသံသူသံ ခွေးဟောင်သံကြားရပြီး

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်တထိန်ထိန်နှင့် ရှိနေသော ရွာတစ်ရွာသို့ ရောက်သွာ
လေသည်။

အဘိုးကြီးက မုဆိုးကို အိမ်တစ်အိမ်သို့ ခေါ်သွားပြီ
နောက် တောင်းပန်ပြောဆိုကာ အမဲသားဖိုးအတွက် ငွေဒင်္ဂါး
ချို့ကို ထုတ်ပေးလေသည်။ ထိုအခါမှ မုဆိုးလည်း ဒေါသပြေ
သွားကာ ကျေနပ်သွားလေတော့သည်။

ထို့နောက်မှာတော့ အဘိုးကြီး ဧည့်ခံကျွေးမွေးသည့်
သော ကွမ်းဆေးလက်ဘက်တို့ကို စားသောက်ပြီး ပြန်ရန်ပြ
လေရာ အဘိုးကြီးက မေးသည်။

"ပြန်တော့မလားကွယ်"

"ပြန်တော့မယ်ဗျာ၊ အခုလို အကူအညီပေးတာ ကျေ
ဇူးတင်ပါတယ်"

"ရပါတယ်ကွာ . ဒါပေမယ့် ဒီတောတွေကကြမ်းတေ
ဒီအချိန်ရောက်မှတော့ တစ်ယောက်တည်း မသွားမလာသ
တော့ဘူး"

"ကျုပ်က မကြောက်တတ်ပါဘူး"

"မကြောက်တတ်ဘူးဆိုတာ ကြောက်စရာနဲ့ မတွေ့
သေးလို့ပါ၊ မင်း ပြန်မယ်ဆိုရင် ဒီရွာက ပွဲကြည့်သွားမယ်သူတွေ
လိုက်သွားပေါ့"

ဟုပြောသဖြင့် စိတ်တထင့်ထင့်ဖြင့် ထိုနေရာမှ ထွ
လာလေသည်။

လမ်းတစ်နေရာရောက်တော့ ရှေ့မှသွားနေသော



အော်သုံးယောက်ကို တွေ့ရသဖြင့် နည်းနည်းတော့ အားရှိသွားမိ
သည်။ ထို့ကြောင့် လှမ်းမေးလိုက်သည်။

"ပွဲဈေးဘက် သွားကြမှာလားဗျို့"

သူ့အသံကြောင့် ရှေ့မှသွားနေသူ သုံးယောက်က ခြေ
လှမ်းတုံ့သွားကာ နောက်သို့ လှည့်ကြည့်ကြသည်။

"အောင်မယ်လေး ဘယ့်နှယ့်မျက်နှာမျိုးတွေပါလိမ့်"

ဟု ထိတ်လန့်စွာ ရေရွတ်လိုက်သည်။

သူ မြင်လိုက်ရသော မျက်နှာမှာ လူမျက်နှာမျိုး မဟုတ်
ပေ။ သရဲသဘက်မျက်နှာမျိုး ဖြစ်နေလေသည်။

ထိုသုံးယောက်က ရှေ့ဆက်မသွားတော့ပဲ နောက်သို့
ပြန်လှည့်လာကြလေရာ ထွေထွေထူးထူး စဉ်းစားမနေဝံ့တော့ပဲ
ခြေဦးတည့်ရာ ထွက်ပြေးရလေတော့သည်။

သူထွက်ပြေးသောအခါ နောက်ဘက်မှ သရဲသဘက်
သုံးကောင်ကလည်း ချက်ချင်းအသွင်ပြောင်းကာ လိုက်လာကြ
လေတော့သည်။

နောက်တစ်နေ့မှာတော့ ပွဲကြည့်ရာမှ ပြန်လာကြသော
ရွာသားအချို့သည် တောစပ်တစ်နေရာ၌ ရုပ်ပျက်ဆင်းပျက်ဖြစ်
ကာ သေဆုံးနေသော မုဆိုးအလောင်းကိုသာ တွေ့ကြရလေ
တော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# ငြှင်းချကောင်းသော ဇာတ်မင်းသား

ဇာတ်သဘင်၊ အငြိမ့်၊ ရုပ်သေးစသော အဖွဲ့များ ဖြေဖျော်ကြသည်ကို ကြည့်ရှုရသူများအဖို့ ရသစုံလင်စွာ ခံစားရရှိကြလေသည်။

ပျော်ရွှင်စရာ၊ ကြည်နူးစရာ၊ ရယ်မောစရာ၊ လွမ်းဆွတ်ကြေကွဲဖွယ်ရာ ရသမျိုးစုံတို့ ရရှိကြပေသည်။

မင်းသား၊ မင်းသမီး စသူတို့ လှပစွာပြင်ဆင်ပြီး ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်သို့ ထွက်လာလျှင် ကြည့်ရှုနေကြသော ပရိသတ်များက နှစ်သက်သဘောကျကြလေသည်။

သို့သော် ကန့်လန့်ကာနောက်ဘက်မှ သူတို့ ဘဝများ ကတော့ အစဉ်သဖြင့် မလှပကြပါချေ။

ဇာတ်ကသောအခါ ပြုံးရွှင်နေရသော်လည်း ရင်ထဲမှာ ပူပန်သောကများ အခက်အခဲ အကျပ်အတည်းများ ရှိသူတွေ ရှိနေကြပေသည်။

အငိုမျက်လုံး အပြုံးမျက်နှာဆိုသော စကားသည် အနုပညာသမားများ၊ သဘင်သည်များဘဝနှင့် များစွာလိုက်ဖက်လှသော စကားပင် ဖြစ်ပေသည်။

လွတ်လပ်ရေးမရခင် အချိန်ကာလက နယ်မြို့များတွင် လှည့်လည်ကပြရာတွင် နာမည်ကြီးလှသော ဇာတ်အဖွဲ့တစ်ဖွဲ့ ရှိခဲ့ဖူးသည်။ ဇာတ်ကြီးတော့ မဟုတ်ပေ. . .။

မင်းသားဦးဆောင်ကသော ဇာတ်လတ်ပင် ဖြစ်သည်။

တိုင်းချစ်ရွှေလင်း ဇာတ်အဖွဲ့ပင်ဖြစ်သည်။

မင်းသားက အသက်(၃၀)ကျော် အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ချောအသံကောင်းသည့်အပြင် အပြောအဆို အမူအယာပါကောင်းလှသဖြင့် ပွဲကပြသော နေရာတိုင်းတွင် ပရိသတ်များ အားပေးမှု များစွာရရှိခဲ့ပေသည်။

နယ်မြို့များ၊ တောနယ်များတွင် ကျင်းပသော ဘုရားပွဲစသော ပွဲတော်များကျင်းပလျှင် တိုင်းချစ်ရွှေလင်း ဇာတ်အဖွဲ့မှပင် ပိုပြီးပွဲစည်သကဲ့သို့ပင် ဖြစ်ကြလေသည်။





တိုင်းချစ်ရွှေလင်း ကပြသော နောက်ပိုင်း ဇာတ်ထုပ်များထဲတွင် မောင်ရင်မောင် မရွှေဥ ဇာတ်ထုပ်မှာ လူကြိုက်များလှလေသည်။

ကိုရင်မောင် နေရာ၌ ကပြသော တိုင်းချစ်ရွှေလင်းကလည်း သူကပြရသော ဇာတ်ကွက်တွင် ပိုင်နိုင်မှုရှိသလို မရွှေဥ နေရာမှ သရုပ်ဆောင်သော မင်းသမီး မြကြာမှုံမှာလည်း အသံကောင်းရုပ်ချော မင်းသမီးတစ်လက် ဖြစ်သောကြောင့် များစွာ လိုက်ဖက်လှလေသည်။

မင်းသမီးမြကြာမှုံမှာ အသက်(၂၅)နှစ်ခန့်သာရှိသေးပြီး အသံလည်းကောင်း၊ ရုပ်ရည်လည်းချောသော လက်ထောက် မင်းသမီးတစ်လက် ဖြစ်ပေသည်။

ခေါင်းဆောင်မင်းသမီးမှာ မြနန်းကြည် ဖြစ်သည်။ မြနန်းကြည်က အသက်(၃၀)အရွယ်ခန့်ရှိပြီး မင်းသား တိုင်းချစ်ရွှေလင်း၏ မိန်းမဖြစ်သည်။

တိုင်းချစ်ရွှေလင်းက အနုပညာကောင်းသော မင်းသားတစ်လက်ဖြစ်သလို ဇာတ်ထဲတွင် မိန်းမပွေရုပ်သူ တစ်ဦးလည်း ဖြစ်သည်။ ဇာတ်ထဲမှ ချောချောလှလှ မိန်းမပျိုလေးများမှာ သူ့စက်ကွင်းနှင့် မလွတ်ကင်းရအောင် ရှိလေသည်။

ထိုအထဲတွင် မြကြာမှုံလည်း အပါအဝင်ဖြစ်သည်။

မြကြာမှုံက ရုပ်ချောသဖြင့် နည်းအမျိုးမျိုးနှင့် ကြံစည်ရာမရနိုင်ပဲ ရှိလေသည်။

မြကြာမှုံကလည်း လိမ်မာပါးနပ်စွာပင် ရှောင်တိမ်းနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မဲခူးတွင် ပွဲကရန်အတွက် ဇာတ်အဖွဲ့သားများနှင့် ဇာတ်ပစ္စည်း ကိရိယာများတင်သောကားက သွားနှင့်လေသည်။

မင်းသားက မြကြာမှုံကိုခေါ်ပြီး နောက်မှ ဂျစ်ကားတစ်စီးဖြင့် သွားလေသည်။ လမ်းတစ်နေရာ ရောက်သောအခါ ကားသမားက ကားပျက်သည်ဟု အကြောင်းပြသဖြင့် အသိအိမ်တစ်အိမ်မှာပင် ဝင်ရောက်နားကြရသည်။

ထိုအိမ်မှာပင် မြကြာမှုံ၏ အပျိုစင်ဘဝ ကြွေလင့်ခဲ့ရပေတော့သည်။ သူမအနေဖြင့် အားကိုးစရာမရှိသော ဘဝမျိုး ဖြစ်သောကြောင့် ဘာမှမတတ်နိုင်တော့ပေ။

နောက်ပိုင်းရောက်တော့ လက်မထပ်သော်လည်း တိုင်းချစ်ရွှေလင်း၏ ဒုတိယမယားဘဝမျိုးဖြင့် နေခဲ့ရသည်။

ထိုအခြေအနေကို မယားကြီးဖြစ်သူ မြနန်းကြည်က မကျေနပ်ပေ။ တိုင်းချစ်ရွှေလင်းအနေဖြင့် ဇာတ်အဖွဲ့မှ မိန်းမပျိုယိမ်းသမကလေးများနှင့် မဟွတ်ကင်းသည်ကို သိသော်လည်း ဥပေက္ခာပြုနေနိုင်ခဲ့သည်။

မြကြာမှုံကျတော့ နေ၍မရတော့ပေ။

အဘယ်ကြောင့်ဆိုသော် . . မြကြာမှုံမှာ အသက်ငယ်ရွယ်ပြီး ရုပ်ချောသူတစ်ယောက် ဖြစ်သောကြောင့်တစ်ကြောင်း မင်းသားကိုယ်တိုင်က သူမကို ဦးစားပေးခြင်း ခံနေရသည်ကတစ်ကြောင်းကြောင့် . . တစ်နေ့ကျလျှင် မယားကြီးရာထူးရေခေါင်းဆောင်မင်းသမီးရာထူးကိုပါ လွှဲပေးရတော့မည့် အခြေ



အနေမျိုးသို့ တစ်စတစ်စ ရောက်ရှိလာခြင်းကြောင့် ဖြစ်ပေသည်။

သို့ကြောင့် မြကြာမှုံကို ဇာတ်အဖွဲ့ထဲမှာ မရှိစေရန် ကြံစည်စိတ်ကူးရပေတော့သည်။

သို့သော်လည်း မင်းသားကိုယ်တိုင်က အရေးပေး၊ နေရာပေးခြင်း ခံနေရသောကြောင့် အခွင့်မသာခဲ့သေးပဲ ရှိနေလေသည်။

တစ်နေ့တော့ မြကြာမှုံက တိုင်းချစ်ရွှေလင်းကို ပြောပြသည်။

"အစ်ကို. . အခု ကျွန်မမှာကိုယ်ဝန်ရှိနေပြီ၊ ကျွန်မကို ဘယ်တော့လက်ထပ်မှာလဲ"

"ဖြေးဖြေးပေါ့ မြလေးရယ်၊ အခုတော့ ပွဲဆက်တွေတာနေလို့ ဘယ်လိုမှ ဒီကိစ္စကို စီစဉ်နိုင်ဦးမယ် မထင်ဘူး"

"ကျွန်မပြောတာက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မင်္ဂလာပွဲမျိုး လုပ်ပေးဖို့ ပူဆာနေတာမဟုတ်ပါဘူး၊ ဇာတ်အဖွဲ့သားတွေကိုပဲ အသိသက်သေအဖြစ်ထားပြီး လင်မယားအဖြစ် အသိအမှတ်ပြုပေးရုံဆို တော်ပါပြီ"

"ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ ဒီလိုလုပ်လို့တော့ ဘယ်သင့်ပါ့မလဲ၊ ဒါထက် မြလေးရဲ့ မိဘတွေ ရှိကြသေးသလား"

"မောင်တစ်ယောက်နဲ့ ညီမလေးတစ်ယောက် ရှိကြတယ်၊ ဒါပေမယ့် သူတို့က နယ်ဘက်မှာ နေကြတယ်၊ ဒါကြောင့် ကျွန်မမှာ အားကိုးစရာ မရှိပါဘူး၊ အစ်ကိုစီစဉ်တာကိုပဲ လက်ခံရ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ"

ဟု မျက်ရည်အဝဲသားဖြင့် ပြောလေသည်။

တိုင်းချစ်ရွှေလင်းကတော့ မြကြာမှုံတွင် ကျောထောက်နောက်ခံ ဆွေမျိုးသားချင်း တောင့်တောင့်တင်းတင်း မရှိမှန်း သိရသဖြင့် စိတ်သက်သာရာ ရသွားလေသည်။

"ဘာမှစိတ်မပူပါနဲ့ မြလေးရယ်၊ အစ်ကိုက မြလေးအပေါ်မှာ တကယ်ချစ်တာပါ။ ဒါကြောင့် တစ်နှစ်တစ်ဝါ ဇာတ်ပွဲရာသီသိမ်းရင် လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ယူပါ့မယ်"

ဟု နှစ်သိမ့်မှု ပေးထားလေသည်။

ထိုဇာတ်အဖွဲ့ထဲတွင် လူကြမ်းမင်းသားတစ်ယောက်လည်း ရှိသေးသည်။ ရုပ်ရည်ခပ်ကြမ်းကြမ်းနှင့် အသက်(၃၀)ကျော် အရွယ်ခန့်ရှိသော 'ပုဏ္ဏကကျောက်အိုး'ဆိုသူ ဖြစ်လေသည်။

ပုဏ္ဏကကျောက်အိုးက တစ်ခုလတ်တစ်ယောက်ဖြစ်ပြီး မြကြာမှုံအား ကြိတ်ပြီးပိုးပန်းနေသူ ဖြစ်သည်။

မြကြာမှုံက သူ့အပေါ် မနှစ်သက်မှန်း သိသော်လည်း တစ်နေ့ကျလျှင် အဆင်ပြေနိုးဖြင့် မျှော်ကိုးနေသူလည်း ဖြစ်သည်။

နောက်တော့ မြကြာမှုံကို မင်းသားက အပိုင်သိမ်းယူလိုက်မှန်းသိသောအခါ စိတ်ထဲမှကြိတ်ကာ ရင်ထုမနာ ဖြစ်နေရလေသည်။

ဤသို့ဖြင့် ရက်လကြာသောအခါ မြကြာမှုံမှာ ကိုယ်ဝန်





ရှိမှန်း သိသာသော အခြေအနေမျိုး ဖြစ်လာလေသည်။

ထိုအခြေအနေကိုမြင်တော့ မြနန်းကြည်ကလည်း မခံချိမခံသာ ဖြစ်နေလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

သူမနှင့် တိုင်းချစ်ရွှေလင်းတို့ လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြသည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အထိ သားသမီး မထွန်းကားသေးပေ။

သို့ကြောင့် မြကြာမှုံမှာ သားသမီးရလာပါက သူ့ထက် ဦးစားပေးခံရမည်ကို စိုးရိမ်ပူပန်နေခြင်း ဖြစ်ပေသည်။

မြကြာမှုံကလည်း ကိုယ်ဝန်ရနေသည် ဆိုသော်လည်း ကချခြင်းကိုတော့ ဆက်လက်ကပြနေရသေးသည်။

တစ်နေ့တော့ မြို့နှင့်ဝေးသော တောဘုရားပွဲတစ်ပွဲတွင် ဇာတ်ဝင်ရလေသည်။

နောက်ဆုံးညတွင် ကနေကျဖြစ်သော 'မောင်ရင်မောင်မရွှေဥ' ဇာတ်ထုပ် ကပြကြလေသည်။

မင်းသားက ကိုရင်မောင်အဖြစ် သရုပ်ဆောင်ရပြီး မင်းသမီး မြကြာမှုံက မရွှေဥအဖြစ် သရုပ်ဆောင်ကာ ကပြကြလေသည်။

ထိုဇာတ်ထုပ်ကပွဲတိုင်း နေရာတိုင်းမှာ ကပြပေးရသော ဇာတ်ထုပ်ဖြစ်သောကြောင့် သူတို့အတွက် မခက်ခဲကြပေ။

ဇာတ်ထုပ်ခင်းသောအခါ မရွှေဥက သစ်ဖောင်ချသွားသော ကိုရင်မောင်ကို လွမ်းဆွတ်သော စကားများ ပြောဆိုပြီး ငိုချရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဇာတ်ထုပ်မှာ မြကြာမှုံ ပိုင်နိုင်သော ဇာတ်ထုပ်ဖြစ်သောကြောင့် အသံကောင်းကောင်း အမူအယာကောင်းကောင်းနှင့် ငိုချင်းချရာ ပွဲကြည့်သူအားလုံး မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။

မိန်းမသားများပင် မဆိုထားနှင့် ယောကျ်ားကြီးများပင် ချောင်းဆိုးချင်သယောင်၊ မီးခိုးငွေ့ မွှန်သယောင်ပြုကာ ဝဲလာသော မျက်ရည်စတို့ကို တို့ဖယ်သုပ်ပစ်ရသည်အထိ အလွမ်းကောင်းသည်။

"ဒီမင်းသမီးက တခြားဇာတ်ထုပ်တွေ ကတာထက် ဒီဇာတ်ထုပ်ကရင် အတော်ကောင်းတယ်"

ဟု ရေရွတ်ပြောဆိုကြရလေသည်။

မယ်ဥလွမ်းခန်းပြီးတော့ တောထဲမှ ကျားထွက်ရသော အခန်း ရောက်လာလေသည်။ ကျားသင်္ကန်း ဝတ်ဆင်ထားသူက ဇာတ်စင်တောင်ဘက်မှ ရှေ့လွှမ်းနောက်ဂျွမ်းပစ်ပြီး ထွက်လာသည်။ ဆိုင်းဝိုင်းက ဗိန်းဗောင်းတီးပေးရသည်။

စောစောက မရွှေဥလွမ်းတာကြည့်ပြီး ဝမ်းနည်းနေသူများပင် ကျားထွက်လာရာသို့ ဦးခေါင်းထောင်ကာ လိုက်ကြည့်ကြရလေသည်။

ဇာတ်စင်ပေါ်မှာ ရှိနေသော မရွှေဥကလည်း ကျားထွက်လာတာ မြင်သောအခါ ကြောက်ရွံ့ထိတ်လန့်သော အမူအယာမျိုး ရောင်တိမ်းဟန် ပြုရလေသည်။

ပွဲကြည့်သူများကလည်း တကယ်မဟုတ်မှန်းသိကြ





သော်လည်း မရွှေဥကို ကျားကိုက်ခံရမှာ စိုးရိမ်နေကြသည်။

သူတို့ စိုးရိမ်သော်လည်း ကျားကိုက်သည့်အခန်းက ပါကိုပါရမည်မှန်း သိကြစေကာမူ သူတို့ချစ်သော မင်းသမီး ဖြစ်သူအား ကျားမဆွဲစေလိုပေ။

မရွှေဥအဖြစ် သရုပ်ဆောင်နေရသော . မြကြာမှုံကလည်း အတော်အသင့်ထွက်စပြုလာသော ဗိုက်ကို လူမမြင်စေရန် ပုဝါရှည်ဖြင့် ဖုံးကွယ်ကာ လူကို စောင်းလိုက်လှည့်လိုက်ဖြင့် ရှောင်တိမ်းဟန် ပြုနေရရှာသည်။

သူမက ပရိသတ်ရှိသောဘက်သို့ တည့်တည့်မလှည့်သောကြောင့်လည်း ကိုယ်ဝန်ရှိနေမှန်း ပရိသတ်က မရိပ်မိကြတော့ပေ။

ခဏကြာတော့ မရွှေဥကို ကိုက်ရမည့်ကျားက သူ့ရွတ်ရသည့် ဇာတ်စာကို ရွတ်လေသည်။

"တောင်တစ်ခွင် တောနက်နက်က ထွက်ခဲ့တဲ့ . . ကိုးဆောင်ကျားမင်းပေပ၊ လည်စင်းသူ မရွှေဥကို အခုမကြာကိုက်အသတ်လိုက်မယ်၊ သူ့ဇာတ်မကြာသိမ်းပေရော့လဟယ်"

ဟု ပြောဆိုရေရွတ်ကာ မင်းသမီး မြကြာမှုံအပေါ်သို့ ခုန်အုပ်ချလိုက်လေတော့သည်။

ထိုသို့ ခုန်အုပ်လိုက်သည်နှင့် . . .

"အောင်မယ်လေး၊ ခန္ဓာစဲ၍ သေပွဲဝင်ရပါပြီရှင်"

ဟု ရေရွတ်ရမည် ဖြစ်သော်လည်း ဒီတစ်ကြိမ်မှာတော့ ဇာတ်စင်ပေါ်မှာ ညီးညူသံပင် မကြားရပဲ မရွှေဥတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကျသွားလေတော့သည်။

ကားလိပ်ချပြီး အခန်းပြောင်းသော်လည်း မြကြာမှုံတင် ယောက်ကတော့ မထနိုင်တော့ပေ။

သို့ကြောင့်. . ဇာတ်စင်နောက်ဖက်သို့ ပွေ့ယူသွားပြီး ကြည့်ကြတော့ လည်ပင်းတစ်နေရာတွင် ကျားစွယ်ရာကဲ့သို့ အပေါက်နှစ်ပေါက် တွေ့ကြရပြီး ထိုနေရာမှ သွေးများစို့ထွက်နေ လေသည်။ မြကြာမှုံတစ်ယောက် အသက်ပျောက်ခဲ့ရပေပြီ။

ထိုအခြေအနေကိုမြင်တော့ မင်းသားတိုင်းချစ်ရွှေလင်း ကိုယ်တိုင် မျက်လုံးပြူးသွားလေတော့သည်။

သို့သော်လည်း သူ့အနေဖြင့် အလောင်းနားမှာပင် ကြာကြာမနေရရှာပဲ နောက်တစ်ခန်းအတွက် ဇာတ်ထွက်ရ ပြင်ရလေသည်။

ထိုညက ကိုရင်မောင်အဖြစ် သရုပ်ဆောင်သော ဇာတ် မင်းသား၏ ငိုချဖ်းချပုံမှာ ကောင်းလွန်းလှသဖြင့် ပရိသတ်များ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။

တိုင်းချစ်ရွှေလင်း ဇာတ်အဖွဲ့က ကြည့်ခဲ့ကြသမျှ ထိုည လွမ်းချင်းချပုံမှာ အသက်ဝင်လှသဖြင့် အကောင်းဆုံး ဖြစ်ပါခေ သည်ဟု ပွဲကြည့်သူအားလုံးက မှတ်ချက်ချကြလေသည်။

နောက်ဆုံးညလည်း ဖြစ်သောကြောင့် ဇာတ်ပွဲသိမ်း သောအခါမှ စင်အနောက်ဘက်တွင် အဝတ်ဖြင့်ဖုံးထားသော မြကြာမှုံအလောင်းကို စစ်ဆေးကြည့်ကြလေသည်။

တစ်ကိုယ်လုံး မည်သည့်ဒဏ်ရာဒဏ်ချက်မျိုးမှ မရှိ





လည်ပင်းတစ်နေရာမှာ ကျားကိုက်သော ဒဏ်ရာကဲ့သို့ နှစ်ပေါက်ကိုသာ တွေ့ကြရသည်။

ထိုနေရာမှ သွေးစို့ကာ စီးကျနေလေသည်။

"ဒါ ဘယ်လိုဖြစ်တာလဲ၊ သူကလည်ပင်းက ဒဏ် ဘယ်လိုကြောင့် ရတာလဲ"

"ကျွန်မအထင် ပြောရရင်တော့ ဒီနေရာတွေက ‌ ကြမ်းတယ်၊ သူ အမှားအယွင်းတစ်ခုခု လုပ်မိလို့ မ ဝင်လာပြီး သတ်သွားတာပဲ ဖြစ်ရမယ်"

ဟု နတ်ကတော်အဖြစ်ကသော အမျိုးသမီးကြ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို တွင်တွင်ဖွာရင်း သည်။

"ခါတိုင်းလည်း ကနေတာပဲဗျာ၊ အခုမှ ဖြစ်ရတာ တာ. . မြို့နဲ့ကလည်း ဝေးတော့ သူ့အလောင်းကို ဘယ်လို ရပါ့မလဲ"

"သူ့မှာ ဆွေမျိုးသားချင်းတွေ မရှိကြဘူးလား၊ သူတို့ကို ကြောင်းကြားရရင် မကောင်းဘူးလား"

"သူ့မှာ အဖေအမေမရှိတော့ဘူး၊ ကျန်တဲ့ ဆွေမျိုးသား တွေကလည်း ဘယ်အရပ်မှာ နေကြမှန်းမသိဘူး"

ထိုအခါ မြနန်းကြည်က ဝင်ပြောလေသည်။

"ကျွန်မတို့မှာ ပွဲကူးစရာ ရှိသေးတယ်၊ ဒီလောက်လည်း ခိန်မစောင့်နိုင်ဘူး၊ ဒီတော့ ဒီအကြောင်းတွေကိုလည်း ဘယ် မသိတာကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ”

“ကျွန်မသဘော ပြောရရင်တော့ ရပ်ရွာက လူကြီး
ကို အကုအညီတောင်းပြီးတော့ ရွာကသုသာန်မှာပဲ မြှုပ်ခဲ့
အကောင်းဆုံးပဲ၊ သူကကိုလည်း ဘယ်သူဘယ်ဝါမှန်း မသိ
ဘယ်ပုံဘယ်နည်း သေရတယ်ဆိုတာလည်း ရွာကလူတွေ
တာ ပိုကောင်းတယ်၊ မင်းသမီးတစ်ယောက် သေသွားတဲ့
တင်းထွက်လာရင် နောက်ပွဲကူးတဲ့နေရာတွေမှာ အခက်အ
တွေ့နိုင်တယ်”

ဟုပြောရာ သူမပြောသည်ကို ဘယ်သူကမှ ကန့်ကွ
ခြင်း မပြုကြတော့ပေ။

ထို့ကြောင့် ရပ်ရွာလူကြီးအချို့ကို အကြောင်းကြား
နောက် ထိုရွာမှ သုသာန်၌ပင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြလေသ
ရပ်ရွာကိုတော့ ဇာတ်အဖွဲ့သားတစ်ယောက် မကော
သောရောဂါဖြင့် ရုတ်တရက် သေဆုံးသွားသည်ဟု ပြောရ
ရွာသားများကလည်း စိတ်မကောင်းဖြစ်ကြရုံမှလွဲပြီး စပ်စပ်
မလုပ်ကြတော့ပေ။

နောက်တော့ တိုင်းချစ်ရွှေလင်းဇာတ်အဖွဲ့လည်း
ခြားတစ်နေရာသို့ ပွဲကူးသွားလေတော့သည်။

နောက်ရက်အနည်းငယ် ကြာသောအခါမှာတော့
အချိန်ရောက်လာလျှင် သွားလာလှုပ်ရှားနေသော မည်းမည်း
သဏ္ဌာန်ကြီးကို ရွာသူရွာသားများ တွေ့ကြရသည်။

အချို့ကတော့ ဇာတ်အဖွဲ့မှ သေပြီး ထိုသုသာန်မှာ





သူမှာ မကျွတ်မလွတ်သောဘဝဖြင့် ခြောက်လှန့်နေသည်
ယူဆကာ ညအချိန်ရောက်လျှင်ပင် မသွားမလာဝံ့ဖြစ်ကြ
သည်။ နောက်ပိုင်းတော့ မတွေ့ကြရတော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်တွင် တိုင်း
ရွှေလင်း ဇာတ်အဖွဲ့မှာလည်း တစ်မြို့ပြီးတစ်မြို့ တစ်နယ်
တစ်နယ် ပွဲကူးကာ လှည့်လည်ကပြကြရာ နောက်ဆုံး ပွဲသိမ်း
ရာသီကဲ့သို့ပင် ရောက်လာကြလေသည်။

၎င်းတို့ နောက်ဆုံးဝင်ရသော ပွဲခွင်မှာ ပဲခူးရွှေမော်ဓော
ဘုရားပွဲတော်ပင်ဖြစ်သည်။ ပဲခူးရွှေမော်ဓော ဘုရားပွဲတော်သည်
ရှည်ကျင်းပသော ဘုရားပွဲတော်လည်း ဖြစ်သည်။

မတ်လမှ ဧပြီလအထိ ကျင်းပကြလေသည်။

ထိုဘုရားပွဲသို့ မြန်မာပြည် တစ်ပြည်လုံးမှာ ရှိကြသော
ဇာတ်အဖွဲ့ကြီးများ အပြိုင်အဆိုင် ဝင်ရောက်ကာ ပြကြသည်။

ထို့ပြင် ဇာတ်လတ်၊ ဇာတ်သေး၊ အငြိမ့်အဖွဲ့များလည်း
တော်သလို ဝင်ရောက်ကပြသည်။ ထိုဘုရားပွဲပြီးလျှင် အချို့
ဇာတ်အဖွဲ့များမှာ ဇာတ်ခေါင်းကွဲကြလေသည်။

လက်ရှိကနေသောဇာတ်နှင့် အလုပ်မလုပ်ချင်သဖြင့်
ထွက်သူကထွက်၊ အသစ်ဝင်သူဝင်နှင့် ဇာတ်သမားများ အလုပ်
သောရာသီလည်း ဖြစ်ပေသည်။

ပဲခူးဘုရားပွဲသို့ တိုင်းချစ်ရွှေလင်းတို့ ဇာတ်အဖွဲ့လည်း
ကြီးများ၌ မဟုတ်စေကာမူ သီးခြားဇာတ်ရုံများ၌ ဝင်ရောက်က
ကြလေသည်။

www.burmeseclassic.com



အနယ်နယ်အရပ်ရပ်မှ လူများစွာ လာရောက်ကြသည
ဘကြောင့် ဇာတ်အဖွဲ့ကြီးများလော့က် လူမပြည့်သေ
ပင့်တော်သလောက်တော့ ရကြလေသည်။

နောက်ဆုံးညမှာတော့ ဗျတ်ဝိဗျတ်တဇာတ်လမ်း
ပြလေသည်။ တိုင်းချစ်ရွှေလင်းက ဗျတ်ဝိနေရာက သရုပ်ဆော
ပြီး၊ လူကြမ်းပုဏ္ဏကကျောက်အိုးက မြို့ဝန်နေရာက သရု
ဆောင်ကြသည်။

မင်းသမီး မြနန်းကြည်က မြို့ဝန်သမီး မအိုဇာနေရာ
သရုပ်ဆောင်ကြလေသည်။

ဗျတ်ဝိမှာ သိဒ္ဓိရှိသော ဇော်ဂျီဖိုဝင်သား စားထားသူ
သဖြင့် ဓားကျိုးလို့ လှံခွေပြီး သတ်၍မသေသူ ဖြစ်လေသည
မြို့ဝန်က ဗျတ်ဝိကို ဥပါယ်တမျဉ်ဖြင့် ရအောင်ဖမ်း
နည်းအမျိုးမျိုးဖြင့် သတ်သော်လည်း မရနိုင်ပဲ အခက်ကြုံရလေ
သည်။

"ဓားနဲ့ထိုး . ဓားကျိုးပါလို့ လှံပါခွေ"

ဟု မင်းသားက ငိုချင်းချသောအခါ ပွဲကြည့်ပရိသတ်
မင်းသားကို ဝရုဏာသက်ကြပြီး မြို့ဝန်အဖြစ် သရုပ်ဆောင်သေ
ပုဏ္ဏကကျောက်အိုးကို မုန်းတီးကြသည်။

ဓားဖြင့်ခုတ်၊ လှံနှင့်ထိုး၍မရသဖြင့် လက်မှိုင်ချရသေ
အခန်းဖွင့် ဇာတ်စင်ပေါ်သို့ ပြောင်းဖူးရိုးများဖြင့် ပစ်ပေါက်
လေသည်။

နောက်ဆုံးတော့ မြို့ဝန်ဖြစ်သူ၏ သမီး မအိုဇာကို



ပါယ်တမျဉ်ဖြင့် ကွမ်းတစ်ယာနှင့် ရေစာမှုတ် ပို့စေတော့မှ ဗျတ်
ဝိစိတ်လျော့ပေးသဖြင့် သတ်၍ရလေသည်။

သတ်သောအခါ မြို့ဝန်ကိုယ်တိုင် လွယ်ထားသောဓား
ကို ထုတ်ပြီး ခုတ်သတ်လေသည်။

"ငါ့လက်ရှိဓားနဲ့ ခုမဆိုင်း၊ ပိုင်းကာချလိုက်မယ်၊ မလွယ်
ဆိုင်းကျကာ အသက်ဆုံးရှာ့လဟယ်"

ပုဏ္ဏကကျောက်အိုးယူလာသောဓားက မြနေအောင်
သွေးထားသော ဌက်ကြီးတောင်ဓားဖြစ်ပြီး မင်းသား၏ လည်
ပင်းကို တကယ်ပင် ခုတ်ပိုင်းချလိုက်ရာ နေရာမှာတင် ပွဲချင်းပြီး
သေဆုံးသွားလေတော့သည်။

ပွဲလည်းပျက်လေတော့သည်။

နောက်တော့ ဇာတ်အဖွဲ့လည်း ပျက်သွားတော့သည်။

ပုဏ္ဏကကျောက်အိုးမှာ သူချစ်သော မင်းသမီး မြကြာမှူ
အတွက် လက်စားချေသွားခဲ့ခြင်းဖြစ်ပြီး ထိုအချိန်မှစပြီး ပျောက်
သွားလေတော့သည်။

ထိုအဖြစ်အပျက်များသည် လွန်ခဲ့သော လေးငါးနှစ်ခန့်
က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အချို့ပင် ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

# မောင်မြတ်ဆွေနှင့် မြသင်းတော့

မြောက်ဥက္ကလာမြို့သစ်ကို မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့သော (၁၉၄၈)ခုနှစ်နောက်ပိုင်း (၁၉၅၉)ခုနှစ်ရောက်တော့မှ စတင်တည်ထောင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဆယ်နှစ်ကျော်ကြာတော့မှ စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

မှတ်တမ်းများအရ (၁၉၅၉)ခုနှစ် ဖေဖော်ဝါရီလ(၂၁)

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့တွင် အိမ်မြေနေရာများ စတင်ချပေးခဲ့ကြသည်။

ထိုကာလမတိုင်ခင်က ထိုနေရာတကြောမှာ လယ်ကွင်းပြင်ကြီးများသာ ရှိပေသည်။ ယခု စည်ကားသောနေရာ တစ်နေရာပင်လျှင် ကွင်းလယ်ခေါင်မှာရှိသော ပြိုပျက်နေသည့် စေတီငုတ်တို အဆင့်သာရှိပေသေးသည်။

ကွင်းလယ်ခေါင်တွင် ပြိုပျက်နေသော အုတ်ပုံအဖြစ်နှင့်သာရှိနေပြီး အပေါ်မှ နုဝဲပင်ကြီးတစ်ပင်က ထီးမိုးထားသကဲ့သို့ မိုးထားလေသည်။

(၁၉၆၀)ပြည့်နှစ်ရောက်သည်အထိ ထိုအခြေအနေအတိုင်းသာ ရှိပေသေးသည်။ ထိုနေရာတကြောမှာတော့ လူနေအိမ်ခြေ မရှိလှဘဲ ဘူတာရုံကလေး အချို့တော့ရှိသည်။

မြို့သစ်မချခင်အချိန်က ကမ္ဘာအေးဘုရားအစွန်၊ တံတားလေးလမ်းဝလောက်သာ မြို့၏နယ်နိမိတ်ရှိသော်လည်း တံတားလေးလမ်းဝမှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပါက ကျေးရွာငယ်ကလေးများနှင့် မျက်စိတဆုံး တမျှော်တခေါ် ရှိနေသော လယ်ကွင်းကျယ်ကြီးများကိုသာ လှမ်းမြင်ရပေသည်။

ထိုအချိန်က မြို့ပတ်ရထားလမ်း၏ အနောက်ဘက်ခြမ်းတွင် . . တံတားကလေး၊ ကျောက်ရေတွင်း၊ တံတားကြီး၊ နန်းပင်စသော ကျေးရွာငယ်ကလေးများသာ ရှိကြလေသည်။

မယ်လမုစေတီသည် ချောင်းစပ်တစ်နေရာမှာရှိသော အုတ်ပုံပျက်မျှသာ ရှိပေသည်။ စေတီပျက်အနီး၌ ငမိုးရိပ်ချောင်းဘက်မှ ခွဲတက်လာသော ချောင်းလက်တက်တစ်ခု ရှိသည်။



နေရာအနှံ့ လမုတောများက ဖုံးအုပ်ထားလေသည်။

နောက်ပိုင်းမြို့သစ်တည်တော့ ချောင်းတိုဖြတ်ပြီး တံတားဆောက်ကြသည်။ တံတားမပြီးခင်က ဘတ်စ်ကားများမှာ ထိုချောင်းကမ်းစပ်၌သာ ဂိတ်ထိုးကြရသည်။

တာဖို့ထားသော လမ်းများကလည်း မြေနီလမ်းများသာဖြစ်သဖြင့် ဘတ်စ်ကားများမောင်းလျှင် အနီရောင်ဖုံမှုန့်များက နောက်မှ အလုံးလိုက် လိုက်လာကြသည်။

ကားရပ်သောအခါ ထိုဖုံလုံးကြီးများက ကားအတွင်းသို့ တိုးဝင်လာရာ ကားစီးသူတို့မှာ တစ်ကိုယ်လုံး အနီရောင်ဖုံများ ကပ်နေသောကြောင့် မူလအရောင်ပင်မမြင်နိုင်လောက်အောင် ဖြစ်သည်။

ထိုအချိန်က ပြေးဆွဲသော ဘတ်စ်ကားများမှာ ယခုခေတ်ကာလကဲ့သို့ နံပတ်များ တပ်ခြင်းမရှိကြဘဲ ဆင်ဖြူ၊ ဆင်မည်း စသောတံဆိပ်တို့သာ ကပ်ထားကြသည်။

(၁၉၅၉)ခုနှစ်နောက်ပိုင်း လူနေအိမ်များ စတင်ပြောင်းရွှေ့လာစဉ်က လယ်ကွင်းထဲတွင် ယာယီဆောက်သောတဲများ၊ အိမ်ငယ်ကလေးများ၊ နေရာအနှံ့တွင် ပုံထားသောပစ္စည်းပုံများကိုသာ တွေ့ကြရသည်။

နေ့ပူပူ ကွင်းခေါင်ခေါင်မှာ အခြေအနေမကျသော အသိမ်းဖြင့် စတင်ပြောင်းရွှေ့ကာ မြောက်ဥက္ကလာမြို့သစ်တို့စတင်တည်ထောင်ခဲ့ကြရခြင်း ဖြစ်သည်။

ထိုအချိန်က ပေ(၄၀×၆၀)မြေတစ်ကွက်ကို တစ်ရာချ

www.burmeseclassic.com



နှစ်ရာတျပ်နှင့် ရောင်းလျှင်ပင် ဝယ်သူမရှိပေ။

ယခုခေတ်ကာလ မြေကွက်ဈေးနှင့် နှိုင်းယှဉ်ကြည့်လျှင်တော့ ယုံနိုင်စရာ မရှိလောက်အောင်ပင်ဖြစ်၏။

အချို့မှာ ပြောင်းရွှေ့ကာစ အချိန်ဖြစ်သောကြောင့် မိမိတို့ရရှိထားသောမြေကွက်ကို အလွယ်တကူရှာဖွေနိုင်ရန်အတွက် ဓါးလှုံးတိုင်များထောင်ကာ ပုဆိုး၊ အဝတ်စများ ချည်ထားကြသည်။

ထိုကဲ့သို့ မြို့သစ်အဖြစ် ရွှေ့ပြောင်းလာကြသော်လည်း အချို့နေရာများတွင် မြေကွက်လွတ်များ ကျန်နေသေးရာ မိုးကျသောအခါ လယ်သမားများက ဝင်ရောက်ကာ လယ်လုပ်ကြသည်။

မြောက်ဥက္ကလာမြို့သစ် မပေါ် ပေါက်မီကပင် ထိုနေရာများတွင် ကျေးရွာငယ် အတော်များများရှိကြလေသည်။

တံတားလေးအပါအဝင် ရေကူး၊ ကျောက်ရေတွင်း၊ တံတားကြီး စသော ကျေးရွာများသည် ရှေးကတည်းက ပေါ် ပေါက်ခဲ့သော ရွာများဖြစ်ကြပြီး ကုန်းဘောင်ခေတ်နှောင်းပိုင်းက ထိုကျေးရွာများအပါအဝင် ရွာပေါင်း(၁၂)ရွာတို့ကို ကြေးထမ်းကြီး ဦးမြို့က အုပ်ချုပ်ခဲ့ရလေသည်။

ထို့ကြောင့် ရေကူး၊ ကျောက်ရေတွင်း၊ တံတားကြီး အနန်းပင် စသော နေရာများမှာ ရှေးခေတ်ကာလကတည်းက တည်ရှိခဲ့ကြပြီး မြောက်ဥက္ကလာ မြို့သစ်စည်ကားလာသောအခါမှာတော့ ရပ်ကွက်ကြီးများ ဖြစ်လာကြသည်။



ယခုမျက်မှောက်ကာလမှာတော့ ထိုနေရာများမှာ အချက်အချာကျသော နေရာများဖြစ်နေခဲ့ကြပေပြီ။

(၁၉၄၈)ခုနှစ်မတိုင်မီ ကာလတစ်ဝိုက်မှာတော့ ထိုနေရာများမှာ လူနေအိမ်အခြေနည်းပါးပြီး တောတောင်ထူထပ်သောနေရာများအဖြစ်နှင့်သာ ရှိကြပေ၏။

မြောက်ဥက္ကလာမြို့သစ်နှင့် နယ်မြေချင်းထိစပ်နေသော တံတားကလေး၊ နာဂလိုဏ်ဂူနှင့် ကမ္ဘာအေးစေတီတော်ရှိသော နေရာများမှာ ရှေးအခါက မြို့နယ်နိမိတ် အစွန်ဆုံးနေရာများဖြစ်ခဲ့ကြသည်။ လူနေအိမ်ခြေနည်းပါးလှပြီး၊ တောင်ကုန်းများ၊ ချိုင့်ဝှမ်းများနှင့် သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့ များစွာထူထပ်လှသည့် နေရာများပင်ဖြစ်ပေသည်။

နာဂလိုဏ်ဂူစေတီတော်ရှိသော နေရာပင်လျှင် ကိုလိုနီခေတ်ကာလအထိ တောချုံများ ဖုံးလွှမ်းနေသဖြင့် လူနေအိမ်ခြေမရှိခဲ့ပေ။

တောင်ဘက်တစ်မိုင်ခွဲခန့်အကွာတွင် တံတားကလေးကျေးရွာရှိပြီး၊ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် ပန်းပင်ကုန်းကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်းရှိလေသည်။

မရမ်းကုန်းမြို့နယ်နှင့် ဆက်စပ်နေသော နေရာများမှာ ကုန်းမြင့်ပေါသော နေရာဖြစ်သဖြင့် အမည်မှည့်ခေါ်ကြရာတွင် အမည်နှင့်တွဲကာ 'ကုန်း'ဟူသော စကားလုံးကို ဝိသေသပြုလျက် မှည့်ခေါ်ကြသည်။

မရမ်းကုန်း၊ ချော်တွင်းကုန်း၊ မင်းဓမ္မကုန်း၊ စော်ဘွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကုန်း၊ စော်ဘွားလေးကုန်း၊ ဆယ်မိုင်ကုန်း၊ ပန်းပင်ကြီးကုန်း၊ ကုန်းမြင့်သာ. . . စသည်တို့ဖြစ်ကြသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများ ကမ္ဘာအေးစေတီတော်မြောက်ဘက်နှင့် အရှေ့ဘက်၌ရှိသော မြောက်ဥက္ကလာပမြို့သစ်နှင့် ဆက်စပ်နေသော နေရာများဘက်တွင် နေထိုင်သူ မများလှသေးပေ။

တောင်ကုန်းများ၊ ချိုင့်ဝှမ်းများနှင့် သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်း ထူထပ်သည့် နေရာမျိုးဖြစ်သဖြင့် ကျေးလက်သဘာဝကို နှစ်သက်ပြီး နားအေးပါးအေး နေချင်သူတို့သာ ထိုနေရာတစ်ဝိုက်တွင် လာရောက်နေထိုင်ကြလေသည်။

နေထိုင်ကြသူတို့မှာလည်း မြေနေရာကို စိတ်ကြိုက်ယူ၍ရသောကြောင့် မြေကွက်ကျယ်ကြီးများဖြင့်၊ ခြံဝန်းကျယ်တို့ဖြင့် သီးသီးသန့်သန့် နေထိုင်ကြသည်က များလေသည်။

တာတားလေးလမ်းဝတစ်ဝိုက်၊ မြို့ပတ်ရထားလမ်းနှင့် နီးသောနေရာတစ်ဝိုက်တွင် ခြံကျယ်ကြီးများဖြင့် နေကြသူများ ရှိကြသည်။

ထိုနေရာများသို့ရောက်အောင် ကမ္ဘာအေးဘုရားလမ်းဘက်မှ လမ်းသွယ်ကလေးများမှ ဝင်ရောက်ကြရပေသည်။

မြို့ပတ်ရထားလမ်းနှင့်နီးပြီး အရှေ့ဘက် မျက်နှာမူထားသောနေရာတွင် ခြံကျယ်ကြီးတစ်ခြံ ရှိလေသည်။

ထိုခြံကြီးကို ပိုင်သူမှာ ဦးဘသိန်းတန်ဆိုသော ကျောင်းဆရာဟောင်းကြီးတစ်ဦးဖြစ်ပြီး. . ထိုခြံဝန်းကြီးထဲတွင် မင်္ဂလာညစာစားပွဲတစ်ခု ကျင်းပနေလေသည်။





ဦးဘသိန်းတန်၏ သားဖြစ်သူ ဒေါက်တာထွန်းအောင်ကျော်မှ လုပ်တူကိုင်ဘက်ဖြစ်သော ဆရာဝန် အမျိုးသမီးတစ်ဦးဖြင့် လက်ထပ်ခဲ့ပြီးဖြစ်ရာ ယခုနေအိမ်တွင် မိတ်ဆွေများကိုဖိတ်ကြားကာ မင်္ဂလာညစာစားပွဲ ကျင်းပခြင်း ဖြစ်ပေသည်။

အချိန်က ညနေစောင်းအချိန်ပင် ဖြစ်သည်။

ဦးဘသိန်းတန်က ကျောင်းဆရာဘဝတစ်လျှောက်လုံး မိတ်ဆွေသင်္ဂဟ ပေါများခဲ့သည့်အပြင် ဒေါက်တာထွန်းအောင်ကျော်ကလည်း အသိမိတ်ဆွေ ပေါများသူ ဖြစ်သောကြောင့် ညစာစားပွဲသို့ လူကုံထံမိတ်ဆွေ အတော်များများပင် လာရောက်ချီးမြှင့်ကြလေသည်။

ညနေပိုင်းအချိန်ရောက်တော့ ညစာစားပွဲရှိရာသို့ ကားတစ်စီး ရောက်လာသည်။ ကားကို သင့်တော်သည့်နေရာတွင် ရပ်ထားခဲ့ပြီးနောက် ကားပေါ်မှ လူနှစ်ယောက် ဆင်းလာကြသည်။

တစ်ယောက်က စုံထောက်ကျော်စွာဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ဒေါက်တာမင်းထင်ကျော်ပင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက်(၃၀)အရွယ် ဝန်းကျင်အရွယ်ခန့်ရှိပြီး သုတေသနလုပ်ငန်းများ၊ ခရီးသွားလာခြင်းလုပ်ငန်းများပို ဝါသနာအရ လုပ်ကိုင်နေသူဖြစ်ပြီး ဒေါက်တာထွန်းအောင်ကျော်နှင့် ခင်မင်ရင်းနှီးသူ ဖြစ်ပေသည်။

သို့ကြောင့် စုံထောက်ကျော်စွာနှင့်နှစ်ယောက် လာရောက်ကြခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ ရောက်သွားသောအချိန်တွင် တီးဝိုင်းမှ စတင် ဖြေဖျော်နေပြီ ဖြစ်၏။

တီးဝိုင်းဟုဆိုသော်လည်း ယခုခေတ်ကာလတွင် အသုံးပြုသော ခေတ်မီကိရိယာများဖြင့် ဖြေဖျော်ပေးသည့် တီးဝိုင်းမျိုး မဟုတ်ပဲ ပတ္တလား၊ တယော၊ နှဲ၊ ပုလွေ၊ ဗုံ စသည်တို့ဖြင့် တီးမှုတ်ဖြေဖျော်သော မြန်မာ့တီးဝိုင်းပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ရောက်သွားသောအခါ ဒေါက်တာထွန်းအောင်ကျော်တို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး ရောက်လာ၍ ကြိုဆိုနှုတ်ဆက်ကာ နေရာချပေးလေသည်။

"ကိုမင်းထင်ကျော်က မြန်မာတေးဂီတတွေကို စိတ်ဝင်စားတဲ့သူဆိုတော့ တီးဝိုင်းနဲ့ နီးတဲ့နေရာမှာပဲ နေရာချပေးပါ့မယ်၊ စားသောက်ရင်းနဲ့ နားထောင်ပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ဘယ်က တီးဝိုင်းအဖွဲ့လဲဗျ"

"တီတားလေးဘက်ကပါပဲ၊ နာမည်ကြီးတဲ့ တီးဝိုင်းတော့ မဟုတ်ပါဘူး၊ ဖေဖေက သဘောကျတာနဲ့ ခေါ်ပြီး ဧည့်ခံခိုင်းတာ"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကို တီးဝိုင်းနှင့်နီးသော စားပွဲတစ်ဝိုင်းတွင် နေရာချပေးလေသည်။

ဒေါက်တာမင်းထင်ကျော်က ရောက်သည်နှင့် တီးမှုတ် သီဆိုနေကြသူများကို လှမ်းကြည့်လိုက်သည်။





စင်ပေါ်တွင် လျှပ်စစ်မီးများ ထွန်းထားသောကြောင့် တီးမှုတ်နေသူများကို ကောင်းစွာ မြင်ရလေသည်။

ပတ္တလားတီးဝိုင်း ဖြစ်သောကြောင့် စင်ပေါ်မှလူများ သော့ မရှိပေ။ ပတ္တလားတီးသူ၊ ကြေးနောင်တီးသူ၊ ဗုံတီးသူ၊ နှဲမှုတ်သူ၊ တယောထိုးသူတို့အပြင် သီချင်းဆိုသော အမျိုးသမီး တစ်ယောက်တို့ ပါသည်။

သီချင်းဆိုသော အမျိုးသမီးက စည်းနှင့်ဝါးကို ကိုယ်တိုင် ကိုင်တီးကာ သီဆိုနေခြင်းဖြစ်၏။

အသက်(၂၀)ကျော် အရွယ်ခန့်ရှိပြီး မြန်မာဆန်ဆန် ချောသရေရှိစွာ ချောမောလှပသူဖြစ်မှန်း မြင်ရုံနှင့်ပင် သိသာသည်။

ပတ္တလားတီးနေသော လူရွယ်မှာ အသက် (၃၀)ကျော် အရွယ်ခန့်ပင် ရှိသေးပြီး ဥပမိရုပ် ကောင်းသူတစ်ဦး ဖြစ်ပေသည်။ ဥပမိရုပ်ကောင်းသလို ပတ္တလားတီးရာမှာလည်း အတော်ပင်ကောင်းသူ ဖြစ်ပေသည်။

သီချင်းဆိုနေသော အမျိုးသမီးနှင့် ပတ္တလားတီးနေသော လူရွယ်တို့ နှစ်ယောက်မှာ အဆိုရောအတီးပါ လိုက်ဖက်မှု ရှိကြသလို တစ်ဦးနှင့်တစ်ဦး အပေးအယူလည်း အတော်ပင်မျှကြလေသည်။

တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိနေကြသဖြင့် သီချင်းသံရော တီးပုံတီးကွက်ပါ ချောမောနေကြခြင်း ဖြစ်သည်။

ထို့အတူ ၎င်းတို့နှစ်ယောက်မှာ ရွှေသွားနေသလိုက်



www.burmeseclassic.com

www.burmeseclassic.com

အတော်ပင် ညီလှပေသည်ဟု ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ တွေးနေမိလေသည်။

စင်ပေါ်မှာ ပတ္တလားက အလယ်နေရာမှာ နေရာယူထားပြီး ညာဘက်တွင် ကြေးနောင်တီးသူရှိသည်။

နှဲမှုတ်သူနှင့် တယောထိုးသည့်သူ နှစ်ယောက်က ဘယ်ဘက်နားတွင် နေရာယူထားသည်။

ခြောက်လုံးပတ်ဗုံတီးသူက အနောက်ဘက်မှာရှိသည်။

သူတို့ နောက်ဘက်မှာတော့ ကတ္တီပါကားချပ်ပေါ်မှာ ရွှေစာလုံးဖြင့် နာမည်ရေးထိုးထားသည်။

"မြချယ်သံ တေးဂီတဝိုင်း"

ဟူ၍ဖြစ်သည်။

အနီရင့်ရောင် ကတ္တီပါကားချပ်ပေါ်မှာ ရွှေစာလုံးဖြင့် ထိုးထားပြီး မီးဆလိုက်ဖြင့်ပါ ထိုးပေးထားသောကြောင့် အရောင်တလက်လက် တောက်ပနေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသော အချိန်တွင် အဆိုရှင်မိန်းကလေးက မင်္ဂလာဧည့်ခံ တေးသီချင်း တစ်ပုဒ်ကို သီဆိုနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စားပွဲပေါ်မှာ လာချပေးထားသော အစားအသောက်များကိုပင် မတို့မထိသေးဘဲ မိန်းကလေးကို စိမ်ပြေနပြေ ကြည့်ရှုရင်းနှင့် တေးဂီတသံများကို အာရုံစိုက်ကာ နားထောင်နေလေသည်။

"ဆရာကြည့်ရတာ အတော်စိတ်ဝင်စားနေပုံရတယ်





ဆိုတဲ့မိန်းကလေးက အသံအတော်လေး ကောင်းတယ်နော်"

ဟု အနားမှာရှိနေသော ကျော်စွာက ပြောသည်။

"ဟုတ်တယ် ကိုကျော်စွာ၊ သူက အသံကောင်းရုံတင် မဟုတ်ဘူး၊ အဆိုပါ ကောင်းတာ၊ ဒီသီချင်းကို တခြားအဆိုတော်တွေဆိုတာ မကြာခဏ ကြားဖူးနေတာပဲ၊ သူ့လို စည်းထိပ် ပိတ်နှင်းပြီး ဆိုနိုင်တဲ့လူမျိုး မတွေ့ဖူးသေးဘူး"

ဟု ပြန်ပြောလိုက်သည်။

"ဆရာပြောတဲ့ စည်းတွေဝါးတွေတော့ ကျွန်တော် သိပ်နားမလည်ပါဘူး၊ ဒါပေမယ့် အဆိုရော တီးတဲ့သူပါ အတော်ကောင်းတာတော့ သိတယ်"

"တချို့အဆိုတော်တွေက အသံကောင်းပေမယ့် အဆိုမကောင်းဘူး၊ တချို့အဆိုတော်တွေကျတော့ အဆိုကောင်းပေမယ့် အသံမကောင်းကြဘူး၊ အဆိုရောအသံရော ကောင်းတဲ့ပါရမီရှင်မျိုးက အတော်ကလေးရှားတယ်"

ထိုသို့ ပြောနေစဉ်မှာ တီးဝိုင်းက နောက်ထပ်သီချင်းများကို ဆက်တိုက်ပင် တီးမှုတ်ဧည့်ခံပေးနေလေသည်။

စုံတောမြိုင်၊ စုံတောမြိုင်ယံ၊ တောနဲ့တောင်စွယ်၊ တောင်သာမာယာ၊ မြိုင်ကြီးဟေမာစသော သီချင်းများကို တစ်ပုဒ်ပြီး တစ်ပုဒ် တီးမှုတ်သီဆို ဧည့်ခံပေးလေသည်။

မင်္ဂလာဧည့်ခံပွဲသို့ လာရောက်ကြသော ဧည့်သည်ပရိသတ်တို့ကလည်း ကိုယ့်ဝိုင်းနှင့်ကိုယ် ကိုယ့်အဖွဲ့နှင့်ကိုယ် ငြိမ်သက်စွာနှင့်ပင် နားထောင်ပေးကြသည်။


www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ သီဆိုတီးမှုတ်သော သီချင်းများမှာ ပတ္တလား တယော စသောတူရိယာများဖြင့် တီးမှုတ်ရာတွင် များစွာလိုက် ဖက်လှသော စောင်းသီချင်းများ ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုစောင်းသီချင်းများ ထဲတွင် 'မြိုင်ကြီးဟောမာ'သီချင်းကို အနှစ်သက်ဆုံး ဖြစ်ပေသည်။ အတီးရောအဆိုပါ မြူးကြွပြီး မြိုင်ဆိုင်လှပေသည်။

မင်္ဂလာဧည့်ခံပွဲ သိမ်းကာနီးတော့ တီးဝိုင်းမှ 'မင်္ဂလာဆု တောင်း'သီချင်းဖြင့် တီးမှုတ်သီဆိုကာ တီးဝိုင်းသိမ်းကြလေ သည်။ ထိုအခါ ဧည့်သည်များလည်း အသီးသီး နေရာမှထကာ ပြန်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း ပြန်ရန် အတွက် နေရာမှထသောအခါ ဒေါက်တာထွန်းအောင်ကျော် တို့နှစ်ယောက် ရောက်လာပြီး နှုတ်ဆက်ကြသည်။

"ပြန်ကြတော့မလား ကိုမင်းထင်ကျော်၊ အခုလိုအလုပ် ကိစ္စတွေ မအားလပ်တဲ့ကြားက လာပြီးအားပေးချီးမြှင့်ကြတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်ဗျာ၊ အချင်းချင်းတွေပဲ ပြောစရာမလိုပါဘူး ဒါပေမယ့် ခင်ဗျားကိုတော့ တစ်ခုလောက် အကူအညီတောင်း ချင်သေးတယ်"

"ဘာများလဲ၊ ဘယ်လို အကူအညီပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော့်ကို ဟိုဆိုင် လောက် တီးဝိုင်းအဖွဲ့သားတွေနဲ့ မိတ်ဆက်ပေးစမ်းပါ"





ထိုစကားကြားတော့ ဒေါက်တာထွန်းအောင်ကျော်မှာ အနည်းငယ် အံ့သြသွားသည့်အမူအယာမျိုး ဖြစ်သွားလေသည်။ သို့သော်လည်း နောက်ထပ် ထွေထွေထူးထူး ထပ်မမေး တော့ ပစ္စည်းများသိမ်းနေသည့် တီးဝိုင်းအဖွဲ့သားများရှိရာသို့ ခေါ်သွားပြီး မိတ်ဆက်ပေးသည်။

ထိုသို့မိတ်ဆက်ပေးပြီး အခြားသူများကို နှုတ်ဆက်ရန် အတွက် နေရာမှထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက် ၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး ပတ္တလားတီးသူနှင့် သီချင်းဆို သော အမျိုးသမီးတို့မှာ များစွာအံ့သြနေကြဟန် ရှိပေသည်။

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်ပါ၊ သူ က ကိုကျော်စွာလို့ ခေါ်ပါတယ်၊ ကျွန်တော်တို့က ခင်ဗျားတို့ တီးတဲ့ဆိုတဲ့ အနုပညာကို သဘောကျလို့လာပြီး မိတ်ဆက်ကြ တာပါ"

ထိုအခါ ပတ္တလားတီးသော အမျိုးသားက. . .

"အခုလို ဂုဏ်သရေရှိတဲ့လူတွေက ကျွန်တော်တို့ကို အထူးတကလာပြီး မိတ်ဆွေဖွဲ့တာ ဝမ်းသာပါတယ်ဗျာ၊ ကျွန် တော့်နာမည်က မောင်မြတ်ဆွေလို့ ခေါ်ပါတယ်၊ သူကတော့ ကျွန်တော့်ညီမ မြသင်းကြူပါ"

ဟု ပြောလေသည်။

"အနုပညာရှင်တွေနဲ့ မိတ်ဆွေဖြစ်ရတာ အတော့်ကို ဝမ်းသာပါတယ်၊ ကျွန်တော်က မြန်မာ့ရိုးရာ ဂေါက်တကို အ

www.burmeseclassic.com

www.burmeseclassic.com



တော်လေး နှစ်သက်မြတ်နိုးမှု ရှိပါတယ်၊ ဒါကြောင့် ကိုမြတ်ဆွေ
တို့အနေနဲ့ အချိန်ပေးနိုင်မယ်ဆိုရင် သင့်တော်တဲ့အချိန်မှာ ကျွ
တော်လာပြီး မေးစရာရှိတာလေးတွေ မေးချင်ပါတယ်”

ဟု ပြောဆိုခွင့်တောင်းလိုက်သည်။

“ကျွန်တော်တို့မောင်နှမက တံတားလေးဘက်မှာ နေ
ကြပါတယ်၊ ခင်ဗျားတို့ စိတ်ဆန္ဒရှိရင် အချိန်မရွေး လာလ
နိုင်ကြပါတယ်ဗျာ၊ သိချင်တာတွေကိုလည်း ကျွန်တော်တို့
သလောက်တော့ ပြောပြပါ့မယ်”

ဟုပြောပြီး ၎င်းတို့ နေထိုင်သော လိပ်စာကို ပြောပြ
ဖြင့် ဒေါက်တာမင်းထင်ကျော်က စာရွက်လွှတ်တစ်ရွက်ဖြင့်
မှတ်ယူထားလိုက်သည်။

ထို့နောက်မှာတော့ မောင်မြတ်ဆွေနှင့် မြသင်းကြ
မောင်နှမနှစ်ယောက်ကို နှုတ်ဆက်ပြီးနောက် ထိုနေရာမှ
ထွက်ခဲ့ကြလေသည်။



# အခန်း(၆)

# အမှောင်ထဲမှ သရဲမျက်နှာ

တံတားလေးဘက်မှာ နေထိုင်ကြသူတို့မှာ ရှေးအခါက
ယ်ဝန်းကျယ်များဖြင့် သီးခြားနေကြသကဲ့သို့ ရှိကြလေ
အမှန်တော့ ထိုခေတ်အချိန်ကာလက ထိုနေရာများမှာ
ဥက္ကလာမြို့သစ် မပေါ်ခင်အချိန်က) မြို့ဖွန်ရပ်ကွက်များ
ဖြစ်ပေသည်။

တောင်ကုန်းနှင့် ချိုင့်ဝှမ်းများ ပေါ်များသည်ကတစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ သစ်ပင်နှင့် ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးအုပ်နေသည်က တစ်ကြောင်း၊ မြို့လည်နှင့် အလှမ်းဝေးသည်ကတစ်ကြောင်း သွားလာရေးဝေးသည်က တစ်ကြောင်းကြောင့် နေထိုင်မှုနည်းပေသည်။

ထိုနေရာများတွင် နေထိုင်ကြသူတို့ကို ရန်ကုန်မြို့တွင် နေထိုင်သည် ဆိုသော်ငြားလည်း တောရွာများတွင် နေသကဲ့သို့ပင် ထင်ကြလေသည်။

ထိုရပ်ကွက်တွင် နေကြသူများအနက် ရှေးအခါက ဓာတ်ကခဲ့ပြီး ယခုမကတော့သည့် မင်းသမီး တစ်ဦးလည်း ရှိပေသည်။ အခြားတော့ မဟုတ်ပေ။

မြနန်းကြည်ပင် ဖြစ်ပေသည်။

မြနန်းကြည်သည် လွန်ခဲ့သော နှစ်အတန်ကြာကပင် တိုင်းချစ်ရွှေလင်းဆိုသော ဓာတ်အဖွဲ့တွင် ခေါင်းဆောင်မင်းသမီးဘဝဖြင့် ဝင်ရောက်ကပြနေရင်းမှ ဓာတ်မင်းသားနှင့် အကြောင်းပါခဲ့လေသည်။

တိုင်းချစ်ရွှေလင်းမှာ မိန်းမပွေသူတစ်ယောက် ဖြစ်သောကြောင့် ထိုဒုက္ခကိုလည်း အတော်ပင်သည်းခံခဲ့ရပေသည်။

နောက်တော့ ပဲခူးဓာတ်ပွဲတွင် မင်းသားတိုင်းချစ်ရွှေလင်းတစ်ယောက် လူကြမ်းမင်းသားက ဓားဖြင့်ခုတ်သဖြင့် သေဆုံးသွားခဲ့ရပေသည်။

မင်းသားသေပြီးနောက် ဓာတ်အဖွဲ့လည်း ပြိုပျက်သွားလေတော့သည်။ မြနန်းကြည်လည်း အခြားဓာတ်အဖွဲ့များက



ခေါ်သော်လည်း ဓာတ်လောကကို များစွာစိတ်ကုန်သွားသောကြောင့် လက်မခံတော့ပဲ အေးအေးပင် နေခဲ့လေသည်။

မင်းသားရွှေလင်းနှင့် အကြောင်းပါစဉ်က စုဆောင်းထားခဲ့သော ရွှေငွေလက်ဝတ်ရတနာ အချို့ကို ထုခွဲရောင်းချပြီး တံတားလေးဘက်တွင် ခြံကျယ်ကျယ်နှင့် အိမ်တစ်လုံး ဝယ်ယူကာ နေထိုင်ခဲ့လေသည်။

ခြံကိုဝယ်စကပင် နှစ်ထပ်အိမ်တစ်လုံးပါသဖြင့် အရံသင့် တက်နေ၍ရလေသည်။

နောက်ထပ် လအနည်းငယ် အကြာမှာတော့ မြနန်းကြည်မှာ ထိုကဲ့သို့သောနေရာမျိုးတွင် တစ်ယောက်တည်းနေရန် မသင့်လျော်သောကြောင့်. . နောက်ထပ်အိမ်ထောင်သစ် ထူထောင်လိုက်လေသည်။

အိမ်ထောင်ပြုသောအချိန်က မြနန်းကြည်မှာ အသက် (၃၀)ကျော် အရွယ်သာ ရှိပေသေးသည်။

အရွယ်လည်းရှိ ရုပ်လည်းရှိသဖြင့် အားကိုးအားထားရစေရန် နောက်ထပ် အိမ်ထောင်သစ် ထူထောင်ခဲ့ခြင်း ဖြစ်ပေသည်။ အိမ်ထောင်ပြုသောသူမှာလည်း အခြားသူမဟုတ်ပဲ တစ်ခါက ဓာတ်အဖွဲ့တွင်အတူတွဲပြီး လုပ်ခဲ့ဖူးသူတစ်ဦး ဖြစ်ပေသည်။

၎င်း၏အမည်မှာ ကိုဘညိုဖြစ်ပြီး ကျားက ကရာမင်ကောင်းလှသဖြင့် 'ကျားဘညို'ဟု ခေါ်ဝေါ်ခံရသူပင် ဖြစ်ပေသည်။

ကိုဘညိုကလည်း အိမ်ထောင်မရှိတော့သည့် လူလွတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်ပြီး အသက်ချင်းကလည်း မြနန်းကြည်နှင့် မတိမ်းမယိမ်းလောက်ပင် ရှိပေသည်။

ကိုဘညိုက အညာသားဖြစ်ပြီး အရုပ်အမောင်းကောင်းကာ စိတ်သဘောလည်း ကြမ်းသည်။ ၎င်းတို့သည် လက်ထပ်ပြီးသောအခါ တံတားလေးဘက်မှာ ဝယ်ထားသော ခြံကျယ်ကြီးထဲမှာပင် လာရောက်နေထိုင်ကြသည်။

နှစ်ယောက်စလုံး ဇာတ်ထဲမှာ လုပ်ကိုင်ခဲ့ကြသူများဖြစ်ပြီး ယခုအခါမှာတော့ ဘာမှမလုပ်တတ် မကိုင်တတ် . . ရှိသည့် ပစ္စည်းလေးများကို ထုခွဲရောင်းချကာ စားသောက်နေကြသည်။

နောက်တော့ လင်မယားနှစ်ယောက် တိုင်ပင်ပြီး အတော်သင်သော အလုပ်တစ်ခုကို လုပ်ကိုင်ကြလေသည်။

ကိုဘညိုက အတီးအမှုတ် အတန်အသင့် ကျွမ်းကျင်သူဖြစ်သောကြောင့် အကသင်ပေးသောနေရာတွင် များစွာအဆင်ပြေလေသည်။

ခြံပေါက်ဝတွင် 'မြချို အကသင်တန်းကျောင်း'ဟု ဆိုင်းဘုတ်ရေးကာ ချိတ်ဆွဲထားသည်။

ပထမတော့ ဇာတ်အဖွဲ့တွင် အလုပ်လုပ်ခဲ့စဉ်ကပင် သိကျွမ်းခဲ့ကြသည့် တပည့်ဟောင်းများက သူမထံတွင် အဆိုပညာ၊ အကပညာ၊ သရုပ်ဆောင်ပညာတို့ကို လာရောက်သင်ယူကြသည်။ ပထမပိုင်း ဖွင့်ကာစကတော့ လူမများလှပေ။

တစ်ယောက်စ နှစ်ယောက်စလောက်သာရှိပြီး နောက်ပိုင်း တဖြည်းဖြည်းနှင့် လူသိများလာသော အခါမှာတော့ လာ



ရောက်သင်ယူကြသူ များလာလေသည်။

အများအားဖြင့်တော့ ဇာတ်အဖွဲ့ အငြိမ့်အဖွဲ့တို့တွင် လုပ်ကိုင်နေကြသူ များလေသည်။

သို့ကြောင့် နောက်ပိုင်းတွင် ဆိုင်းဘုတ်ကိုပင် ပြင်ရေးရလေသည်။

"မြချို အနုပညာ သင်တန်းကျောင်း"

ဟု ပြောင်းလဲပြီး အဆို၊ အက၊ အတီး ပညာများကိုပါ သင်ကြားပေးခဲ့လေသည်။

နောက်ပိုင်းတွင် တပည့်တပန်းများလာသောအခါ ထိုအထဲမှ ထူးချွန်သော တပည့်အချို့ကို လက်ထောက်အဖြစ် ပြန်ခန့်ကာ သင်ကြားစေခဲ့သည်။

မြနန်းကြည်သည် ဇာတ်အဖွဲ့မှာ ကပြစဉ်ကပင် အဆိုကောင်း အကကောင်း မင်းသမီးတစ်လက် ဖြစ်ခဲ့သလို ယခုလို တပည့်များကို ပြန်လည်သင်ပေးသော အခါ၌လည်း စေတနာထားကာ စနစ်တကျ သင်ကြားပြသပေးခဲ့လေသည်။

ထို့ပြင် သူမထံသို့ လာရောက်သင်ကြားကြသူများ၏ ချမ်းသည်နှင့် ဟန်အမူအယာကို အကဲခတ်ကြည့်ရုံနှင့် ဘယ်သူက ဘယ်ပညာနှင့် လိုက်ဖက်မည်ကို သိနိုင်သူဖြစ်သည်။

သူမထံသို့ လာရောက်ပညာသင်ကြားကြသူတို့၏ နှုတ်ခမ်း နှုးရေကို ကြည့်ရုံနှင့် . . .

ဤသူငယ် သူငယ်မမှာ အကမင်းသား၊ မင်းသမီး ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသူငယ် သူငယ်မကတော့ အသံကောင်းပြီး အဆိုပိုင်သောကြောင့် အသံမင်းသား မင်းသမီး ဖြစ်နိုင်သည်။

ဤသူငယ် သူငယ်မကတော့ မျက်နှာအမူအယာ သရုပ်ဆောင်ကောင်းသဖြင့် ပြဇာတ်စသော အနုပညာဘက်တွင် ထူးချွန်နိုင်သည်။

ဤသူကတော့ အတီးဘက်တွင် ထူးခြားနိုင်သည်။

ဤသူကတော့ အဆိုဘက်၊ အကဘက်တွင် ထူးချွန်နိုင်သည်ဟု အကဲခတ်ကြည့်ရှုကာ စေတနာထားပြီး သင်ကြားပြသပေးလေသည်။

သို့ကြောင့်လည်း အနုပညာ သင်တန်းကျောင်းဖွင့်ပြီး လအတန်ကြာသောအခါမှာပင် လာရောက်သင်ကြားသူ အတန်အသင့် များလာခြင်း ဖြစ်ပေသည်။

သင်တန်းပေးနေသောနေရာသို့ လာရောက်သင်ကြားကြသူတို့တွင် ဇာတ်၊ သဘင်၊ အငြိမ့်၊ အဖွဲ့မှ လူများချည်းပဲ မဟုတ်ပဲ အပြင်မှ ဝါသနာအလျောက် လာရောက်သင်ကြားကြသူများလည်း ပါဝင်လေသည်။

ထိုအထဲတွင် မောင်မြတ်ဆွေနှင့် မြသင်းကြူတို့ မောင်နှမနှစ်ယောက်လည်း ပါဝင်လေသည်။

မောင်မြတ်ဆွေက အသက်(၃၀)ကျော် အရွယ်ခန့်ရှိနေပြီး မြသင်းကြူကတော့ (၂၀)ကျော်အရွယ်ခန့်သာ ရှိကြပေသည်။ နှစ်ယောက်သား ရုပ်ရည်ချောမောကြသူများဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့မှုလည်း ရှိကြသည်။





မြနန်းကြည်ကတော့ နှစ်ယောက်စလုံးကို မြင်စကပင် နှစ်သက်သဘောကျနေမိသည်။ အထူးသဖြင့် သူမနှင့် သက်တူရွယ်တူလောက်သာရှိသော မောင်မြတ်ဆွေကို ပိုပြီး စိတ်ဝင်စားလေသည်။

မောင်မြတ်ဆွေမှာ လူပျိုလူလွတ်တစ်ဦး ဖြစ်သည်ကတစ်ကြောင်း ရုပ်ရည်ကလည်း ဥပဓိရုပ်ကောင်းပြီး အနေအထိုင် သိမ်မွေ့နူးညံ့မှု ရှိသူတစ်ယောက် ဖြစ်သဖြင့် သဘောကျမိခြင်း ဖြစ်ပေသည်။

မောင်မြတ်ဆွေက ပတ္တလားစသော အတီးပညာကို သင်ပြီး မြသင်းကြူကတော့ အဆိုပညာကိုသာ သင်ယူလေသည်။

"နင်က အသံကောင်းတော့ အဆိုပညာ သင်ယူတာကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် နင့်ရဲ့ ရုပ်ရည်နဲ့ဆိုရင် မင်းသမီးကောင်းကောင်းဖြစ်နိုင်တယ်၊ မင်းသမီး ပညာကိုရော မသင်ချင်ဘူးလား"

ဟု မေးလေသည်။

"ကျွန်မကတော့ အကကိုဝါသနာမပါပါဘူး ဆရာမကြီးရယ်။ အဆိုပညာလေးဘာလေး သင့်သလောက် တတ်တယ်ဆိုရင်ပဲ တော်ပါပြီ"

ဟု မြသင်းကြူက ပြန်ပြောလေသည်။

"ထားပါတော့လေ၊ ဒါထက် နင်တို့မျိုးရိုးထဲမှာရော အနုပညာမျိုးရိုးပါသလား"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့က မောင်နှမနှစ်ယောက်ပဲ ရှိကြပါတယ်၊ ဆွေမျိုးသားချင်းတွေထဲမှာလည်း အနုပညာလုပ်ကြတဲ့သူ မရှိသလောက်ပါပဲ"

"ငါကတော့ နင့်ရုပ်ရည်၊ နင့်အသံမျိုးနဲ့ ကြိုးစားရင် တစ်နေ့ကျရင် ခေါင်းဆောင်မင်းသမီးတစ်လက် ဖြစ်လာလိမ့်မယ်လို့ ကြိမ်းသေပြောဝံ့တယ်"

"ကျွန်မကတော့ အဆိုပဲ ဝါသနာပါပါတယ် ဆရာမကြီးရယ်"

"ဒါကတော့ နင့်သဘောပေါ့လေ၊ ဝါသနာပါတာကိုပဲ သင်ပေးရမှာပေါ့"

ဟုပြောဆိုကာ မောင်မြတ်ဆွေက ပတ္တလား အတီးသင်ကာ မြသင်းကြူက အဆိုပညာကို သင်ကြားပေးလေသည်။

ထိုသို့သင်ကြားပေးရင်းနှင့် မောင်မြတ်ဆွေ အပေါ်မှာလည်း အခြားတပည့်များနှင့် မတူပဲ အရေးပေးမှု များလေသည်။

ထိုအခြေအနေကို ယောကျ်ားဖြစ်သူ ကိုဘညိုက ရိပ်မိသော်လည်း မြနန်းကြည်၏သဘောကို ရှေးကတည်းက သိခဲ့ပြီးသူတစ်ယောက် ဖြစ်သောကြောင့် မသိကျိုးကျွံနှင့်ပင် နေလေသည်။

နောက်ပိုင်းမှာတော့ မောင်မြတ်ဆွေနှင့် မြသင်းကြူတို့ နှစ်ယောက်စလုံး ပညာပြည့်စုံသောအခါ တီးဝိုင်းတစ်ဝိုင်း ထူထောင်ကာ ထိုတီးဝိုင်းမှာ ဝင်ရောက်တီးမှုတ်ရန် တာဝန်ပေးလေသည်။





တီးဝိုင်းမှာ ဝါးပတ္တလား ခေါင်းဆောင်သော တီးဝိုင်းဖြစ်ပြီး တီးဝိုင်းအမည်မှာ 'မြမြူသံတီးဝိုင်း' ဟုပင်ပေးထားလေသည်။

မြနန်းကြည်က ထိုကဲ့သို့ တီးဝိုင်းထောင်ပေးထားခြင်းမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုးပင် ဖြစ်လေသည်။

တစ်ချက်က တစ်ဖက်တစ်လမ်းမှ ဝင်ငွေရစေရန်အတွက်ဖြစ်ပြီး နောက်တစ်ချက်ကတော့ မောင်မြတ်ဆွေတို့ကို အမြဲရှိနေစေချင်သောကြောင့် ဖြစ်သည်။

သို့သော် သူတို့မောင်နှမက ထိုအိမ်မှာအမြဲမနေကြပေ။ အလုပ်တာဝန်မရှိသည်နှင့် မိမိတို့ နေအိမ်မှာပင် ပြန်နေကြလေသည်။ သူတို့မောင်နှမ နေသောအိမ်မှာ မြနန်းကြည်တို့ နေသောအိမ်နှင့် မဝေးလှပေ။

မောင်နှမနှစ်ယောက်စလုံးကို တီးဝိုင်းထောင်ပေးထားသည့်အပြင် လက်ထောက်သဘောမျိုးဖြင့်လည်း တာဝန်ပေးထားရာ တီးဝိုင်းမထွက်ရသော အချိန်များတွင် သင်တန်းသူ သင်တန်းသားတို့ကို အဆိုပညာ အတီးပညာတို့ကို သင်ကြားပေးကြရလေသည်။

ထိုမှရသော ဝင်ငွေနှင့်ပင် မောင်နှမနှစ်ယောက်မှာ စားသောက်နေထိုင်မှု အဆင်ပြေနေတော့သည်။

တစ်နေ့တော့ သင်တန်းသူ သင်တန်းသားများ မရှိသော အချိန်တွင် ကိုဘညိုက မြနန်းကြည်ကို ပြောသည်။

"မောင်မြတ်ဆွေနဲ့ မြသင်းကြူတို့ မောင်နှမနှစ်ယောက်ကို ငါ မသိမသာအကဲခတ်ကြည့်နေတာ ကြာပြီ၊ နည်းနည်းတော့



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းနေသလိုပဲ"

"ဘယ်လိုထူးနေလို့လဲ"

"သူတို့ရောက်စက မေးတုန်းက အနုပညာနဲ့ ပတ်သက်ပြီး အတွေ့အကြုံမရှိတဲ့ အစိမ်းသက်သက်တွေလို့ ပြောကြတယ် အခု သင်တာ လပိုင်းလောက်ပဲ ရှိကြဦးမယ်၊ ထိုးပိုင်းထွက်နိုင်တဲ့ အဆင့်မျိုး ရောက်နေကြပြီ၊ ဟုတ်ကောဟုတ်နိုင်ပါ့မလား. . တီးတာဆိုတာတွေကိုသင်တာ ဒီလောက်မြန်မြန်နဲ့ ကျွမ်းကျင်နိုင်ကြပါ့မလား"

"ဒါကတော့ရှင် ပါရမီ အခံရှိတဲ့သူဆိုတာ မြင်ရုံကြားရုံနဲ့ တတ်ကြတာပဲဟာ၊ ရှင်လည်း ဇာတ်ထဲမှာ နေလာခဲ့တာပဲ၊ ဒါတွေမသိဘူးလား"

"ထားပါတော့လေ. . နောက်တစ်ချက်က မင်း၊ မောင်မြတ်ဆွေအပေါ်မှာ အရေးပေးတာ နည်းနည်း ပိုနေသလားလို့ပါ"

"ရှင်ကလည်း ယူထားတော့ ဇာတ်မင်းသမီး၊ ဒီလောက်သဝန်တိုနေရသလား၊ ကျွန်မက မျက်နှာများတတ်တဲ့ သူမျိုးလည်း မဟုတ်ပါဘူး"

ဟု မကျေမနပ် လေသံမျိုးဖြင့် ပြန်ပြောတော့မှ ကျေနပ်သွားဟန်ဖြင့် ဘာမှနောက်ထပ်မပြောတော့ပဲ ငြိမ်သွားလေသည်။

ကိုဘညိုက ထိုသို့သတိပေးသော်လည်း မြနန်းကြည်ကတော့ သိပ်ဂရုမစိုက်ပဲနှင့် နေမြဲတိုင်းနေကာ ပြောဆိုဆက်ဆံ





ဆက်ဆံလေသည်။

တစ်ညမှာတော့ သူတို့လင်မယားနှစ်ယောက်အတွက် တိတ်လန့်ချောက်ချားဖွယ်ရာ အဖြစ်အပျက်တစ်ခုနှင့် စတင်ကြုံတွေ့ရလေသည်။

သူတို့နေသောအိမ်ကြီးမှာ တိုက်ခံနှစ်ထပ်အိမ် အမျိုးစားဖြစ်ပြီး အတော်ပင် ကျယ်ဝန်းလှပေသည်။ အပေါ်ထပ်၌ လင်မယားနှစ်ယောက်နေကြပြီး အောက်ထပ်မှာတော့ ထမင်းဟင်းချက်ပြုတ်ရန်အတွက်ရော အခြားခိုင်းစေရန်အတွက်ပါ ခေါ်ထားသော လင်မယားနှစ်ယောက် နေကြလေသည်။

အသက် (၃၀)ကျော်ဝန်းကျင်အရွယ်ခန့် ရှိကြပြီး ကိုဘညိုနှင့် သားချင်းမတော်ကြပေ။

၎င်းတို့နေသော မင်းကုန်းရွာမှဖြစ်ပြီး ယောကျ်ားဖြစ်သူက ကိုရွှေမောင်ဖြစ်ပြီး မိန်းမက မရင်မေ ဖြစ်လေသည်။

ထိုအိမ်ကြီးမှာ ၎င်းတို့လေးယောက်သာ နေကြလေသည်။ နေ့ဘက်အချိန်များတွင် အဆို၊ အတီး၊ အက စသည့် ဆရာတို့ကို လာရောက်သင်ပေးကြသည်။ လက်ထောက်ဆရာ ဆရာမများနှင့် ပညာသင်တပည့်ကြီးငယ်တို့ဖြင့် စည်စည်ကားကား ဆူဆူညံညံ ရှိသော်လည်း ညအချိန်ရောက်သောအခါတော့ တစ်အိမ်လုံး လူမရှိတော့သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုညက ညဦးပိုင်းအချိန်ရောက်တော့မှ အိမ်အနောက်ဘက်မှ ခွေးဟောင်သံများကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ တစ်ကောင်စနှစ်ကောင်စ ဟောင်သံသာ ကြားရသော်လည်း နောက်တော့ တစ်စုံတစ်ခုကို တွေ့ရသကဲ့သို့ စူးစူးဝါးဝါး ဟောင်သောအသံများ၊ အူသောအသံတို့ကိုပါ ကြားရလေသည်။

ခွေးများမှာ ခြံဝန်းထဲမှာ မွေးထားသော ခွေးများတော့ မဟုတ်ပေ။ အနီးပတ်ဝန်းကျင်မှာ ရှိကြသော ခွေးလေခွေးလွင့်များပင် ဖြစ်ကြလေသည်။

ထူးထူးခြားခြား ခွေးအူသံ ခွေးဟောင်သံများကြောင့် အပေါ်ထပ်၌ရှိနေသော ကိုဘညိုက ထလာပြီး မှန်တံခါးမှ တစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

အပြင်ဘက်မှာ လရောင်ရှိနေသော်လည်း သစ်ပင်များ ချုံနွယ်ပိတ်ပေါင်းများ ရှိနေသောကြောင့် အသံကြားရာ နေရာတစ်ဝိုက်မှာ အမှောင်ရိပ်များ ရှိနေလေသည်။

ကိုဘညိုမှာ အသက်(၃၀)ကျော် အရွယ်လောက်သာ ရှိသေးသဖြင့် မျက်စိကောင်းသေးသည်။

ထို့ကြောင့် အလင်းရောင်ကျနေသော နေရာများကိုတော့ လှမ်းမြင်နေရသည်။ သူ လှမ်းကြည့်လိုက်သောအချိန်တွင် အမှောင်ရိပ်ထဲတွင် ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို မြင်ရလေသည်။

"ဟင်. ."

ပထမတော့ မိမိမျက်စိအမြင် မှားသလားဟု ထင်မိလိုက်သေးသည်။





အသေအချာကြည့်တော့မှ အမြင်မမှားပဲ အသေအချာမြင်ရခြင်းပင် ဖြစ်ပေသည်။ သစ်ပင်ရိပ်အောက်တွင် တစ်ကိုယ်လုံး အမွေးစုတ်ဖွားနှင့် မည်းမည်းသဏ္ဍာန်ကြီး ရှိနေပြီး အိမ်ဘက်သို့ လှမ်းကြည့်နေလေသည်။

သို့ကြောင့် ကြောက်ကြောက်လန့်လန့်နှင့် အိပ်ယာခေါင်းအောက်မှာထားသော လက်နှိပ်ဓါတ်မီးကို သွားယူပြီး ပြန်လာပြီး ကြည့်တော့ စောစောကနေရာတွင် မည်းမည်းသဏ္ဍာန်ကြီးကို တွေ့ရတော့ပေ။

"ဘယ်ရောက်သွားပြီလဲ. . .၊ စောစောက ဟိုသစ်ပင်အောက်မှာ ရပ်နေတာ ငါ့မျက်စေ့နဲ့ သေသေချာချာ မြင်လိုက်ရတာပဲ၊ သရဲခြောက်နေတာများလား"

ဟုတွေးကာ လက်နှိပ်မီးဖြင့် ထိုးကြည့်ရန် မှန်တံခါးနှစ်ချပ်ကို ဖွင့်လိုက်လေသည်။

ပြတင်းပေါက်မှာတော့ မှန်တံခါး ဖွင့်သွားသော်လည်း သံတိုင်များ ရှိနေသေးသည်။ ကိုဘညိုက လက်နှိပ်မီးရောင်ဖြင့် စောစောက မည်းမည်းသဏ္ဍာန်ကြီး ရပ်နေသည့်နေရာသို့ လှမ်းထိုးကြည့်လိုက်သည်။

ဘာမှ ထူးထူးခြားခြား မတွေ့ရပေ။

စိတ်မကျေနပ်သဖြင့် အခြားနေရာများပါ နေရာအနှံ့ လိုက်ထိုးကြည့်သည်။ မတွေ့ရပေ။

သို့ကြောင့် လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်လိုက်သည်။

ထိုသို့ပိတ်လိုက်တော့မှ သူရပ်နေသော ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ မျက်နှာကြီးတစ်ခု ရောက်လာလေတော့သည်။

ရုပ်ဖျက်ဆင်းဖျက်ဖြစ်နေသော သရဲသဘက်မျက်နှာကြီးပင် ဖြစ်ပေသည်။

ပထမတော့ ကိုဘညိုမှာ ကြောက်လွန်းသဖြင့် ကြက်သေသေသွားလေသည်။ နောက်မှ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် စူးစူးဝါးဝါး အော်လိုက်လေတော့သည်။

"အား. . ကယ်ကြပါဦး. . ကယ်ကြပါဦး"

ထိုသို့အော်ပြီး သွေးရူးသွေးတန်းဖြင့် နောက်သို့ ဆုတ်လိုက်လေသည်။ ထိုအခြေအနေထိ ပြတင်းပေါက်မှ မျက်လုံးအပြူးသားဖြင့် ကြည့်နေသော သရဲမျက်နှာကြီးက ရှိနေသေးသည်။ သူ့အော်သံကြောင့် မြနန်းကြည်နှင့် အိမ်ဖော်နှစ်ယောက်နိုးလာပြီး ထိုနေရာသို့ ရောက်လာကြလေသည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ"

"သ. . သရဲလာခြောက်နေတယ်"

"ဘယ်. . ဘယ်မှာလဲ"

"ဟိုပြတင်းပေါက်မှာ"

ကျန်သုံးယောက်က သူပြသော ပြတင်းပေါက်နေရာသို့ ကြည့်သော်လည်း ဘာမှမတွေ့ရတော့ပေ။

"ပြတင်းပေါက်မှာ ဘာမှ မရှိပါလား"

"စောစောက ငါ့ကိုခြောင်းကြည့်နေတဲ့ သရဲမျက်နှာကြီးကို သေသေချာချာ မြင်လိုက်ရတယ်"

ထို့နောက် ကိုရင်မောင်ဆိုသူက အရဲစွန့်ပြီး ထိုနေရာသို့





သွားကြည့်သော်လည်း ဘာမှမတွေ့ရပေ။

သို့ကြောင့် တံခါး ပြန်ပိတ်ထားလိုက်သည်။

ပြီးလျှင် ကိုရင်မောင်တို့ လင်မယားလည်း အောက်ထပ်သို့ ပြန်ဆင်းသွားကြလေသည်။

ထိုအခါ မြနန်းကြည်က တိုးတိုးပြောသည်။

"ရှင်လည်း အားရင် အရက်ကိုချည်း သောက်မနေနဲ့ဦး၊ အရာရာလေးအာလေးလုပ်ဦး၊ တလောက ပုဏ္ဏားကကျောက်အိုးနဲ့တူတဲ့လူတစ်ယောက်ကို ရန်ကုန်မှာ တွေ့လိုက်မိတယ်လို့ မိတ်ဆွေဟောင်းတစ်ယောက်နဲ့တွေ့လို့ ပြောသွားတယ်"

ထိုစကားကြားသောအခါ ကိုဘညိုမှာ တအံ့တဩဖြစ်သွားသော အကြည့်မျိုးဖြင့် မြနန်းကြည်အား ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

# ပုဏ္ဏာကကျောက်အိုးနောက် ခြေရာထောက်သူများ

တစ်နေ့သ၌ မောင်မြွတ်ဆွေနှင့် မြသင်းကြူတို့ မောင်နှံနေသောနေအိမ်သို့ မမျှော်လင့်ပဲ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။ ဒေါက်တာမင်းထင်ကျော်ပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ကမ္ဘာအေးဘုရားလမ်း ထိပ်မှ ကားကိုမောင်းလာပြီး ဘုရားလွန်သော်အခါ လမ်းခွဲတစ်ခုတွေ့သဖြင့် ထိုလမ်းခွဲအတိုင်း ချိုးကွေ့ဝင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်ဆွေနှင့် မြသင်းကြူတို့ မောင်နှမနှစ်ယော
တို့နေသောအိမ်မှာ ထိုလမ်းအဆုံးဖက် ရထားလမ်းနှင့် နီးသေ
နေရာ၌ ရှိလေသည်။

ကားကိုတော့ ထိုနေရာအထိ တောက်လျှောက် မော
ဝင်လာလေသည်။ အိမ်ရှေ့ရောက်၍ အခြေအနေ အကဲခ
ကြည့်နေစဉ် မောင်မြတ်ဆွေ ထွက်လာလေသည်။

မောင်မြတ်ဆွေမှာ အသားလတ်လတ် အရပ်မြင့်မြင့်
သဘောမနောကောင်းသော အမူအယာမျိုး ရှိလေသည်။

"ဟော. . ဆရာပါလား၊ ကျွန်တော်တို့ဆီလာတာ ထ
ပါရဲ့"

"ဟုတ်ပါတယ်ဗျာ၊ ဒီကိုပဲ တကူးတက လှည့်ဝင်လ
တာပါပဲ၊ ကျွန်တော့်အတွက်နဲ့ အနှောက်အယှက်များ ဖြစ်သွ
သလား"

"မဖြစ်ပါဘူး ဆရာ၊ ဒီကနေ့ အလုပ်မသွားသေးခ
အချိန်ရပါတယ်"

ဟု ပြောဆိုပြီး အိမ်ထဲသို့ခေါ် သွားပြီး အိမ်ရှင်တို့ ထ
ရား ရှိသည့်အတိုင်း ကော်ဖီ၊ လက်ဘက်ရည်ကြမ်း စသည်တို့
ဧည့်ခံလေသည်။

မောင်နှမနှစ်ယောက်စလုံး ရှိနေကြပြီး အိမ်ထဲမှာသေ
အခြားသူများ မတွေ့ရပေ။

"တစ်ခါက မိတ်ဆက်ပြီးသား ဖြစ်ပေမယ့် ထပ်ပြီး မိ
ဆက်ရဦးမယ်၊ ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ဖ



သို့ ခေါ်ပါတယ်"

"ဆရာက ဆရာဝန်တစ်ယောက်လား"

"ဆရာဝန်တော့ မဟုတ်ပါဘူး၊ ကျွန်တော်က မြန်မာ
ဒီတကို နှစ်သက်သဘောကျတဲ့ သုတေသနသမားတစ်ယောက်
ပါပဲ၊ ဒါထက် ကိုမြတ်ဆွေတို့က တီးဝိုင်းထောင်ထားကြတာ
မဟုတ်ဘူးလား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့အလုပ်ရှင်က ထောင်
ပေးထားတဲ့ တီးဝိုင်းပါ၊ ကျွန်တော်တို့မောင်နှမက တံတားလေး
ဘက်မှာ ဖွင့်ထားတဲ့ အနုပညာကျောင်းမှာ လုပ်ကြပါတယ်၊ တီး
ဝိုင်းကတော့ လာငှားတဲ့လူရှိမှ လိုက်တီးကြတာပါ"

"ကိုမြတ်ဆွေပြောတဲ့ အနုပညာကျောင်းဆိုတာ မြခြူသံ
သင်တန်းကျောင်းကို ပြောတာများလား"

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့က နှစ်ယောက်စလုံး
အဲဒီမှာ အလုပ်လုပ်ကြပါတယ်"

"အဲဒီသင်တန်းကျောင်းကို အရင်က ဇာတ်ကခဲ့ဖူးတဲ့
မင်းသမီးတစ်ယောက်က ထူထောင်ထားတာလို့ ကြားပါတယ်၊
အတော်ကလေး စံနစ်တကျ သင်ပေးနိုင်တယ်လို့တော့ သတင်း
ကြားမိပါရဲ့"

"မှန်ပါတယ်ခင်ဗျာ၊ မင်းသမီးက စေတနာ အတော်
လေး ကောင်းရှာပါတယ်"

"ကျွန်တော်လာတာ တခြားအကြောင်း မရှိပါဘူး၊ ဟို
တစ်နေ့က ဧည့်ခံပွဲမှာ တီးသွားတဲ့ ဆိုသွားတဲ့ ကိုမြတ်ဆွေတို့

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်ရဲ့ အနုပညာကို ချီးကျူးချင်လို့ပါ၊ ကျွန်တော်က အနုပညာသမားတွေဆိုရင် လေးစားပါတယ်"

"ဆရာ့လို ခေတ်ပညာတတ် လူကုံထံတစ်ဦးက ကျွန်တော်တို့လို အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ သူတွေကို ဒီလိုသဘောထားတာ သိရတော့ တကယ်ပဲ ဝမ်းသာမိပါရဲ့၊ ဆရာ့အနေနဲ့ ကျွန်တော်တို့နဲ့ ပတ်သက်ပီး အကူအညီလိုရင်လည်း အချိန်မရွေး ပြောနိုင်ပါတယ်၊ ကျွန်တော်တို့ အကူအညီ ပေးပါရစေ"

"ဒီစကားကြားရတာတော့ ဝမ်းသာစရာပါပဲ၊ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်က အလုပ်အားရင် ဗွတ္တလားသင်ချင်တယ်၊ ကိုမြတ်ဆွေ အလုပ်အားတဲ့အချိန်နဲ့ ကျွန်တော်အားတဲ့အချိန်မျိုး ကြုံကြိုက်ရင်တော့ သင်ချင်ပါတယ်"

"ကျွန်တော်ကတော့ သင်ပေးနိုင်ပါတယ်၊ ဆရာ အလုပ်အားတဲ့အချိန်ရောက်ရင် ပြောပါ"

ဟု စိတ်ထဲမှ တကယ်ရှိသော အသံမျိုးဖြင့် ပြောလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ အချိန်ရတဲ့တစ်နေ့မှာလည်း ကိုမြတ်ဆွေတို့ အလုပ်လုပ်နေတဲ့ မြချယ်သံ သင်တန်းကျောင်းဘက် လှည့်လာခဲ့ပါဦးမယ်"

"လာခဲ့ပါဆရာ၊ အများအားဖြင့်တော့ ကျွန်ကော်တို့က အဲဒီမှာ ရှိနေတာ များပါတယ်"

ဟု ပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်က ကျေနပ်





သော အမူအယာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။

ထို့နောက် သူတို့ မောင်နှမကို နှုတ်ဆက်ပြီး သူ၏ လိပ်စာကို ရေးပေးခဲ့ကာ ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှ တစ်ချိန်လုံး မနီးမဝေးမှထိုင်ကာ ဒေါက်တာမင်းထင်ကျော်ကို အကဲခတ်ကြည့်နေသော မြသင်းကြူက ပြောသည်။

"သူ့ကြည့်ရတာ တစ်မျိုးပဲ၊ ဒီနေရာအထိ တကူးတကရောက်လ•တာ ကျွန်မတို့ရဲ့ အနုပညာကို သဘောကျရုံနဲ့တော့ဟုတ်မယ်မထင်ဘူး"

မြသင်းကြူစကား ကြားသောအခါ မောင်မြတ်ဆွေက သဘောကျစွာ ရယ်လိုက်လေသည်။

"အနုပညာကို သဘောကျတာထက် ငါ့ညီမကို သဘောကျလို့လာပြီး အခြေအနေ အကဲခတ်ကြည့်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"သူ့လိုလူမျိုးတစ်ယောက်က ကျွန်မကို သဘောကျရုံနဲ့တော့ လာမယ်မထင်ပါဘူး"

"ဒါဖြင့် နှင်က ဘယ်လိုများ ထင်နေလို့လဲ"

"သေသေချာချာတော့ မသိပါဘူး၊ ဒါပေမယ့် သူ့မှာ တခြားအကြောင်းတွေလည်း ရှိချင်ရှိနေမယ်လို့တော့ ထင်တာပဲ"

ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက် မောင်နှမနှစ်ယောက် ရေချိုး အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



လဲပြီး အကသင်တန်းကျောင်းသို့ သွားကြလေသည်။

ထိုအိမ်သို့ ရောက်သောအခါ သတင်းတစ်ခု ကြားရလေသည်။ ကိုဘညိုတစ်ယောက် ညက သရဲခြောက်ခံရသည်ဆိုသော သတင်းပင်ဖြစ်သည်။

သူတို့ ရောက်သွားသောအခါ မြနန်းကြည်က ထိုအကြောင်းကို ပြောလေသည်။

"ကိုဘညိုတစ်ယောက် ညက သရဲခြောက် ခံရတယ်"

"ဘယ်လိုခြောက်တာလဲ ဆရာမကြီး"

"သူ ပြတင်းပေါက်နားမှာ ရပ်နေတုန်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ခေါင်းပြတ်သရဲက ပြတင်းပေါက်ကနေ လာကြည့်သွားတာ သံတိုင်တစ်ခုပဲခြားပြီး မျက်နှာချင်းဆိုင် နီးနီးတပ်တပ် တွေ့လိုက်ရတော့ မင်းတို့ဆရာတော့ အကြောက်လွန်ပြီး မအိပ်နိုင်မစားနိုင် ဖြစ်နေတယ်"

မြနန်းကြည်က သနပ်ဖက်ဆေးပေါ့လိပ်ကို စိမ်ပြေနပြေဖွာရင်းနှင့် ပြောပြသည်။

"သရဲခြောက်တာရော ဟုတ်ရဲ့လား ဆရာမကြီးရယ် သရဲဆိုတာ ရှိတယ်ဆိုပေမယ့် တွေ့ရမြင်ရခဲလှပါတယ်"

"မင်းကလည်း ကျားကိုက်ခံရပါတယ် ပြောတာတောင် အပေါ်ကို ရှိသလား မေးသလိုဖြစ်နေတယ်၊ မင်း မယုံရင် သရဲခြောက်တဲ့နေရာ သွားကြည့်ပေတော့၊ ထမင်းချက်တဲ့ ရင်မောင်တို့လင်မယား ပြောတာတော့ အခုထိ အဲဒီနေရာတစ်ဝိုက်မှာ အပုတ်နံ့တွေ ရနေသေးတယ်လို့ပြောတယ်၊ တံတားလေး သာနံနဲ့နီးတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

www.burmeseclassic.com



ဟုပြောသဖြင့် မောင်မြတ်ဆွေလည်း ထွေထွေထူးထူး ထပ်မပြောတော့ဘဲ နေရာမှထလာလေသည်။ အိမ်အနောက်ဘက်မှာတော့ ထင်းခွဲနေသောကိုရင်မောင် ရှိနေသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

"ဦးရင်မောင် ညကဆရာကြီး သရဲအခြောက်ခံရလို့ဆို ဟုတ်သလား"

"ဟုတ်တယ်ကွ၊ ဟိုပြတင်းပေါက်နားက လာကြည့်သွားတာလို့ ပြောတယ်"

လှမ်းမြင်နေရသော ပြတင်းပေါက်မှာ ကိုဘညိုတို့အိပ်သော အခန်းမှ ပြတင်းပေါက်ဖြစ်သည်။

"ငါ မနက်က အဲဒီဘက်အခြေအနေ သွားကြည့်နေတုန်းကတောင် အပုတ်နံ့တွေရနေသေးတယ်"

"ဟုတ်ရဲ့လားဗျ. ."

"မင်းမယုံလည်း သွားကြည့်ပေါ့ကွာ. ."

ဟု စကားဖြတ်ပြီး ခွဲလက်စထင်းခြမ်းများကို ပေါက်ဆိန်ဖြင့် ဆက်ခွဲနေလေသည်။

မောင်မြတ်ဆွေလည်း ဘာမှထပ်မမေးတော့ဘဲ ပြတင်းပေါက်ရှိသော နေရာအောက်တည့်တည့်သို့ လျှောက်လာလေသည်။ ထိုနေရာရောက်တော့ ကိုရင်မောင်ပြောလိုက်သကဲ့သို့ပင် အပုတ်နံ့များ ရနေသေးသည်။

"ထူးတော့ထူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်ဆွေကရေရွှတ်လိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက် သည်။

အိမ်အနောက်ဘက်တွင် သစ်ပင်ကြီးများအပြင် ချုံနွယ်ပိတ်ပေါင်းများလည်း ရှိနေသည်။ အပုတ်နံ့က ထိုနေရာဘက်ရောက်တော့ ပိုများလာသည်။

"ဦးရင်မောင် ဒီကိုခဏလာပါဦးဗျ"

"ဘာလုပ်မလို့လဲ မောင်မြတ်ဆွေရာ"

ဟု ညီးညီးညူညူပြောရင်း ပေါက်ဆိန်ကိုချကာ နေရာမှထလာလေသည်။

အနားရောက်လာတော့ မောင်မြတ်ဆွေက ပြောသည်။

"အပုတ်နံ့က ဒီနေရာကရနေတာဗျ။ ခွေးသေ၊ ကြွက်သေ အပုတ်နံ့များလား မသိဘူး"

"မင်းကတော့ ပေါက်ပေါက်ရှာရှာ အတော်လုပ်တာပဲ"

ထိုသို့ပြောသော်လည်း မောင်မြတ်ဆွေက တုတ်တစ်ချောင်းရှာပြီး ချုံများကို ဖယ်ကြည့်ရာ ခဏကြာတော့ ချုံထဲမှာ ရောက်နေသည့် အရာဝတ္ထုတစ်ခုကို တွေ့ရလေသည်။

အခြားမဟုတ်ပေ. . ।

ပုတ်ပွနေပြီဖြစ်သော လူဦးခေါင်းပြတ်တစ်လုံးပင် ဖြစ်တော့သည်။

"အောင်မယ်လေး၊ ဘယ့်နှယ့်ဟာကြီးပါလိမ့်"

"ညက ဆရာကြီးတွေ့လိုက်တဲ့ ဦးခေါင်းပြတ်ကြီးပဲ ဖြစ်မှာပေါ့"





"ဒါကြီးက ဒီနေရာဘယ်လိုများ ရောက်နေရတာလဲ"

"ဒါတော့ ကျွန်တော်လည်း ဘယ်သိပါ့မလဲ"

"သူတို့ကိုသွားပြောရင်ကောင်းမလား မောင်မြတ်ဆွေ"

"မပြောနဲ့၊ ပြောရင် ပိုဆိုးသွားလိမ့်မယ်၊ တော်ကြာ အိမ်ပေါ်က အောက်ကိုတောင် မဆင်းဝံ့ဘဲ ဖြစ်နေလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"

"ဒီခေါင်းပြတ်ကြီးက သုသာန်ကရောက်နေတာပဲ ဖြစ်ရမယ်၊ ဒါကိုပုလိပ်တွေသိသွားရင်တော့ ပြဿနာရှာကြမှာ ဧကန်ပဲ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဘယ်သူမှမသိအောင် တစ်နေရာရာမှာ မြေမြှုပ်ပစ်လိုက်မှကောင်းမယ်"

ဟုပြောဆိုတိုင်ပင်ကာ မနီးမဝေးနေရာတွင် မြေကျင်းနက်နက်တူးကာ ပုတ်ပွနေပြီဖြစ်သော ဦးခေါင်းပြတ်ကြီးအား မြေမြှုပ်ပစ်လိုက်ကြသည်။

ပြီးမှ ဟန်မပျက်အိမ်ပေါ်ပြန်တက်လာကာ လုပ်စရာရှိသော အလုပ်များကို လုပ်ကြလေသည်။

တစ်နေ့တော့ မြို့သာ အကသင်တန်းကျောင်း ထောင်ထားသောအိမ်ရှေ့သို့ ကားတစ်စင်းရပ်လာပြီး ကားပေါ်မှ ဝံ့ထောက်ကျော်စွာနှင့် အခြားနှစ်ယောက်တို့ ဆင်းလာကြသည်။

သုံးယောက်စလုံး ရဲဌာနတွင် အမှုထမ်းနေကြသူများဖြစ်သော်လည်း ယူနီဖောင်း ဝတ်ဆင်လာခြင်းမရှိပဲ သာမန်အ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်များဖြင့်သာ လာကြခြင်း ဖြစ်သည်။

သို့သော်လည်း ထိုခေတ်အချိန်အခါက ပုလိပ်များသာ စီးလေ့ရှိသော အညိုရောင် လင့်ရိုဘာကားဖြင့် လာရောက်ခြင်း ဖြစ်သဖြင့် မပြောသော်လည်း မြင်ရုံနှင့်ပင် ရဲဌာနမှလူများဖြစ်သည်ကို သိနိုင်ကြသည်။

စုံထောက်ကျော်စွာတို့သုံးယောက် ရောက်လာသောအခါ ကိုဘညိုနှင့် မြနန်းကြည်တို့ လင်မယားနှစ်ယောက်စလုံး ပျာပျာသလဲနှင့် ဆီးကြိုကာ ဧည့်ခံကြလေသည်။

အောက်ထပ်တွင် ပညာသင်များကို သင်ကြားပေးနေကြသောမောင်မြတ်ဆွေနှင့် မြသင်းကြူတို့ မောင်နှမနှစ်ယောက်ကတော့ စုံထောက်ကျော်စွာ ဝင်လာတာမြင်ကတည်းက မြင်ဖူးသည် အထင်ဖြင့် လှမ်းကြည့်နေကြလေသည်။

အောက်ထပ်တွင် ဧည့်သည်များကို ဧည့်ခံသော အခန်းသို့ရောက်တော့မှ အကျိုးအကြောင်း မေးရလေသည်။

"ဘာများ ကိစ္စရှိလို့ပါလဲရှင်"

"ကျွန်တော့်နာမည်က စုံထောက်အင်စပက်တော်ကျော်စွာလို့ ခေါ်ပါတယ်၊ ဒီကိုလာတာ သိချင်စရာလေးတွေ ရှိလို့ပါ"

"မေးပါရှင်၊ သိတာမှန်သမျှတော့ ပြောပြပါ့မယ်"

"အစ်မကြီး နာမည်က ဘယ်သူပါလဲ"

"ကျွန်မနာမည်က မြနန်းကြည်လို့ ခေါ်ပါတယ်၊ သူက ကျွန်မယောကျ်ား ကိုဘညိုပါ"

"အစ်မကြီးတို့က အရင်က ဇာတ်အဖွဲ့တစ်ဖွဲ့မှာ အ





သုပ်လုပ်ခဲ့ကြတယ်လို့ ပြောသံကြားပါတယ်၊ ကျွန်တော်တို့ကို ပြန်ပြောပြပေးပါ"

မြနန်းကြည်ကတော့ ထိုအကြောင်းများကို ပြန်ပြောချင်ပုံမရပေ။ သို့သော်လည်း မလွှဲမရှောင်သာ ဖြစ်နေသောကြောင့် အတိုချုပ်ပြီး ပြန်ပြောပြလိုက်ရပေသည်။

"ကျွန်မတို့ လင်မယားနှစ်ယောက်စလုံးက အရင်ကတော့ တိုင်းချစ်ရွှေလင်း ဇာတ်အဖွဲ့မှာ ကခဲ့ပါတယ်၊ ဇာတ်ခေါင်းတွဲခင် အချိန်အထိပေါ့၊ တိုင်းချစ်ရွှေလင်းက ကျွန်မရဲ့ အရင်ယောကျ်ားပါ"

ကျော်စွာက ပြောသမျှကို ရေးမှတ်ထားရင်းမှ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပေါ့၊ ပဲခူးဘုရားပွဲမှာ ဇာတ်ကနေရင်းနဲ့ သူ အသတ်ခံလိုက်ရတယ်"

"ဘယ်လိုအသတ်ခံရတာလဲ"

"ပုဏ္ဏကကျောက်အိုးဆိုတဲ့ လူကြမ်းတစ်ယောက်က ဇာတ်ကနေရင်းကနေ ဓားအစစ်နဲ့ ခုတ်သတ်လို့ သေခဲ့ရတာပါပဲ"

"ဘယ်လို ရန်ငြိုးရန်စတွေများ ရှိနေလို့လဲ"

"အဲဒါတွေတော့ ကျွန်မလည်း သေသေချာချာ မသိပါဘူးရှင်၊ ကျွန်မသိရသလောက်တော့ ကိုရွှေလင်းက လူချစ်လူခင် များပါတယ်"

"ဒါထက် မင်းသားကို သတ်ပြီးတော့ ပုဏ္ဏကကျောက်



www.burmeseclassic.com

www.burmeseclassic.com



အိုးက ဘယ်ရောက်သွားခဲ့သလဲ"

"ထွက်ပြေးသွားတာ နေမှာပေါ့ရှင်၊ သတင်းကို မကြား တော့ပါဘူး၊ မင်းသားသေပြီးတဲ့နောက်မှာ ဇာတ်လည်းပျက်ပြီး ကျွန်မတို့လည်း ဇာတ်ကတဲ့အလုပ် နားလိုက်ကြတာပါပဲ"

ဟု ပြောပြလေသည်။

"ဟုတ်ကဲ့ . . အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ် ကျွန်တော်တို့ အခုလို ဒီကိုလာခဲ့ကြတာ တခြားမဟုတ်ပါဘူး ပဲခူးမှာရှိတဲ့ ရဲတပ်ဖွဲ့ကနေ သတင်းပို့ချက် ရောက်လာလို့ ရဲတပ်ဖွဲ့က အလိုရှိနေတဲ့ ပုဏ္ဏကကျောက်အိုးက ရန်ကုန်ကို ရောက်နေပါတယ်၊ ဒါကြောင့် အစ်မကြီးတို့က ပုဏ္ဏကကျောက် အိုးနဲ့ အတူတူတွဲပြီး အလုပ်လုပ်ခဲ့ကြတာဆိုတော့ သူ့ရဲ့ပုံပန်း သဏ္ဌာန်ကို မှတ်မိကြမှာပါ၊ ဒါကြောင့် ကျွန်တော်တို့ကို ပြော ပေးစေချင်ပါတယ်"

ထိုအခါမှပင် စုံထောက်ကျော်စွာတို့ ရောက်လာ သည့် ရည်ရွယ်ချက်ကို သိကြရသဖြင့် စိတ်သက်သာရာ ရသွား ကြသည်။ တစ်ဖက်မှလည်း ပုဏ္ဏကကျောက်အိုးတစ်ယောက် ရန်ကုန်ရောက်နေပြီ ဆိုသဖြင့် စိတ်မအေးစရာပင်။

စုံထောက်ကျော်စွာက ထိုသို့မေးသော အခါမှာတော့ ကိုဘညိုနှင့် မြနန်းကြည်တို့ နှစ်ယောက်စလုံး ပုဏ္ဏကကျောက် အိုးနှင့် ပတ်သက်သည့် မှတ်မိသော ပုံပန်းသဏ္ဌာန်တို့ကို ပြော ပြကြလေသည်။

စုံထောက်ကျော်စွာကလည်း ပြောသမျှကို အသေး





စိတ်ရေးမှတ်ပြီးမှ ပြန်သွားကြလေသည်။

ထိုအခါမှပင် လင်မယားနှစ်ယောက်စလုံးမှာ သက်မြင်း ချနိုင်ကြလေသည်။ စုံထောက်များ ပြန်သွားတော့မှ မောင်မြတ် သူတာ အကျိုးအကြောင်း လာမေးလေသည်။

"သူတို့က လူသတ်သမားကို လိုက်ရှာနေကြတဲ့ လူတွေ ၊ သူသတ်သမားကလည်း တခြားသူမဟုတ်ဘူး . . ၊ အရင်က ဇာတ်ထဲမှာ လုပ်ခဲ့ဘူးတဲ့သူပဲ၊ ဒါကြောင့် ဒီနေရာကို လာမေး တာ"

"ဒီလိုဆိုရင် လူသတ်သမားကို ဆရာမကြီးတို့က မြင်ဖူး တွေ့ဖူးတာပေါ့နော်"

"တွေ့ဖူးတာပေါ့ ဇာတ်တစ်ဖွဲ့တည်း အတူတူလုပ်ခဲ့တာ မသိရှိပါ့မလား"

"ကျွန်တော်က စေတနာနဲ့ မေးတာပါ၊ လူသတ်သမား ဆရာကြီးတို့ ဆရာမကြီးတို့ကို သိနေတာဆိုတော့ သတိနဲ့ နေစေချင့်တယ် ထင်လို့ပါ၊ အထင်မလွဲပါနဲ့"

ဟု ပြောဆိုပြီး ထိုနေရာမှ ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ ကိုဘညိုရော မြနန်းကြည်ပါ တစ်စုံတစ်ခုကို တွေးမိတာ သဘောပေါက်သွားကြသဖြင့် မျက်လုံးပြူးသွားကြ လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

## စက်ဝိုင်းကားချပ်နှင့် ယို့ဖုတ်စာ

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်သည် ညက
စ်ညလုံးလိုလို အခြားအလုပ်ကိစ္စများ ပြုလုပ်နေသဖြင့် အ
ာ်ညဉ့်မှပင် အိပ်ယာဝင်ဖြစ်လေသည်။

သို့ကြောင့် နံနက်ပိုင်း အတော်နေမြင့်သော အချိန်ထိ
ိပ်ယာမှ မထနိုင်ပဲ ရှိပေသည်။

ဒေါက်တာမင်းထင်ကျော် နေထိုင်သော ရွှေတောင်



www.burmeseclassic.com

www.burmeseclassic.com



ကြားရပ်ကွက်မှာ လွတ်လပ်ရေးရပြီးစနောက်ပိုင်း ကာလမှာ မှာပင် နေထိုင်သူလူဦးရေ သိပ်မများလှသေးပဲ တိတ်ဆိတ်ငြ သက်သော နေရာတစ်ခုပင် ဖြစ်ပေသည်။

နေရာအနှံ့ ကြီးမားသော ကုက္ကိုလ်ပင်ကြီးများ အငြ မအုပင်ကဲ့သို့ သစ်ပင်ကြီးများက အုပ်မိုးထားပြီး ခြံစိုက်ပျိုးသူမျာ နွားမွေးမြူသော ကုလားခြံများလည်း ရှိကြပေသေးသည်။

နေထိုင်ကြသူ အများစုတို့မှာလည်း ခြံကျယ်ဝန်းကျ တို့ဖြင့် နေကြသည်က များကြသည်။ အဘယ်ကြောင့်ဆိုသေ မြေဈေးသက်သာသဖြင့် နီးစပ်ရာ မြေကွက်များကို ဈေးနှုန်း သာစွာဖြင့် ဝယ်ယူကြပြီး ကျယ်ကျယ်ဝန်းဝန်း နေထိုင်ကြခြ ဖြစ်သည်။

(၁၉၇၅)ခုနှစ် နောက်ပိုင်းမှာပင် နယ်ဘက်မှလာသေ မိတ်ဆွေတစ်ယောက်မှာ ရွှေတောင်ကြားရပ်ကွက် ယခု စပယ် ဦးရုပ်ရှင်ခြံနှင့်နီးသော မြေကွက်တစ်ကွက်ကို အဖိုးနှုန်း ချိုသ စွာဖြင့် ဝယ်ယူရခဲ့ဖူးသည်။

ပေတစ်ရာခန့်ကျယ်သောမြေကွက်ကို ငွေကျပ်(၈၀၀၀ ကျပ်ဖြင့် ရခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေး ရပြီးနောက်ပိုင်းကာလတွင် အင်းလျာ လမ်း တက္ကသိုလ်ရိပ်သာလမ်း တစ်လျှောက်မှာပင် မြေတစ်ကွ ကို ကျပ်ရှစ်သောင်းလောက်ဖြင့် ဝယ်ယူရရှိနိုင်ခဲ့သည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ နေရာတစ်ပိုင် မှာ လူသွားလူလာရှင်းပြီး တိတ်ဆိတ်ငြိမ်သက်နေခြင်း ဖြစ်သည်





ဘောင်ဒရီလမ်း၊ (ယခု ဓမ္မစေတီလမ်း)တလျှောက်မှာ သာ ကားအချို့ သွားလာမှုရှိသော်လည်း မြေသားလမ်းများသာ ရှိသောအတွင်းဘက်ကိုတော့ ကားအဝင်အထွက်မရှိသလောက် နည်းလှပေသည်။

ကိုယ်ပိုင်ကား ရှိသူတို့ရောက်သာ အသုံးပြုကြပြီး အ ခြားအပြင်မှ လာသူတို့ကတော့ မရှိသလောက် နည်းပါးလှသည်။

ဒေါက်တာမင်းထင်ကျော်မှာ လူရွယ်တစ်ယောက်ပင် ရှိသေးသော်လည်း ပင်ကိုယ်ဗီဇက အေးအေးဆေးဆေးပင် နေ ချင်သူ ဖြစ်ပေရာ ထိုနေရာ ထိုရပ်ကွက်မျိုးကို များစွာနှစ်သက် သဘောကျလေသည်။

ယခုလည်း နံနက်ပိုင်း တိတ်ဆိတ်ငြိမ်သက်သောအချိန် တွင် အေးအေးအိပ်နေရာ ခြံပေါက်ဝဘက်မှ ကားဟွန်းတီးသော အသံကြားသဖြင့် အိပ်ယာမှ ထရလေတော့သည်။

ကားသံကို ကြားသည်နှင့်ပင် စုံထောက်ကျော်စွာကား ဖြစ်မည်ကိုသိသဖြင့် မျက်နှာသစ်ကိုယ်လက်သန့်စင်ကာ. . အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်ရောက်တော့ ဧည့်ခန်းတွင် စုံထောက် ကျော်စွာအပြင် အခြားသူတစ်ယောက်ကိုပါ မမျှော်လင့်ပဲ တွေ့ လိုက်ရသဖြင့် များစွာအံ့ဩမှု ဖြစ်သွားလေသည်။

သို့ကြောင့် သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်ထိုင် ထိုင်ရင်း အကျိုးအကြောင်း မေးမြန်းရသည်။

"ကိုမြတ်ဆွေပါ ပါလာတာပါလား၊ ဘယ်လိုအကြောင်း"



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စများ အရေးကြီးလာကြလို့လဲ"

ထိုအခါ စုံထောက်ကျော်စွာကပင် ဝင်ပြောပြသည်။

"မြန်မြို့သံ အကသင်တဲ့ကျောင်းမှာ လူသတ်မှု ဖြစ်နေလို့တဲ့ဆရာ၊ သေတဲ့လူက ကိုဘညိုတဲ့"

"ဒါနဲ့ ကိုမြတ်ဆွေက ခင်ဗျားနဲ့ ဘယ်လိုပါလာတာလဲ"

"သူက ဗဟန်းဂါတ်တဲကိုလာပြီး တိုင်ချက်ဖွင့်ရင်းနဲ့ ကျွန်တော်နဲ့တွေ့လို့ ဒီကိုခေါ်လာတာပဲ"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က မောင်မြတ်ဆွေကို တစ်ချက်ကြည့်ကာ မေးလိုက်သည်။

"ဘယ်လိုကြောင့် သေတာလဲ"

"သူ့ရဲ့သတ်လို့ သေတာလား၊ လူသတ်လို့ပဲ သေတာလား၊ ကျွန်တော်တို့လည်း သေသေချာချာတော့ မသိသေးပါဘူး တော်တော်တော့ ကြောက်ဖို့ကောင်းတယ်၊ ဆရာတို့ လိုက်ကြည့်မှပဲ သိရမယ် ထင်ပါတယ်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော် အခန်းထဲသို့ ဝင်ပြီး အဝတ်အစားလဲခြင်း၊ လိုအပ်သော ပစ္စည်းများကိုပါ တစ်ပါတည်းယူဆောင်ကာ ၎င်းတို့နှင့်အတူ အပြင်သို့ ထွက်လာလေသည်။

ကားပေါ်ရောက်တော့ စုံထောက်ကျော်စွာက ကားမောင်းပြီး ဒေါက်တာမင်းထင်ကျော်က နံဘေးမှ ထိုင်လိုက်လာလေသည်။

"အခင်းဖြစ်တဲ့နေရာကို လွှတ်လိုက်ပြီလား ကိုကျော်





ဘွာ"

"လွှတ်လိုက်ပြီ ဆရာ၊ သဲလွန်စတွေ မပျောက်ပျက်ဖို့ ကြိုတင်လေ့လာမှုတွေ လုပ်ထားဖို့ ဆားပုလင်း မောင်ကျော်တို့ အဖွဲ့ကို လွှတ်ထားပြီးပြီ"

ဟုပြောသဖြင့် စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

နောက်ဘက်နားမှ ကပ်ထိုင်လာသော မောင်မြတ်ဆွေ ကတော့ ဒေါက်တာမင်းထင်ကျော်ကိုကြည့်ပြီး အံ့သြနေဟန်ရှိလေသည်။ ပုလိပ်အဖွဲ့မှ မဟုတ်ပါပဲ ယခုလို တကူးတက သွားရောက်ခေါ်ခဲ့ရသည်ကိုပင် ထူးဆန်းနေဟန်ရှိသည်။

"မွေးနေ့ပွဲနေ့တ ကိုမြတ်ဆွေတီးတဲ့ ပတ္တလားလက်သံက အတော့်ကိုကောင်းတယ်၊ စောင်းသံလို အသံလွင်ထွက်လာအောင် တီးနိုင်ပါပေတယ်၊ အဲဒီနေ့က ကျွန်တော်အကြိုက်ဆုံး သီချင်းက တောကြီးမြိုင်ဟေမာဆိုတဲ့ သီချင်းပါပဲ၊ တီးတဲ့လူက လည်းကောင်း၊ ဆိုတဲ့လူကလည်း ကောင်းဗျာ"

ဒေါက်တာမင်းထင်ကျော်က အမှုအခင်းနှင့် မသက်ဆိုင်သည့် ဂီတအကြောင်းများကို ပြောနေပြန်သဖြင့် ဘာပြန်ပြောရမှန်းပင် မသိအောင် ဖြစ်သွားလေတော့သည်။

"ဒါထက် ကိုမြတ်ဆွေတီးတဲ့ ဝါးပတ္တလားက နှစ်ဆယ့်သုံးလုံးလား၊ နှစ်ဆယ့်လေးလုံးလား"

"နှစ်ဆယ့်လေးလုံးပါ"

"ကိုမြတ်ဆွေတီးတဲ့လက်ခတ်က အရိုးရှည်ပြီး ထိပ်က



www.burmeseclassic.com

www.burmeseclassic.com



အဓော်မာမုံရတယ်၊ ဒါကြောင့် ပတ္တလားသံက လွင်ပြီး ထွက်နေတာဖြစ်မယ်"

"ဆရာက ဂီတတော့ အတော်ကလေး နှံ့နှံ့စပ်စပ် လေ့လာထားပုံရတယ်၊ ဆရာမေးတာတွေကို ဂီတနဲ့ ဝမ်းစာရှာနေတဲ့ သူတွေထဲမှာတောင် အချို့ နှံ့နှံ့စပ်စပ် မသိကြပါဘူး"

"ကျွန်တော်က ဂီတဝါသနာပါတော့ စာအုပ်တွေဖတ်ပြီး လေ့လာထားတာတွေပါဗျာ၊ လက်တွေ့ တီးပြပါဆိုရင်တော့ ဝီးလခွပ်တောင် ဖြောင့်အောင်မတီးတတ်ပါဘူး"

ဟုပြောကာ သူကစကားကို သူ့ဖာသာသဘောကျဟန်ဖြင့် ခပ်တိုးတိုး ရယ်နေလေသည်။

နံဘေးမှ ကားမောင်းနေသော စုံထောက်ကျော်စွာထံတော့ အမှုအကြောင်း စဉ်းစားနေသည်ကတစ်ကြောင်း ဒေါက်တာမင်းထင်ကျော်အကြောင်းလည်း အတော်အတန် သိထားပြီးသူ ဖြစ်သောကြောင့် ထွေထွေထူးထူး ဝင်ရောက်ပြောဆိုခြင်း မပြုပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ အမှုအခင်းနှင့် ပတ်သတ်သော အကြောင်းများကို တစ်ခွန်းတစ်လေမှ မမေးပဲ ဗီးကရက်ဖွာလိုက်၊ ဂီတနှင့်ပတ်သက်သည့် အကြောင်းများ ပြောလိုက်နှင့်သာ လိုက်ပါလာလေသည်။

မောင်မြတ်ဆွေ စိတ်ထဲမှာတော့ လူထူးလူဆန်း တစ်ယောက်နှင့် တွေ့နေရသကဲ့သို့ ထင်မိလေသည်။

"အဲဒီနေ့က ကိုမြတ်ဆွေတို့တီးတဲ့ သီချင်းတိုင်းကို ကျွန်





တော် သေသေချာချာ နားထောင်ကြည့်တယ်ဗျ၊ တိမ်ယံတွန်ပြေးဆိုတဲ့ သီချင်းမှာတော့ ခင်ဗျားက စာသားတွေ မွှေနှေပုံရတယ်"

"ဟင်. . ဆရာက ဘယ်လိုများ သိတာပါလိမ့်"

"အတီးပုဒ်တွေမှာ သီချင်းမရပေမယ့် တီးလုံးတွေကို ရောပြီးတီးတယ်၊ ဖျောက်ပြီးတီးနိုင်တယ်၊ အသံရောက် အသံမိတ်တွေကို ပေါင်းစပ်ပြီး တီးပေးနိုင်တယ်၊ သာမန်နားထောင်ကြည့်ရင်တော့ ပတ္တလားတီးတဲ့သူက သီချင်းစာသားတွေ တစ်လုံးမကျန် ရနေတယ်လို့ ထင်ရတာပေါ့ဗျာ၊ ဒါလည်း ပညာတစ်ခုပဲဗျ၊ မရှိတာကို အရှိလုပ်ပြီး တီးနိုင်တာကိုက ပညာပဲ"

ဟု ချီးကျူးလေသည်။

"ဆရာက သုတေသနသမားတစ်ယောက်လို့ ပြောတယ်၊ ဂီတနဲ့ပတ်သက်ရင် သိပ်မသိသေးဘူးလို့လည်း ဝန်ခံထားသေးတယ်၊ ဒါပေမယ့် ဆရာပြောနေတာတွေက ကျွန်တော်တို့လို သာမန်အဆင့်အတန်းလောက်သာရှိတဲ့ ဂီတသမားတွေ မပြောနဲ့ ဒိတ်ဒိတ်ကြဲ ဂီတပညာရှင်ကြီးအချို့တောင် သိနိုင်တဲ့ ကိစ္စမျိုး မဟုတ်ပါဘူး၊ ဒီတစ်ခါတော့ ကျွန်တော်က ဆရာ့ကို ပြန်ပြီး ချီးကျူးရမှာပဲ"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပဲ ပြုံးရုံသာ ပြုံးနေလေသည်။

စုံထောက်ကျော်စွာက ကားကို ကမ္ဘာအေးဘုရားလမ်းအဆိုင်း မောင်းလာရာ နံနက်(၉)နာရီ အချိန်လောက်တွင် အမှု

www.burmeseclassic.com

အခင်းဖြစ်နေသော နေအိမ်သို့ ရောက်လာကြလေသည်။

ကားကို ခြံဝန်းတစ်နေရာမှာပင် ရပ်ထားခဲ့ပြီးနောက် ကားပေါ်မှ ဆင်းကြလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ ကားရောက်တော့ အိမ်ထဲမှ လူအချို့ထွက်လာကြသည်။

ထိုအထဲတွင် မြနန်းကြည်နှင့် မြသင်းကြူတို့လည်း ပါကြသည်။ အိမ်ထဲမှာတော့ လူအတော်များများ ရောက်နေကြဟန်ရှိလေသည်။

စုံထောက်ကျော်စွာ ကြိုတင်လွှတ်လိုက်သည့် ဆားပုလင်းမောင်ကျော်နှင့် ပုလိပ်များအပြင် သတင်းကြားသဖြင့် လာရောက်နေကြသော သင်တန်းသူသင်တန်းသားအချို့လည်း ရှိနေကြသည်။

မြသင်းကြူကတော့ စုံထောက်ကျော်စွာနှင့်အတူ ကားရှေ့ခန်းမှ ပါလာသော ဒေါက်တာမင်းထင်ကျော်ကိုပါတွေ့သောအခါ များစွာအံ့သြနေဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ကားပေါ်မှဆင်းသည်နှင့် မြနန်းကြည်ရပ်နေသောနေရာသို့ လျှောက်သွားလေသည်။

မြနန်းကြည်မှာ အသက်(၃၀)ကျော် အရွယ်ခန့်ရှိနေပြီမို့ အသက်အရွယ်အရ သူ့ထက်အနည်းငယ် ကြီးဟန်တူလေသည်။

မှုက်နှာအမူအယာမှာ ယောက်ျားသေဆုံးသွားခဲ့ခြင်းကြောင့် များစွာစိတ်သောက ရောက်နေသော အမူအယာမျိုးဖြစ်သည်။ အနားမှာရှိနေသော မြသင်းကြူက ပြောပြသဖြင့်





မြနန်းကြည်မှန်း သိရလေသည်။

"သတင်းကြားရတာ စိတ်မကောင်းပါဘူး၊ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောပြပေးပါ၊ သူဘယ်လိုဖြစ်ပြီး သေတာလဲ"

"သူ့နာမည်က ကိုဘညိုလို့ ခေါ်ပါတယ်၊ ဇာတ်ထဲမှာ ကျားက,ကတဲ့အခါ ကောင်းလို့ ကျားဘညိုလို့လည်း ခေါ်ကြပါတယ်၊ တိုင်းချစ်ရွှေလင်းဇာတ်အဖွဲ့ ပြိုကွဲသွားပြီးတဲ့ နောက်ကျမှ သူနဲ့ကျွန်မနဲ့ လက်ထပ်ခဲ့ပြီး ဒီသင်တန်းကျောင်း ထောင်ခဲ့တာပါ"

"ကိုဘညိုက အသက်ဘယ်လောက် ရှိပြီလဲ"

"(၃၅)နှစ်လောက်တော့ ရှိပြီထင်ပါရဲ့"

"သူ့မှာ ရန်ငြိုးရန်စများ ရှိသလား"

"ကျွန်မသိသမျှတော့ သူ့မှာ ရန်ငြိုးရန်စရှိမယ် မထင်ပါဘူး"

"မသေခင်ရက်က ဘယ်လိုထူးခြားမှုမျိုးတွေ တွေ့ခဲ့ရသလဲ၊ သတိထားမိတာတွေ ပြောပြပေးပါ"

"လူသတ်မခံရခင်က ထူးထူးခြားခြားဖြစ်တာကတော့ သရဲခြောက်ခံရတယ်"

"ဘယ်လိုခြောက်တာလဲ"

"အပေါ်ထပ် ပြတင်းပေါက်နားမှာ သရဲခေါင်းပြတ်ကြီးတွေ တွေ့တယ်လို့တော့ ပြောပါတယ်"

"ဘယ်နှခါလောက် တွေ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခါသုံးခါလောက်တော့ တွေ့တယ်ထင်တာပဲ. . .၊ ကျွန်မ သေသေချာချာ မသိပါဘူး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"သူ့ကို ဘယ်သူသတ်တယ်လို့ ထင်ပါသလဲ"

"သူ့ကကို သရဲသတ်တာဖြစ်ချင်ဖြစ် မဟုတ်ရင်တော့"

ထိုနေရာရောက်တော့ မြနန်းကြည်က စကားရပ်တုံ့သွားသည်။

"ဆက်ပြောပါဦး"

ကျွန်မအထင် ပြောရရင်တော့ ပုဏ္ဏားကျောက်အိုးလက်ချက် ဖြစ်မယ်လို့တော့ ထင်တာပါပဲ"

"ပုဏ္ဏားကျောက်အိုးဆိုတာ ဘယ်သူလဲ၊ ဘာကြောင့် သတ်တာ ဖြစ်မလဲ"

"ပုဏ္ဏားကျောက်အိုးဆိုတာ ကျွန်မတို့ ဇာတ်ကတဲ့အချိန်က ဇာတ်ထဲမှာ လူကြမ်းလုပ်တဲ့သူပါ၊ နောက်တော့ ကျွန်မရဲ့ အရင်ယောကျ်ား တိုင်းချစ်ရွှေလင်းကို ဓားနဲ့ခုတ်သတ်ပြီး ထွက်ပြေးသွားခဲ့တဲ့သူပါ၊ အခုတော့. . ဝရမ်းပြေးဖြစ်နေခဲ့ပြီး ရန်ကုန်ရောက်နေတယ်ဆိုလား သတင်းတော့ ကြားမိပါတယ်"

"သူတို့ချင်းက ရန်ငြိုးရန်စ ရှိခဲ့ဖူးလို့လား"

"ဇာတ်ထဲမှာ အတူလုပ်နေတုန်းကတော့ အဆင်မပြေတာတွေ ရှိခဲ့မယ် ထင်တာပါပဲ၊ တလောက မိတ်ဆွေဟောင်းတစ်ယောက်နဲ့တွေ့တုန်းက သူ ရန်ကုန်ရောက်နေတာ တွေ့လိုက်မိတယ်လို့တော့ ပြောသွားတယ်"





"ဒါထက်. . ညတုန်းက ဒီအိမ်မှာ လူဘယ်နှစ်ယောက် ရှိကြသလဲ"

"အပေါ်ထပ်မှာ ကျွန်မတို့လင်မယား နေကြပါတယ်၊ အောက်ထပ်မှာတော့ ထမင်းချက်လင်မယား နေပါတယ်"

"တခြား ဘယ်သူတွေ ရှိကြသေးသလဲ"

"ပွဲခူးဘက်က အကလာသင်တဲ့ တပည့်နှစ်ယောက် ရှိပါတယ်၊ ဒါပေမယ့် သူတို့က မနက်အစောကြီးထပြီး ဘုရားကြီးကို သွားကြပါပြီ"

"သူတို့ နာမည်တွေနဲ့ လိပ်စာတွေကို သိပါသလား"

"နာမည်တွေတော့ သိပါတယ်၊ သူတို့နှစ်ယောက်က ညီအစ်ကိုပါ၊ တစ်ယောက်က မိုးအောင်၊ တစ်ယောက်က တိုးအောင်လို့ ခေါ်ကြပါတယ်၊ နေတဲ့နေရာတွေတော့ သေသေချာချာ မသိပါဘူး"

ဟု ပြောပြလေသည်။ ထိုအခိုက်မှာပင် စုံထောက်ဘော်စွာ အနားပြန်ရောက်လာပြီး အခြေအနေကို ပြောပြလေသည်။

"အလောင်းက ဘယ်မှာလဲ"

"အပေါ်ထပ်က အခန်းတစ်ခန်းထဲမှာ ဆရာ"

သို့ကြောင့် မြနန်းကြည်ပါခေါ်ပြီး အိမ်အပေါ်ထပ်သို့ တက်လာကြသည်။

မောင်မြတ်ဆွေလည်း တက်လိုက်လာသည်။

မောင်မြတ်ဆွေက မြနန်းကြည်အား အကူအညီပေးရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပါလာခြင်းဖြစ်ပေသည်။

အပေါ်ထပ်တွင် အခန်းနှစ်ခန်းရှိသည်။ တစ်ခန်း
မြန်န်းကြည်နေသောအခန်းဖြစ်ပြီး နောက်တစ်ခန်းက ဦးဘညီ
နေသောအခန်း ဖြစ်ပေသည်။

ဦးဘညိုနေသောအခန်းက နောက်ဘက်ခြမ်း၌ ရှိ
သည်။ အပေါ်ထပ်မှာတော့ ထွေထွေထူးထူး ဘာပစ္စည်းမှ မတွေ့
ရပေ။ အခန်းထောင့် တစ်နေရာတွင် ချထားသော ဇာတ်ပစ္စည်း
ထည့်သော သေတ္တာကြီး နှစ်လုံးသုံးလုံးသာ ရှိပေသည်။

ခေါင်းရင်းဘက်မှာတော့ ပိတ်ထားသော အခန်းနှ
ခန်းရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က ဦးဘညိုနေသော အခန်း
တံခါးကို ဖွင့်ကြည့်လိုက်သည်။ တံခါးဖွင့်လိုက်သည်နှင့် သွေးညှီ
နံ့များက စူးစူးဝါးဝါး ထွက်လာလေသည်။

နံရံနှင့်ကပ်လျက်နေရာမှာ ကုတင်ရှိပြီး ကုတင်အော
မှာတော့ အညိုရောင် အဝတ်စကြီးဖြင့် ဖုံးထားသော အလော
က ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းတွင်းမှ အခြေအ
နေကို အကဲခတ်ကြည့်နေသည်။ ထူးထူးခြားခြား ဘာမှတော့
မတွေ့ရပေ။

ထိုအချိန်မှာပင် တစ်အိမ်လုံးကို ပိုက်စိပ်တိုက်ပြ
သဲလွန်စ ရှာဖွေနေဟန်ရှိသော ဆားပုလင်းမောင်ကျော်
အခန်းတွင်းသို့ ဝင်ရောက်လာသည်။





စုံထောက်ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်တို့ကို
မြင်သောအခါ အရိုအသေပေးလိုက်သည်။

"အလောင်းကို စစ်ဆေးပြီးပြီလား"

"နည်းနည်းပဲ ကြည့်ရပါသေးတယ်၊ သဲလွန်စလေးတွေ
ပျောက်ပျက်ကုန်မှာစိုးတာနဲ့ ဒီအတိုင်းပဲ တံခါးပိတ်ထားခဲ့တာပါ"

ဒေါက်တာမင်းထင်ကျော်က ကျေနပ်သော အမူအယာ
ဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီးနောက် အလောင်းအနီးသို့
လျှောက်သွားကာ အဝတ်စကို အသာအယာပင် ဖယ်လိုက်လေ
သည်။

အလောင်းမှာ ရက်စက်စွာပင် အသတ်ခံထားရသဖြင့်
မျက်နှာအမူအယာမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။

လည်ပင်းတစ်ခုလုံး ကိုက်ဖြတ်ထားဟန်ဖြင့် ပွင့်ထွက်
နေသည်။ ထိုနေရာမှ ဒရဟောကျနေသော သွေးများက ကြမ်း
ပြင်ပေါ်မှာပင် အိုင်ထွန်းနေသည်။

သွေးများပေါ်မှာ ယင်ကောင်အချို့ အုံနေကြပြီး သွေး
ညှီနံ့များက အခန်းထဲမှာ လှိုင်နေသည်။

အလောင်းကို ဖုံးထားသော အဝတ်စကို ဖယ်လိုက်က
တည်းက မြန်န်းကြည်မှာ အခန်းထဲ မဝင်တော့ပဲ အခန်းပေါက်
ဝမှ မရဲတရဲ လှမ်းကြည့်နေရှာသည်။

ကိုဘညိုမှာ အသက်(၃၅)နှစ် ကျော်ကျော်ခန့်ပင် ရှိ
သေးပြီး ကျန်းမာသန်စွမ်းသူ ဖြစ်သည်။

ယခု လည်ပင်းတစ်ခုလုံး အကွင်းလိုက် ပြတ်ထွက်



www.burmeseclassic.com

www.burmeseclassic.com

အောင် ကိုက်ဖြတ်ခံထားသည့်တိုင်အောင် ပြန်လည်ခုခံတို ခိုက်သော အမူအယာမျိုး မတွေ့ရပေ။

ဒဏ်ရာမှာ ဓားစသော အသွားထက်လှသည့် လ နက်မျိုးဖြင့် လှီးဖြတ်ထားခြင်းမျိုး မဟုတ်ပဲ ချွန်ထက်လှသော သွား၊ အစွယ်တို့ဖြင့် ကိုက်ဖြတ်ထားသော ဒဏ်ရာဖြစ်မှန်း သ သာပေသည်။

တစ်ကိုယ်လုံး စစ်ဆေးကြည့်ပြန်တော့လည်း အခြား ဒဏ်ရာ မတွေ့ရပေ။ လည်ပင်းမှ ဒဏ်ရာဒဏ်ချက်နှင့်ပင် အ သက်သေဆုံးခဲ့ရဟန် ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်က အလောင်းကို အဝတ်ပြ ပြန်ဖုံးထားလိုက်ပြီး စီးကရက်တစ်လိပ်သောက်ရင်း လေးလေ နက်နက် စဉ်းစားနေလေသည်။

ထိုအချိန်မှာပင် ဆားပုလင်းမောင်ကျော်က အခန်း ပေါက်ဝမှာ ရှိနေသူများ အောက်ထပ်သို့ ပြန်ခေါ် ချသွားသဖြ အခန်းထဲမှာ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ နှစ်ယောက်သာ ကျန်ခဲ့လေသည်။

"ကိုကျော်စွာ ဘယ်လိုယူဆသလဲ"

"သေနတ်နဲ့လည်းမဟုတ်၊ ဓားလှံစတဲ့ လက်နက်မျိုး ကြောင့် သေတာလည်း မဟုတ်ဘူးဆိုတော့ သတ္တဝါတစ်ကောင် ကောင်ကိုက်လို့ သေတာဖြစ်မယ်. . ထင်တယ်"

"ကြည့်ရင်တော့ ဒီလိုပဲ ယူဆစရာရှိပါတယ်၊ ဒဏ်ရာ ကြည့်တော့လည်း ချွန်ထက်တဲ့ အစွယ်ရာတွေ တွေ့ရတယ်





ဘယ်လိုသတ္တဝါမျိုး ဖြစ်မလဲ"

"ဝက်ဝံတို့ ကျားတို့ ကျားသစ်တို့တော့ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဒီအခန်းထဲကို ပြတင်းပေါက်က တစ်ပေါက်ထဲရှိပြီး သံတိုင်တွေ စိုက်ထားတော့ ဝင်လာလို့မရဘူး၊ အောက်ဖက်က တံခါးမပိတ်မိလို့ ဝင်လာတယ်ဆိုရအောင်လဲ. . ."

"ဒီနေရာတစ်ဝိုက်မှာ ကျား၊ ကျားသစ်၊ ဝက်ဝံတွေမှ မရှိတာ၊ ရှိတယ်ဆိုရင်တောင်မှ ဒီသတ္တဝါတွေ ဝင်ကိုက်ရင် ကိုဘ သိုက အေးအေးဆေးဆေး လည်ပင်းထိုးခံမယ့်သူမျိုးမှ မဟုတ် တာ၊ နောက်ပြီးတော့ သတ္တဝါကြီးတွေကိုက်ရင် ကိုယ်ပေါ်မှာ ယက်သည်းနဲ့ ကုတ်ခြစ်ထားတဲ့ ဒဏ်ရာဒဏ်ချက် ကျန်ခဲ့တတ် တယ်၊ အခု ဘာမှမတွေ့ရဘူး"

"ကျွန်တော် တစ်ခုတော့ စဉ်းစားမိတာ ရှိတယ်ဆရာ"

"ပြောပါဦး"

"လှက်သပ်မွေးထားတဲ့ အင်းခွေးကြီးတစ်ကောင်က ဝင် ကိုက်ထားတာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်စရာတော့ ရှိပါတယ်၊ ဒါပေမယ့် အင်းခွေးကြီး ကို ဒီအိမ်ထဲရောက်အောင်တော့ တစ်ယောက်ယောက်က ခေါ် လာမှပဲ ရမှာပါပဲ"

"ဒါဖြင့် သူတို့ပြောတဲ့အတိုင်း သရဲဝင်လာပြီး ကိုက်သတ် သွားတာများ ဖြစ်လေမလား"

"ဂမ္ဘီရနဲ့ သက်ဆိုင်တဲ့ အဖြစ်အပျက်တွေကိုပါ ထည့်ပြီး စဉ်းစားမယ်ဆိုရင်တော့ ဒါလည်း ဖြစ်နိုင်ခြေထဲမှာထည့်ပြီး


www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလို့ ရပါတယ်၊ ဒါပေမယ့် ကိုကျော်စွာ အထက်အရာရှိ တွေကို ရိုပို့တင်ရင်တော့ သရဲသတ်လို့ သေတာပါလို့တော့ ဒေ လို့ရမှာ မဟုတ်ဘူး”

ဟုပြောသောအခါ စုံထောက်ကျော်စွာလည်း ခေါင်း ကုပ်နေလေတော့သည်။

အခန်းထဲမှာ ဘယ်သူမှ မရှိသောအခါမှ ဒေါက်တာ မင်းထင်ကျော်က အလောင်းကိုယ်ပေါ်မှာ ဖုံးထားသော အဝတ် စကို ထပ်မံဖယ်ရှားလိုက်ပြီး အသေးစိပ် ထပ်မံစစ်ဆေးလေ တော့သည်။

သေသူ၏ကိုယ်ပေါ်သို့ သဲလွန်စများရှာဖွေခြင်း၊ ဒဏ် ရာကိုသော်လည်းကောင်း၊ ပါးစပ်ကိုသော်လည်းကောင်း နမ်း ကြည့်ခြင်းများ ပြုလုပ်လေသည်။

ဒဏ်ရာမှာ ချွန်ထက်လှသည့် သွားအစွယ်တို့ဖြင့် ကိုက် ဖြတ်ထားရာ အကွင်းလိုက်ကြီး ပွင့်ထွက်နေပြီး လည်ချောင်းမို ပင် ပေါ်နေသည်။

စုံထောက် ကျော်စွာကလည်း အခန်းထဲမှာ ထင်နေ သော ခြေရာလက်ရာများ သဲလွန်စများကို စေ့စေ့စပ်စပ် လိုက် လံကြည့်ရှုနေလေသည်။

သူအိပ်သော ကုတင်ပေါ်မှာတော့ ငါးတောင့်ထိုး လက် နှိပ်မီးတစ်လက်၊ ပုတီးတစ်ကုံးသာရှိသည်။

ဒေါက်တာမင်းထင်ကျော်က ကုတင်ပေါ်မှ ပစ္စည်းများ ရော ကုတင်နံ့ဘေးမှာရှိသော စားပွဲပေါ်မှာရှိသော ခြေရာလက်





ရာများကိုပါ စစ်ဆေးကြည့်ပြီး မှတ်ချက်ချသည်။

“ကိုဘညိုက ဘာသာရေးကို စွဲစွဲမြဲမြဲလုပ်ပုံတော့ မရပါ ဘူး။ ဒီပုတီးက မကြာသေးခင်ကမှ သူ့အခန်းထဲ ယူထားတာ ဖြစ်ပုံရတယ်”

“ဘယ်လိုကြောင့်လဲ ဆရာ”

“ဘာသာရေးကို စွဲစွဲမြဲမြဲ လုပ်တဲ့သူဆိုရင် သူနေတဲ့ အခန်းထဲမှာ ဘုရားစင်၊ ရုပ်ပွားတော် ဒါမှမဟုတ် ဘာသာ ရေးနဲ့သက်ဆိုင်တဲ့ စာအုပ်ကိရိယာတွေ ရှိရမှာပေါ့၊ ပုတီးက လည်း သူယူထားပေမယ့် စိပ်ဖြစ်ပုံတော့ မရဘူး၊ ဘာကြောင့် သဲဆိုတော့ ပုတီးကြိုးတွေက တင်းပြီး မာနေတုန်းပဲ ရှိနေသေး တယ်”

“သူမသေခင်က သရဲခြောက်ခံရတယ်လို့ ပြောတယ်၊ သရဲကြောက်လို့ ပုတီးယူထားတာ ဖြစ်နိုင်တာပေါ့၊ လက်နှိပ် မီးကလည်း သရဲခြောက်ရင် ထိုးကြည့်ဖို့ ဆောင်ထားတာပဲ ဖြစ် မှာပေါ့”

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ကုတင်နံ့ဘေး မှာ ချထားသော စားပွဲပေါ်သို့ လက်ညှိုးထိုးပြရင်း ပြောလိုက်လေ သည်။ ထိုအခါ စုံထောက်ကျော်စွာက သေသေချာချာ လှေလာ ကြည့်ပြီးမှ ပြောသည်။

“မသေခင် ကော်ဖီတစ်ခွက် သောက်သွားပုံပဲ၊ ကော်ဖီ ခွက်တွေတော့ တွေ့ရတယ်၊ ကော်ဖီပန်းကန်တော့ မတွေ့ရဘူး”

ဟုပြောပြီး မခြောက်တခြောက်ပင် ဖြစ်နေသေးသော

www.burmeseclassic.com

www.burmeseclassic.com




ကော်ဖီစက်ကို ယက်ဖြင့်တို့ကာ နမ်းကြည့်လိုက်လေသည်။

"ဟုတ်ပါတယ် ၊ ၊ သူမသေခင်က ကော်ဖီတစ်ခွက် သောက်သွားသေးတယ်၊ အဲဒီအချိန်အထိတော့ သူသေရတော့မယ်ဆိုတာ သိခဲ့ပုံမရဘူး၊ ဒါကြောင့် ကော်ဖီသောက်နိုင်တာပေါ့"

"တဖြည်းဖြည်းတော့ နီးစပ်လာပြီ"

ထိုသို့ပြောဆိုပြီး နှစ်ယောက်သား သဲလွန်စများကို လိုက်လံရှာဖွေနေစဉ် အလောင်းကိုကြည့်ရင်းနှင့် ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ရာ တွေ့မိသဖြင့် စုံထောက်ကျော်စွာကိုခေါ်ပြီး အသာမကြည့်လိုက်ရာ ကျောအောက်ဖက်တွင် စာရွက်တစ်ရွက် တွေ့ရသဖြင့် အသာယူပြီး ကြည့်လိုက်သည်။





သွေးစွန်းနေသော စာရွက်ပေါ်မှာ ရေးထားသည့်ပုံမှာ ဗျည်းဝဂ်စာများဖြင့် ရေးထားသော စက်ဝိုင်းတစ်ခုပင် ဖြစ်ပေတော့သည်။

ထိုအမှတ်အသားကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်က ကျေနပ်စွာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။

"ဒါ ဘယ်လိုအဓိပ္ပါယ်လဲ ဆရာ"

"စာဝဂ်ရေးထားတာပဲ၊ ဒီစာတွေရဲ့ အဓိပ္ပါယ်ကို ဖော်နိုင်ရင် လူသတ်သမားကို ဖော်ထုတ်ဖို့ မခက်တော့ဘူးပေါ့၊ ကဲ စစ်မေးစရာတွေလည်း စစ်ဆေးလို့ ပြီးပါပြီ၊ ဆားပုလင်းမောင်ကျော်တို့ကို ခေါ်ပြီးတော့ အလောင်းကို ဆေးရုံကြီး ပို့ပေးဖို့သာ ခိုင်းပါတော့"

ဟုပြောဆိုပြီးနောက် ဒေါက်တာမင်းထင်ကျော်က စက်ဝိုင်းကားချပ်ကလေးအား အိတ်အတွင်းသို့ထည့်ကာ အောက်ထပ်သို့ ပြန်ဆင်းလာလေတော့သည်။

www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၉)

# လျှို့ဝှက်စာနှင့် သဲလွန်စများ

ကိုဘညိုအလောင်းကို ပုလိပ်အချို့က ဆေးရုံကြီးသို့ သယ်ဆောင်သွားပြီးနောက်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့က ထိုအိမ်မှာနေကြသော လူလေးယောက်အနက် ကျန်သုံးယောက်ကို မေးမြန်းစုံစမ်းမှုကို စတင်လုပ်ကြလေသည်။

ဦးစွာ ကာယကံရှင်ဖြစ်သော မြနန်းကြည်ကိုပင် အရှင်

www.burmeseclassic.com



စစ်မေးရလေသည်။

“ကျွန်တော်တို့ကို ကူညီပေးတဲ့အနေနဲ့ ရှေ့ပိုင်းက အဖြစ်အပျက်တွေပါ ထည့်ပြောပေးပါ”

“ကိုဘညိုနဲ့ ကျွန်မက ငယ်လင်ငယ်မယားတော့ မဟုတ်ပါဘူး၊ ကျွန်မယောက်ျား ကိုရွှေလင်း သေသွားပြီးတော့မှ လက်ထပ်ခဲ့ကြတာပါ”

“ကိုရွှေလင်းဆိုတာ တိုင်းချစ်ရွှေလင်းဆိုတဲ့ ဇာတ်မင်းသားကို ပြောတာမဟုတ်လား”

“ဟုတ်ပါတယ်”

“ဒါဖြင့် ကိုဘညိုက အဲဒီကတည်းက ဇာတ်ထဲမှာ ရှိနေခဲ့တာပေါ့”

“ဟုတ်ပါတယ်၊ သူက ကျားကကောင်းလို့ ကျားဘညိုလို့ ခေါ်ကြတယ်၊ လူကြမ်းလုပ်တဲ့အခါလည်း လုပ်ပေါ့”

“ပုဏ္ဏကကျောက်အိုးကရော”

“သူလည်း ကျွန်မတို့ ဇာတ်အဖွဲ့ထဲမှာ အလုပ်လုပ်တာပါပဲ၊ သူကတော့ လူကြမ်းခေါင်းဆောင်ပေါ့၊ သူတို့နှစ်ယောက်တဇာတ်ထဲမှာ အလုပ်လုပ်နေကြကတည်းက သိပ်ပြီးမသင့်မြတ်ကြဘူး”

“ဘယ်လိုကြောင့်လဲ”

“ကျွန်မတို့ ဇာတ်အဖွဲ့ထဲမှာ အရင်က မြကြာမှုံဆိုတဲ့ မင်းသမီး တစ်လက်ရှိတယ်၊ အသံလည်းကောင်း ရုပ်လည်းချောတဲ့ မင်းသမီးတစ်လက်ပေါ့၊ ကျောက်အိုးက မြကြာမှုံကို သဘော



ကျနေတယ်”

“ဒါထက် မြကြာမှုံက ဘယ်ဇာတိလဲ”

“ပဲခူးဘက်ကပါပဲ၊ မင်းကုန်းရွာမှာ မိဘဆွေမျိုးတွေ ရှိတယ်လို့တော့ ပြောသံကြားဖူးပါရဲ့”

ဒေါက်တာမင်းထင်ကျော်က ရွာနာမည်ကို ရေးမှတ်ထားလိုက်သည်။

“ဆက်ပြောပါဦး”

“တစ်နေ့တော့ ဇာတ်ကနေရင်းနဲ့ မြကြာမှုံတစ်ယောက် သေသွားခဲ့တယ်”

“ဘယ်လိုကြောင့် သေရတာလဲ”

“ကျွန်မတို့လည်း သေသေချာချာတော့ မသိပါဘူး၊ သူသေတော့ လည်ပင်းမှာ အစွယ်ရာနှစ်ပေါက်တော့ တွေ့ရတယ်”

“ဒါထက် မြကြာမှုံသေတဲ့နေရာက ဘယ်နေရာမှာပါလဲ”

“ပဲခူးဘက်က တောတရားပွဲတစ်ခုမှာ ကရင်းနဲ့ သေသွားခဲ့တာပါ၊ မြယာကုန်းရွာလို့တော့ မှတ်မိတယ်”

ဒေါက်တာမင်းထင်ကျော်က မြယာကုန်းရွာအမည်ကို ထပ်မံရေးမှတ်ထားလိုက်ပြန်သည်။

“သူသေသွားတော့ သူ့အလောင်းကို ဘယ်မှာ သဂြိုဟ်ကြသလဲ”

“မြကြာမှုံမှာ မိဘတွေကလည်း မရှိ၊ ဆွေမျိုးသားချင်းတွေကလည်း ဘယ်နေရာမှာနေကြမှန်း မသိတာကြောင့် အဲ

www.burmeseclassic.com

www.burmeseclassic.com



လောင်းကို အဲဒီရွာက သုသာန်မှာပဲ မြှုပ်ခဲ့ကြရတယ်"

"ဒါထက် ကိုဘညိုအပေါ်မှာ ပုဏ္ဏကကျော်အိုးက ရန်ငြိုးထားနေတယ်ဆိုတာ ဘယ်လိုကြောင့်လဲ"

"မြကြာမှုံက ကိုဘညိုနဲ့ အတူတွဲပြီး မရွှေဥ ကျားကိုက်ခံရတဲ့ ဇာတ်ဝင်ခန်းကနေရင်းနဲ့ သေသွားတာဆိုတော့ ကျော်အိုးက ကိုဘညိုလက်ချက်ဆိုပြီး မသင်္ကာဖြစ်နေခဲ့တယ်၊ မစားရတဲ့အမဲ သဲနဲ့ပက်တဲ့သဘောလို့ သူကထင်နေတယ်၊ အဲဒီအချိန်ကတည်းက ကျော်အိုးက ကိုဘညိုအပေါ်မှာ အညှိုးအတေးထားခဲ့တာလည်း ဖြစ်မှာပေါ့ရှင်"

"အကြံတူတော့ ရန်သူဖြစ်တာမျိုးလည်း ဖြစ်နိုင်ပါတယ် ဒါထက် တိုင်းချစ်ရွှေလင်း သေရတဲ့အကြောင်းကို ပြောပြပါဦး"

"ကျော်အိုးက အဲဒီကတည်းက ကိုရွှေလင်းအပါအဝင် ကျွန်မတို့အပေါ်မှာ အငြိုးအတေး ထားနေတာလည်း ဖြစ်မှာပေါ့၊ သစ်ကောက်ဝါးကောက်ကိုသာ မြင်ရပေမယ့် လူရဲ့ အတွင်းစိတ် ကောက်နေတာကို မြင်နိုင်တာမျိုးမဟုတ်တော့ ဘယ်သိပါ့မလဲ"

"မှန်ပါတယ်"

"ပဲခူးဘုရားပွဲမှာ ဇာတ်ကနေရင်းမှာပဲ ဓားအစစ်နဲ့ ခုတ်သတ်သွားပြီး ထွက်ပြေးသွားတော့တာပါပဲ၊ အဲဒီကတည်းက သတင်းအစအန မကြားရတော့တာ၊ အခုမှ ရန်ကုန်ကို ရောက်နေတယ်လို့ သတင်းကြားရပြန်တော့တာပဲ၊ ဒီလူအကြောင်းကို ကျွန်မသိတန်သလောက် သိတယ်၊ အငြိုးအတေး သိပ်ကြီးတဲ့



လူစားမျိုးပဲ၊ အခု ကိုဘညိုသေရတာလည်း သူ့လက်ချက်လို့ပဲ ထင်တာပါပဲရှင်"

ဟု အသံကလေး ကတုန်ကရင်ဖြင့် ပြောပြီးနောက် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာနေလေသည်။

ထို့နောက် အခြားသိလိုသော အချက်အလက်အချို့ကို ထပ်မေးပြီးနောက် နှစ်ယောက်သား အိမ်အနောက်ဘက်ဆောင်ရှိရာဘက်သို့ လာကြလေသည်။

နောက်ဘက်အဆောင်မှာတော့ ထမင်းချက် အစေအပါး လုပ်နေကြသည့် ကိုရင်မောင်နှင့် မရင်စောတို့ နေကြလေသည်။

၎င်းတို့ နှစ်ယောက်စလုံးမှာ အသက်(၃၀)ကျော် သက်လတ်ပိုင်း အရွယ်များ ဖြစ်ကြပြီး ရိုးသားသော ဟန်အမူအယာများ ရှိကြသည်။

နှစ်ယောက်စလုံးကို အသက်၊ နာမည်၊ နေရပ်လိပ်စာစသော အချက်အလက်များ မေးမြန်းပြီးမှ အမှုနှင့်ပတ်သက်သည့် အချက်များကို ဆက်မေးရသည်။

"ခင်ဗျားတို့ နှစ်ယောက်စလုံးက ဆူတို့နဲ့ ဘယ်တုန်းကတည်းက သိကျွမ်းနေတာလဲ"

ကိုရင်မောင်တို့ လင်မယားနှစ်ယောက်စလုံးမှာ ထိုကဲ့သို့ စစ်ဆေးမေးမြန်းခြင်း ခံနေရသည်ကိုပင် များစွာကြောက်ရွံ့ထိတ်လန့်မှု ဖြစ်နေကြလေသည်။

မျက်လုံးအဝိုင်းသားဖြင့် စကားသံ ကတုန်ကရင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှုံမကပဲ တံတွေးကို မမြိုချင်ပဲနှင့် မကြာခဏ မြိုချနေကြလေသည်။

"ကျွန်တော်တို့ လင်မယားနှစ်ယောက်က ဇာတ်အဖွဲ့ မကွဲခင်ကတည်းက အလုပ်လုပ်ခဲ့ကြတာပါ။ တစ်ယောက်က ကားဆွဲ တစ်ယောက်က ထမင်းချက်ပေါ့"

"မင်းသမီး မြကြာမှုသေတော့ ခင်ဗျားတို့ မြင်ခဲ့ရတယ် မဟုတ်လား"

"ကျွန်တော်တို့ မျက်စိရှေ့တင်ပါပဲ"

"ဘယ့်လိုကြောင့် သေတယ်လို့ ထင်သလဲ"

"သေသေချာချာတော့ မသိပါဘူး ဆရာရယ်၊ ကျား ကိုက်ခံရသလို လည်ပင်းမှာ အစွယ်ရာ နှစ်ပေါက်တော့ တွေ့ရတာပါပဲ"

"သူ့အလောင်းကရော ဘယ်မှာ မြှုပ်ခဲ့ကြသလဲ"

"ဇာတ်ကတဲ့ မြယာကုန်းရွာမှာပဲ မြှုပ်ခဲ့ကြတာပါပဲ"

"ဒါထက် ကိုဘညို ဘာကြောင့်သေရတယ်လို့ ခင်ဗျား ထင်သလဲ"

"ကျွန်တော်တို့ကတော့ ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာဆိုတော့ သိပ်မသိပါဘူး"

"သူမသေခင်က ထူးထူးခြားခြား ဘာတွေ ဖြစ်ခဲ့သေးသလဲ"

"တစ်ညတော့ သရဲခြောက်ခံရတယ်လို့ ပြောသံကြားလိုက်တယ်၊ နောက်တစ်နေ့ မနက်ရောက်တော့ အိမ်အနောက်





ဘက်မှာရှိတဲ့ သစ်ချုံတွေထဲက လူသေခေါင်းပြတ်ကြီးတစ်ခု တွေ့ရပါတယ်"

ထိုနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"ဘယ်သူတွေ့တာလဲ ခင်ဗျားတွေ့တာလား"

"ကျွန်တော်တွေ့တာ မဟုတ်ပါဘူး၊ မောင်မြတ်ဆွေ ရှာတွေ့တာပါ"

"သူက ဘာကြောင့် ရှာတွေ့တာလဲ"

"အိမ်အနောက်ဘက်က အပုတ်နံ့တွေရတာနဲ့ လိုက်ရှာကြည့်ရင်းက တွေ့ခဲ့တာပါ"

"နောက်တော့ အဲဒီခေါင်းပြတ်ကြီးကို ဘယ်လိုလုပ်လိုက်ကြသလဲ"

"မြေကြီးထဲတူးပြီး မြှုပ်လိုက်ကြပါတယ်"

"နောက်ကော ဘယ်လိုထူးခြားမှုမျိုး ထပ်တွေ့ရသေးလဲ"

ထိုအခါ ကိုရင်မောင်က အနားမှာရှိနေသော မရင်မေကို တစ်ချက်လှည့်ကြည့်လိုက်သည်။ တစ်ခုခု ဝင်ပြောစေချင်သည့် သဘောမျိုးပင် ဖြစ်ပေသည်။

"ပြောစရာရှိရင် ပြောပေးပါ"

ဒေါက်တာမင်းထင်ကျော်က စကားလမ်းခင်းပေးလိုက်လေသည်။

ထိုသို့လမ်းခင်းပေးလိုက်မှ မရင်မေက ကတုန်ကရင်



www.burmeseclassic.com

www.burmeseclassic.com



အသံမျိုးဖြင့် ဝင်ပြောပြသည်။

"ညတုန်းက (၁၀)နာရီလောက်ပဲ ရှိဦးမယ်၊ ကျွန်မ အိပ်ယာကထပြီးတော့ အပေါ့အပါးထသွားတုန်းက ဆရာကြီးအခန်းထဲမှာ မီးရောင်လိုလို တွေ့လိုက်ရတယ်၊ အဲဒီတုန်းက မှန်တံခါးကနေ လှမ်းကြည့်တော့ သူ့အခန်းထဲမှာ လူနှစ်ယောက် ရှိနေတာကို သတိပြုမိလိုက်တယ်၊ နောက်တော့ ကျွန်မလည်း အမူမဲ့အမှတ်မဲ့နဲ့ပဲ ပြန်လာတော့ မီးရောင်မတွေ့ရတော့ဘူး"

"ပြောပါဦး"

"ကျွန်မလည်း တော်တော်နဲ့ အိပ်မပျော်သေးပဲ ရှိနေတဲ့အချိန်မှာ အိမ်ရှေ့တံခါး ဖွင့်လိုက်သလိုလို ကြားလိုက်ရပါတယ်"

"ခန့်မှန်း ဘယ်အချိန်လောက် ရှိပြီထင်သလဲ"

"(၁၁)နာရီ ကျော်ကျော်လောက် ရှိမယ်ထင်တယ်"

"တံခါးသော့က ဘယ်သူ့ဆီမှာ ထားသလဲ"

"ဆရာကြီးက သူယူထားပါတယ်၊ ခါတိုင်းတော့ မနက်မိုးလင်းလာတော့မှ အိမ်ရှေ့တံခါးမကြီးကို သူကိုယ်တိုင် ဖွင့်လေ့ရှိပါတယ်"

ဟု ပြောပြလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်လည်း ကိုရင်မောင်ကိုခေါ်ပြီး ဦးခေါင်းပြတ် မြှုပ်ထားသောနေရာသို့ သွားကြလေသည်။

ထိုနေရာမှာ အိမ်အနောက်ဘက် သစ်ပင်ချုံနွယ်များ





ရှိသော နေရာတွင် ဖြစ်လေသည်။

ထိုနေရာရောက်တော့ တူးဆွထားသောကြောင့် မြေကြီးများ ပွနေသည်ကိုသာ တွေ့ရပြီး တွင်းထဲမှာတော့ ဘာမှမရှိတော့ပေ။

"ဒီတွင်းထဲမှာ မြှုပ်ထားတဲ့ ဦးခေါင်းပြတ်ကြီး ဘယ်ပျောက်သွားပြီလဲ မသိဘူး၊ ဟိုတစ်နေ့က ကျွန်တော်နဲ့ မောင်မြတ်ဆွေနဲ့ သေသေချာချာ မြေကျင်းတူးပြီး မြှုပ်ထားခဲ့ကြတာပဲ"

ဟု ကိုရင်မောင်က ရေရွတ်ပြောဆိုနေလေသည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်းနှင့် မြေကြီးများ ပွနေသောနေရာကို အသေအချာ အကဲခတ် ကြည့်နေလေသည်။

အတန်ကြာတော့မှ ပြောလိုက်သည်။

"အပုတ်နံ့ရနေတော့ ဒီနားတစ်ဝိုက်မှာရှိတဲ့ ခွေးတွေ တူးဖော်ယူသွားတာပဲ ဖြစ်မှာပေါ့"

ထိုသို့ပြောပြီး အိမ်ဘက်သို့ ပြန်လျှောက်လာကြလေသည်။

အတန်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက်သည် ကားဖြင့်ပြန်လာကြသည်။

သူတို့နှစ်ယောက်သည် ရွှေတောင်ကြားရပ်ကွက်အတွင်းသို့ ပြန်ရောက်လာသောအခါ ဆရာကြီး သူရဇ္ဇနေထိုင်ရာနေအိမ်သို့ သွားကြလေသည်။

အချိန်မှာ နေ့လည်ပိုင်းအချိန် ရောက်နေပြီ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆရာကြီး သူရဋ္ဌနှင့် အဆင်သင့်ပင် တွေ့ကြရလေသည်။

"မောင်ထင်ကျော်တို့ပါလား၊ ဘယ်ကလှည့်လာကြတာလဲ. . လာကြ"

ဟု ဖိတ်ခေါ်သဖြင့် အိမ်တွင်းသို့ ဝင်ကြလေသည်။

အိမ်ထဲရောက်တော့မှ ဒေါက်တာမင်းထင်ကျော်က လာရင်းကိစ္စကို ပြောပြရသည်။

"ဆရာကြီးကို စာဝှက်တစ်ခု မေးချင်လို့ပါ"

"ဘယ်လိုစာမျိုးလဲ ပြပါဦး"

ဒေါက်တာမင်းထင်ကျော်က လူသေအလောင်း တွေ့အောက်မှတွေ့သဖြင့် ယူလာသော ကတ်ပြားလေးကို ထုတ်ဆရာကြီးအား ပေးလိုက်လေသည်။

ကတ်ပြားတွင် သွေးများစွန်းပေနေသည်ကို ကြည့်ပြီးဆရာကြီးက. . .

"အမှုအခင်းနဲ့ သက်ဆိုင်တဲ့ ပစ္စည်းတစ်ခုပဲ ထင်ပါရဲ့"

ဟုမေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းတချက် ညိတ်ပြလိုက်လေသည်။

"ဟုတ်ပါတယ် ဆရာကြီး"

"ကဲ. . ကော်ဖီသောက်ကြဦး၊ ပေါရာဏ ဒီပနီ ကျမ်းမှာ တစ်ချက်ရှာကြည့်လိုက်ဦးမယ်"

ဟုပြောကာ မနီးမဝေးမှာ ရှိနေသော စာကြည့်ခန်းရာသို့ ထသွားလေသည်။





ဘုရားခန်းနှင့် တစ်ဆက်တည်းသော ထိုအခန်းထဲတွင်သော ပုရပိုက်နှင့် ရှေးဟောင်းကျမ်းကြီး၊ ကျမ်းငယ်စသော လောကီ၊ လောကုတ္တရာ စသည်နှင့် သက်ဆိုင်သော စာအုပ်ပေါင်းမြောက်မြားစွာ ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ အိမ်ဖော်တစ်ယောက် လာရောက်ချပေးသော ကော်ဖီကို သောက်ကြရင်းနှင့်စောင့်ကြရသည်။

ခဏကြာတော့ ဆရာကြီး သူရဋ္ဌက အဖြေရလာဟန်ဖြင့် ပြန်ထွက်လာသည်။

ပြီးလျှင် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်ရှေ့မှာထိုင်ပြီး အဖြေရေးယူလာသော စာရွက်ကိုပါ ချပေးသောကြောင့် ဒေါက်တာမင်းထင်ကျော်က ကောက်ယူပြီး ဖတ်ကြည့်လိုက်သည်။

"ကကြိုးကကွက်၊ ကကြိုးပျက်လျှင်၊ ကဖျက်ယဖျက်၊ ယဖျက်နှင့်သော၊ ကဝေမျော်ကွက်၊ ရန်စွယ်ခက်လျှင်၊ တို့နှင့်ပြန်များ အသက်ကြွေးယူ"

ဟူသော စာပုဒ်ကို တွေ့ရလေသည်။

"ဒါ ဘယ်လိုစာရေးနည်းမျိုးလဲ ဆရာကြီး"

"စက်စာရေးနည်းလို့ ခေါ်တယ်၊ ကကြီးတစ်လုံးကို အညီတိုမှာထားပြီး စက်လှည့်သလိုလှည့်ပြီး ရေးတဲ့စာမျိုးလိုခေါ်တယ်၊ ဒီစာမျိုး ရေးကြတဲ့အခါ အဓိက ပြောချင်ရေးချင်တဲ့အကြောင်းအရာကို တိုင်လေးကွက်ထဲမှာ ထည့်ရေးလေ့ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဟု ပြောပြလေသည်။

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က တိုင်လေးကွက်ထဲမှာရှိသော စာကြောင်းလေးကြောင်းကို မှင်ဖြင့်မျဉ်းသားလိုက်သည်။

ထိုစာပုဒ်လေးကြောင်းမှာ. . .

"ကကြီးကကွက်၊

ကကြီးဖျက်လျှင်၊

ကဖျက်ယဖျက်၊

'ကလျှက်နှင့်သေ. ."

ဟူသော စာပုဒ်များ ဖြစ်ကြလေသည်။

ထိုအဖြေကို ရသောအခါ ဒေါက်တာမင်းထင်ကျော်က ကျေနပ်စွာဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

"ဒီပုံအတိုင်းဆိုရင်တော့ ပွဲကရင်းသေသွားတဲ့ မင်းသမီး မြကြာမှုနဲ့ပတ်သက်တဲ့ ရန်ငြိုးရန်စွယ် စနက်ဆိုတာ သေချာသလောက် ဖြစ်သွားပြီ"

"ဒီလိုဆိုရင်တော့ မြကြာမှုကို နှစ်သက်သဘောကျနေတဲ့ ပုဏ္ဏကကျောက်အိုးလက်ချက်ဆိုတာ ပိုပြီးထင်ရှားသွားတာပေါ့၊ ကျောက်အိုးက လူသတ်ပြီး ဝရမ်းပြေးဖြစ်နေတာဆိုတော့ နောက်ထပ် လူသတ်မှုတစ်ခု ကျူးလွန်ရမှာ ဝန်လေးမှာ မဟုတ်တော့ဘူး"

ဟု စုံထောက်ကျော်စွာက သူ့ထင်မြင်ချက်ကို ပြောပြ





လေသည်။

"ကိုကျော်စွာပြောတာလည်း ဖြစ်နိုင်စရာ ရှိပါတယ်၊ ဒါပေမယ်ဘက်ကို ခရီးတစ်ခေါက်လောက်ထွက်ပြီး လေ့လာစုံစမ်းကြည့်ရင်တော့ သဲလွန်စလေးတွေ ဆက်စပ်မိမယ် ထင်တာပါပဲ"

"ဒါထက် ဒီကတ်ပြားက လူသတ်သမားထားသွားတဲ့ ကတ်ပြားဆိုရင် သူ့လည်ပင်းကို ကြိုးကွင်းစွပ်မယ့် သဲလွန်စမျိုး ဘာကြောင့် တမင်ထားသွားတာလဲ"

ဒေါက်တာမင်းထင်ကျော်က လက်ဘက်ရည်ကြမ်းတစ်ငုံ သောက်လိုက်ပြီးမှ ပြောပြသည်။

"ဒါ လူ့ရဲ့သဘောသဘာဝပဲဗျ၊ လူတစ်ယောက်ဟာ သူတစ်ပါးမလုပ်ဝံ့တာ မလုပ်နိုင်တာကို လုပ်တယ်ဆိုရင် ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့စိတ်မျိုး ဝင်တတ်တယ်၊ သူ ကြံစည်အားထုတ်တဲ့ ဉာဏ်ရည်ဉာဏ်သွေးကိုလည်း ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာပဲဖြစ်ဖြစ် ဂုဏ်ယူတတ်ကြတယ်၊ ဒီလိုစိတ်မျိုး ဝင်လာရင် တစ်ဖက်သားကို မထေမဲ့မြင် မထိတထိစိန်ခေါ်တဲ့အလုပ်မျိုးတွေ လုပ်လေ့ရှိကြတယ်၊ ဥပမာ စစ်တုရင်ထိုးတတ်တဲ့ လူတစ်ယောက်ဟာ တွေ့တဲ့လူတိုင်းကို နိုင်မယ်လို့ ထင်နေလေတော့ စိန်ခေါ်ဝံ့တဲ့ သဘောမျိုးပါပဲ၊ ဒါပေမယ့်. . လက်ဘက်ရည်ဆိုင်ကျော်တစ်ခုရှိတယ် ကိုကျော်စွာရဲ့"

"ဘယ်လိုစကားပုံလဲ"

'Man's safety is in holding his tongue'

(သူ၏ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံမှုသည် သူ၏လျှာ

www.burmeseclassic.com



ကို ထိန်းသိမ်းထားမှုတွင် မူတည်သည်။)

"ဆိုတဲ့ စကားပုံပေါ့၊ သူက သူ့ကိုယ်သူ အထင်ကြီးပြီး မထိတထိ စိန်ခေါ်လာတော့လည်း ရေဆုံးရေဖျားလိုက်ပြီး အဆုံးသတ်ပေးရမှာပေါ့"

ဟု အေးအေးဆေးဆေး ပြောလိုက်လေသည်။

ထို့နောက်မှာတော့ ဆရာကြီးသူရဋ္ဌအား နှုတ်ဆက်ပြီး ထိုအိမ်မှ ပြန်ထွက်လာခဲ့ကြပေသည်။



# အခန်း(၁၀)

## မြသင်းကြူနှင့် ပြန်တွေ့ရခြင်း

နောက်ပိုင်းရက်များမှာတော့ ဒေါက်တာမင်းထင်ကျော်အတွက် များစွာအလုပ်ရှုပ်သောရက်များ ဖြစ်ပေတော့သည်။

စုံထောက်ကျော်စွာ ပါသည့်အခါပါပြီး မပါသည့်အခါလည်း တစ်ယောက်တည်းပင် ကိုယ်နည်းကိုယ့်ဟန်ဖြင့် သွားလာလုပ်ရှားကာ အမှုနှင့်ပတ်သက်သော အချက်အလက်တို့ကို အ

www.burmeseclassic.com

www.burmeseclassic.com



သေးစိတ် စုံစမ်းထောက်လှမ်းရပေသည်။

ဒေါက်တာမင်းထင်ကျော်သည် စုံထောက်တစ်ယောက်တော့ မဟုတ်ပေ။ သို့သော် သူသည် စုံထောက်ပညာကိုတော့ ဝါသနာပါလေသည်။ အဘယ်ကြောင့်ဆိုသော် . .

လျှို့ဝှက်သော ကိစ္စများကို လေ့လာဖော်ထုတ်ရခြင်းနှင့် ရာဇဝတ်ကောင်များနှင့် ဉာဏ်ရည်ချင်းပြိုင်ရသော အလုပ်များစွာ စိတ်ဝင်စားသောကြောင့်ဖြစ်ပေသည်။

ထို့ကြောင့် အမှုအခင်းနှင့်ပတ်သက်သည့် ပညာရပ်များ၊ စုံထောက်ပညာနှင့် ပတ်သက်သော အချက်အလက်များကို လေ့လာဆည်းပူးခဲ့လေသည်။

ဗုဒ်ိထဲတွင် စုံထောက်ပညာ၊ မှုခင်းပညာနှင့် ပတ်သက်သည့် စာအုပ်စာတမ်း မျိုးစုံရှိသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာအုပ်များ၊ မြန်မာဘာသာဖြင့် ရေးထားသော အမှုအခင်းစာအုပ်များအပြင် အင်္ဂလိပ်ဘာသာ မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေထားသော စုံထောက်ဝတ္ထုမျိုးစုံတို့ ရှိကြလေသည်။

ကမ္ဘာကျော် စုံထောက်ဝတ္ထုရေးဆရာကြီး ဆာအာသာ ကိုနင်ဒွိုင်း ရေးသားသော ရှားလော့ဟုမ်း ဝတ္ထုများကို နှစ်သက်သဘောကျသဖြင့် မူရင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဝတ္ထုများအပြင် ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား သော ဆရာကြီးနှစ်ဦးတို့ မြန်မာမှုပြုကာ ရေးသားထားသော စုံထောက်ဦးစံရှား ဝတ္ထုများ၊ စုံထောက် ဦးထင်ကျော် ဝတ္ထုများ



လည်း စုံလင်စွာ စုဆောင်းသိမ်းဆည်းထားလေသည်။

ထို့ပြင် ဒေါက်တာရစ်ချတ်အော်စတင် ဖရီးမင်း (Richard Austin Freeman) ရေးသားသော ဒေါက်တာသွန်းဒိုက် (Dr Thordike )ဝတ္ထုများလည်း စုဆောင်းထားလေသည်။

အချိန်ရသည်နှင့် ဆရာကြီးများ ရေးသားခဲ့သော မူရင်းဝတ္ထုများ၊ မြန်မာမှုပြုထားသော ဘာသာပြန်ဝတ္ထုများကို ဖတ်ရှုလေ့လာလေ့ရှိသည်။

ထိုဝတ္ထုများကို ဖတ်ရှုသောအခါ အတွေးအခေါ်နှင့် စုံစမ်းဆင်ခြင်မှုများ၊ ဆက်စပ်တွေးခေါ်ခြင်း၊ လျှို့ဝှက်ချက်တို့၏ သဲလွန်စများကို လေ့လာကြည့်ရှုရာတွင် သတိပြုရမည့် အချက်များကို သိမြင်လာရသည်။ တွေးခေါ်မှုများ ရင့်ကျက်လာခဲ့ရပေသည်။

ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးဒဂုန်ရွှေမျှား (နောက်ပိုင်းတွင် ဆရာမြသန်းတင့်က ဘာသာပြန်ရေးသားကာ စန္ဒာမဂ္ဂဇင်း၌ ဖော်ပြခဲ့သည်။)

စသော ဆရာကြီးတို့ရေးသားသော စုံထောက်ဝတ္ထု လျှို့ဝှက်သည်းဖို ဝတ္ထုတို့မှာ ဘာသာပြန်ဝတ္ထုများ၊ မှီငြမ်းရေးသားသောဝတ္ထုများ ဖြစ်စေကာမူ မြန်မာစာဖတ် ပရိသတ်များက များစွာနှစ်သက်သဘောကျမှု ရှိကြလေသည်။

နိုင်ငံခြားဘာသာဖြင့် ရေးသားထားသော ဝတ္ထုများက မြန်မာ့ဓလေ့စရိုက်နှင့် မတူပေ။

ဆရာကြီး နှစ်ဦးတို့က ထိုဝတ္ထု မူရင်းများကို အမှီပြု၍

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလေ့စရိုက်နှင့် သဘာဝကျအောင် ရေးသားကြသော ကြောင့် ဆရာကြီးရွှေဥဒေါင်း ဖန်တီးခဲ့သည့် ဦးစံရှား ပါဝင်သော ဝတ္ထုများနှင့် ဆရာကြီးဒဂုန်ရွှေမျှား ဖန်တီးခဲ့သော ဦးထင်ကျော် ဝတ္ထုများကို မြန်မာစာဖတ်ပရိသတ်တို့က ပိုမိုနှစ်သက်ကာ သဘောကျမှု ရှိကြလေသည်။

ထိုအထဲတွင် ဒေါက်တာမင်းထင်ကျော်လည်း တစ်ဦး အပါအဝင် ဖြစ်ပေသည်။

သို့ကြောင့် ထွက်သမျှမှုရင်းစာအုပ်များရော ဘာသာ ပြန် စာအုပ်များကို ဝယ်ယူစုဆောင်းထားခဲ့လေသည်။

ထိုဝတ္ထုများအပြင် အခြားသော မှုခင်းနှင့် စုံထောက် ပညာနှင့် ပတ်သက်သည့် စာအုပ်စာပေတို့ကိုပါ ဖတ်ရှုလေ့လာ ရပေသည်။

ထိုစာပေများကို ဖတ်ရှုသောအခါ အောက်ပါအချက် အလက်တို့ကိုလည်း သိခဲ့ရပေသည်။

(၁) မည်သည့်အကြောင်းအရာကိုမှ ယုံကြည်၍မရပဲ သံသယဖြင့် ကြည့်ရှုစစ်ဆေးရခြင်း။

(၂) မေးမြန်းခြင်း၊ စိတ်ဝင်စားစွာ လေ့လာခြင်း၊ အကြောင်းရင်းမှန်ကို သိရန်ကြိုးစားခြင်း၊ စိတ်ရှည်စွာ မေးမြန်းခြင်း များလည်း ပါဝင်သည်။

(၃) ဘယ်အရာကိုမှ သတိလက်လွှတ် မပေးဘဲ အချိန်နှင့်အမျှ လေ့လာကြည့်ရှုရခြင်း။

(၄) စုံစမ်းထောက်လှမ်း၍ရသော အချက်အလက်များ တွေ့ရှိခဲ့သော အကြောင်းအရာတို့ကို တစ်ခုချင်းစီ ဆက်စပ်၍ ပြန်လည်တွေးခေါ်ခြင်း။

(၅) အမှုအခင်းဖြစ်လာလျှင် အကင်းပါးစွာ ကိုင်တွယ်ဖြေ ရှင်းရန်နှင့် ထိုးထွင်းဉာဏ် သုံးစွဲခြင်း။

(၆) တစ်ဘက်သတ် ဝေဖန်ပိုင်းခြားမှုနှင့် အပြစ်မရှိသူကို နစ်နာစေမည့် ကြိုတင်ဆုံးဖြတ်ချက်များ မပြုလုပ်မိ ခြင်း။

(၇) ပြည့်စုံတိကျမှုမရှိသော အဖြေများနှင့် အမှုကို အပြီး သတ် နိဂုံးချုပ်ခြင်း။

(၈) သည်းခံမှု နားလည်နိုင်မှုနှင့် စိတ်တိုခြင်းကို ရှောင်ရှား ကာ သည်းခံမှုပေးနိုင်ခြင်း။

(၉) မိမိပါဝင်လုပ်ရှားရသောနေရာနှင့် အကြောင်းအရာတို့ အပေါ် စိတ်ပါဝင်စားစွာ ဆောင်ရွက်ပြီး အရည် အသွေး ပြည့်ဝအောင် ကြိုးစားရခြင်း။

(၁၀) လူအများ ယုံကြည်မှုရရှိစေသော အရည်အသွေးနှင့် ဂုဏ်သတ္တိ ရှိရခြင်း။

(၁၁) ခံနိုင်ရည်ရှိမှုနှင့် အလုပ်နှင့်ပတ်သက်လျှင် ကြံ့ခိုင် မှုရှိခြင်း။

(၁၂) ဖြစ်မှုနှင့်ပတ်သက်ပြီး အရေးကြီးသော သက်သေခံ ပစ္စည်းများကို သိနိုင်ခြင်း။

(၁၃) လူနှင့်ပတ်ဝန်းကျင်တို့၏ သဘောတရားနှင့် စိတ္တဗေဒ ကို လေ့လာမှုပြုရာ၌ ကျွမ်းကျင်လိမ္မာခြင်း။





www.burmeseclassic.com

www.burmeseclassic.com



(၁၄) လူဆိုးတို့သည် ဉာဏ်နီဉာဏ်နက်သုံးပြီး ပြစ်မှုကျူးလွန်လေ့ရှိသဖြင့် စုံစမ်းစစ်ဆေးခံမည့်သူကို အကဲခတ်နိုင်ခြင်း။

(၁၅) အခြေအနေ အမျိုးမျိုးလိုက်ကာ စုံစမ်းစစ်ဆေးနိုင်ပြီး အခြေအနေတြံ့ပါက မိမိကျွမ်းကျင်လိမ္မာမှုကို ပြနိုင်ခြင်း။

(၁၆) စုံစမ်းစစ်ဆေးခြင်း နည်းပရိယာယ်များ ကြွယ်ဝမှု ရှိစေခြင်း၊ သက်ဆိုင်ရာ အချက်အလက်များနှင့် ဗဟုသုတ ပြည့်စုံကြွယ်ဝခြင်း။

(၁၇) အသိမိတ်ဆွေ ပေါများခြင်းနှင့် လိုအပ်သောအခါ ထိုမိတ်ဆွေတို့၏ အကူအညီကို ရယူနိုင်ခြင်း။

(၁၈) လိမ္မာပါးနပ်ခြင်းနှင့် ကိုယ်၊ နှုတ်၊ စိတ်နှလုံး၊ ထိန်းသိမ်းနိုင်မှုအပြင် ဂုဏ်သိက္ခာရှိစွာဖြင့် နေထိုင်တတ်ခြင်း။

(၁၉) မိမိတာဝန်ယူ ဆောင်ရွက်နေသော အမှုအခင်း ကိစ္စအပေါ် စိတ်ဝင်စားမှုရှိပြီး အောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ပေးနိုင်ခြင်း။

(၂၀) အားလုံးအပေါ် တွင် သစ္စာရှိခြင်း။

အစရှိသော အချက်အလက် စသည်တို့သည် မှုခင်းနှင့် စုံထောက်ပညာကို လေ့လာလိုက်စားသူများအတွက် လက်ကိုင်ထားရမည့် အချက်များပင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ စုံထောက်တစ်ယောက် မဟုတ်သော်လည်း ထိုအချက်အလက်များ လေ့လာပြီး လက်တွေ့ဆောင်ရွက်ရသည့် အခါများလည်း ရှိခဲ့ပေသည်။



ယခုလည်း ကိုဘညို အသတ်ခံရသော အမှုတွင် စစ်ဆေးတွေ့ရှိခဲ့သော အချက်အလက်များ၊ ရရှိထားသော သဲလွန်စများကို တစ်ခုချင်း လေ့လာဆန်းစစ် အဖြေနှင့် နီးစပ်မှုရနိုင်အောင် ကြိုးစားနေလေတော့သည်။

ထိုရက်များအတွင်းမှာပင် ဒေါက်တာမင်းထင်ကျော် နေအိမ်သို့ မမျှော်လင့်ပဲ ဧည့်သည်အမျိုးသမီးတစ်ယောက် ရောက်လာလေသည်။ မြသင်းကြူပင် ဖြစ်သည်။

မြသင်းကြူမှာ တစ်ယောက်တည်း လာရောက်ခြင်း ဖြစ်သဖြင့် အံ့ဩစွာနှင့်ပင် နေရာထိုင်ခင်းပေးကာ လာရင်းကိစ္စကို မေးမြန်းကြည့်ရလေသည်။

"မြသင်းကြူ ဘယ်ကလှည့်လာတာလဲ"

"ကျွန်မ ဒီကိုပဲ တမင်လာခဲ့တာပါ ဆရာ"

"ကျွန်တော့်ကို ကိုမင်းထင်ကျော်လို့ပဲ ခေါ်နိုင်ပါတယ်"

သူမက ခေါင်းတစ်ချက်ညိတ်ပြလေသည်။

မြသင်းကြူ၏ အမူအယာမှာ တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသော အမူအယာမျိုး ဖြစ်နေသည်။

"မြသင်းကြူ ဘာဖြစ်လာလို့လဲ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"အခုတလော ကျွန်မတို့ မောင်နှမ နေရထိုင်ရတာ စိုးအလုံခြုံသလို ခံစားနေရတယ်"

"ဘယ်လိုမသက်ာစရာ တွေ့နေရလို့လဲ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက်က တစ်နေရာရာက စောင့်ကြည့်နေတယ်လို့ စိတ်ထဲက ထင်နေမိတယ်၊ ဟိုညကလည်း အိမ်အနောက်ဘက်မှာ ရပ်နေတဲ့လူတစ်ယောက်ကို မြင်လိုက်မိတယ်"

"အရင်ကရော အဲသည်လိုမျိုးတွေ တွေ့ခဲ့ဖူးသလား ခေတ်ကာလက မကောင်းသေးတော့ သူခိုးသူဝှက်တွေများ ဖြစ်မလား"

"အဲဒီလို သူခိုးသူဝှက်ဆိုရင်တော့ စိတ်ပူစရာ သိပ်မရှိပါဘူး ကိုမင်းထင်ကျော်ရယ်၊ ကျွန်မတို့ စိုးရိမ်တာက ဆရာဦးဘညို သေပြီးတဲ့နောက်မှာ အန္တရာယ်က ကျွန်မတို့ မောင်နှမဘက်များ ရောက်လာသလားလို့ စိုးရိမ်နေမိလို့ပါ"

"ကိုယ့်မှာ ရန်ငြိုးရန်စ မရှိရင်တော့ ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ ဒါထက် ကိုမြတ်ဆွေတစ်ယောက်ရော အိမ်မှာပဲလား"

"အစ်ကိုက အိမ်မှာမရှိဘူး၊ နာရေးကိစ္စ ဖြစ်ပြီးကတည်းက ဟိုအိမ်မှာပဲ သွားနေတာများတယ်၊ တစ်ခါတစ်လေ ညဘက်တွေပါ သွားနေရတာရှိတယ်၊ သူမရှိတဲ့အခါ ကျွန်မတစ်ယောက်တည်း အိမ်မှာနေရတာ သိပ်ကြောက်တာပဲ"

ဟု ပြောပြလေသည်။

"ဟိုအိမ်မှာလည်း အားကိုးစရာမရှိလို့ အဖော်ခေါ်ထားတာ ဖြစ်မယ်ထင်ပါတယ်၊ ဒါထက် မြသင်းကြူတို့မှာ ဆွေမျိုးသားချင်း မရှိဘူးလား၊ အဖော်ခေါ်ထားလို့ မရဘူးလား"

"ရန်ကုန်မှာတော့ ကျွန်မတို့ မောင်နှမနှစ်ယောက်ပဲရှိ





ကြပါတယ်၊ တခြားဆွေမျိုးသားချင်း မရှိပါဘူး၊ နယ်မှာတော့ ရှိကြပါတယ်"

"ဒါထက် မြသင်းကြူတို့ နေတဲ့အရပ်ဒေသက ဘယ်နေရာလဲ"

"ကျွန်မတို့က ပဲခူးဘက်ကပါ၊ ဇာတိက မင်းကုန်းရွာကပါ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး မင်းကုန်းရွာရှိသောနေရာကို စိတ်ထဲမှ မှတ်သားထားလိုက်သည်။

"ကျွန်တော့်အနေနဲ့ ပုလိပ်ဘက်က လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မြသင်းကြူတို့ မောင်နှမနှစ်ယောက်ရဲ့ အနုပညာကို လေးစားတဲ့အနေနဲ့ . တတ်နိုင်သလောက်တော့ ကျွန်တော် အကူအညီပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် ဆရာရယ်၊ ပြောရရင်တော့ ကျွန်မတို့မောင်နှမမှာ အားကိုးရမယ့်သူ မရှိလှပါဘူး၊ ဒါကြောင့် အခုလို ကိစ္စတွေ ဖြစ်နေတဲ့အချိန်မှာ ဆရာ့ကို အတိရလို့ ဒီကိုပဲလာပြီး အကူအညီ တောင်းတာပါ"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ ကျွန်တော်တတ်နိုင်သလောက် ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ကျွန်မပြန်တော့မယ်"

"ဒါထက် ကျွန်တော့်လိပ်စာကို ဘယ်လိုသိလို့ လာခဲ့တာလဲ"

"အစ်ကိုက ကိုမင်းထင်ကျော်ကို လာခေါ်တုန်းက ဒီ



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို တစ်ခေါက် ရောက်ဖူးပါတယ်၊ သူ ပြောပြလို့ သိရတာပါ၊ ဒါကြောင့် အငှားကားနဲ့ လာခဲ့တာပါ"

ဟု ပြောပြလေသည်။

"ဒီနေရာကနေ ကမ္ဘာအေး ဘုရားလမ်းဘက်ရောက်အောင်သွားဖို့ ဝေးသေးတယ်၊ လူကလည်း ပြတ်တယ်။ အငှားကားလည်း ဒီလမ်းတွေဘက်ကို မရောက်ဘူး၊ ဒါကြောင့် အမျိုးသမီး တစ်ယောက်တည်း ပြန်ဖို့မသင့်ဘူး၊ ကျွန်တော် ကားနဲ့ ပြန်လိုက်ပို့ပေးပါ့မယ်"

မြသင်းကြူကတော့ ဘာမှပြန်မပြောပဲ ကျေးဇူးတင်သော အကြည့်မျိုးဖြင့်သာ ကြည့်နေလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က မြသင်းကြူကိုကားပေါ်တင်ကာ လိုက်ပို့ပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ မြသင်းကြူ ယခုကဲ့သို့ ရောက်လာသည်ကိုလည်း ကျေနပ်သည်။

သိချင်နေသော အချက်အလက်အချို့ကိုပါ သိခဲ့ရသဖြင့် များစွာကျေနပ်နေမိပေတော့သည်။





# အခန်း(၁၁)

# သဲလွန်စများနောက် ခြေရာကောက်သော

နောက်ထပ် ရက်အနည်းငယ် ကြာသောအခါ ဒေါက်တာမင်းထင်ကျော်သည် ပဲခူးနယ်ဘက်သို့ ခရီးထွက်ရန် ပြင်ဆင်လေသည်။ ပဲခူးနယ်ဘက်သည် သူနှင့် စိမ်းသောနေရာတစ်နေရာတော့ မဟုတ်ပေ။

အလုပ်ကိစ္စအတွက်နှင့်သော်လည်းကောင်း၊ အလည်အပတ်သဘောမျိုးဖြင့်သော်လည်းကောင်း၊ ရောက်ခဲ့ဖူးသော


www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်နေရာပင် ဖြစ်သော်လည်း ခရီးဝေးသွားလာသော အခါ မိမိတစ်ယောက်တည်း သွားသည်ထက် ယုံကြည်စိတ်ချ ရသော အဖော်တစ်ယောက်ပါသည်က ပိုမိုသင့်လျော်သည် ဖြစ် သောကြောင့် ဦးဗန်ကောင်းအား အဖော်ခေါ် သွားရန် စိတ်ကူး ပေါ်မိလေသည်။

ဦးဗန်ကောင်းမှာ ကြားတောရလမ်းမှ ဘုန်းတော်ကြီး တစ်ကျောင်းတွင် နေသူဖြစ်သည်။

သားချင်းမကင်းသော ဘုန်းကြီးက ကပ္ပိယသဘောမျိုး ဖြင့် နေခွင့်ပေးထားရာ လွတ်လွတ်လပ်လပ်ပင် နေလေသည်။

ဦးဗန်ကောင်းမှာ အသက်(၅၀)ကျော် အရွယ်ခန့်ရှိ ကျန်းမာသန်စွမ်းသူ တစ်ဦးပင်ဖြစ်သည်။ ကျောင်းနှင့် မနီးမဝေး သီးသန့်ရှိသော အဆောင်တစ်ခုတွင် တစ်ကိုယ်တည်း နေထိုင် ကာ ဖိုထိုးခြင်း၊ ဆေးဝါးစီရင်ခြင်း၊ ကုသပေးခြင်းများ ပြုလုပ် လေ့ရှိသည်။ အခြားအလုပ်များမရှိလျှင်တော့ ရွှေတိဂုံစေတီ တော် ရင်ပြင်ပေါ်သို့ တက်ရောက်ကာ ပုတီးစိပ်နေတတ်လေ သည်။

ဦးဗန်ကောင်းသည် လွတ်လွတ်လပ်လပ် နေထိုင်လေ့ရှိ ပြီး လုပ်ချင်သောအရာကို တစိုက်မတ်မတ် လုပ်တတ်သူလည်း ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့နှင့် ခင်မင်ရင်းနှီးသော ကြောင့်လည်း ခရီးထွက်သောအခါများတွင် အမြဲတစေ လိုက် ပါလေ့ရှိသည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်က ပဲခူးနယ်ဘက်





သို့ ခရီးထွက်ရန် အကြောင်းကိစ္စရှိသဖြင့် သွားရောက်အဖော် ခေါ်သောအခါ မဆိုင်းမတွပင် အထုပ်အပိုးပြင်ဆင်ကာ လိုက် လာခဲ့လေသည်။

ခရီးသွားရာတွင် ယူဆောင်နေကျဖြစ်သော လွယ် အိတ်ကြီးတစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းတို့ပင် ဖြစ်သည်။

၎င်းတို့ နှစ်ဦးသည် နံနက်စောစော အချိန်မှာပင် မုတ္တ မာဘက်သို့ထွက်သော မီးရထားဖြင့် လိုက်သွားကြရာ (၉)နာရီ ခန့်ကျော်လောက်တွင် ပဲခူးဘူတာသို့ ရောက်လေသည်။

ထိုသို့ ရောက်သောအခါ နှစ်ယောက်သား ဘူတာတစ် ဝိုက်မှာပင် ရောင်းချသော အစားအသောက်များကို ဝယ်ယူစား သောက်ကြပြီးနောက် သွားလိုသော ခရီးစဉ်ကို မေးမြန်းစုံစမ်းကြ ရလေသည်။

"ဘယ်ကို သွားကြမှာလဲ"

"မင်းကုန်းရွာဘက်ကို သွားချင်လို့ပါ။ အတော်များဝေး သလား"

"ကား၊ ရထားနဲ့ သွားမယ်ဆိုရင်တော့ ခရီးက သိပ်မ ဝေးလှပါဘူး၊ ဒါပေမယ့် အဲဒီရွာဘက်ကိုသွားဖို့က ကားလည်း မရှိဘူး၊ ရထားလည်း မရောက်ဘူး"

ဆိုင်ရှင် အမျိုးသမီးက ပြောပြသည်။

"ဒါဖြင့် ဘယ်လိုသွားလို့ရမလဲ"

"ကုန်းလမ်းက သွားမယ်ဆိုရင်တော့ ရွာဘက်ကဆင်း လာတဲ့ လှည်းတွေနဲ့ လူကြုံလိုက်သွားလို့ရတယ်၊ ပဲခူးမြစ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



လှေရှားသွားရင်တော့ လူသက်သာမယ်၊ ရွာနဲ့ တည့်တည့်ရောက်မှ လမ်းလျှောက်သွားရင်လည်း မဝေးလှပါဘူး"

ဟု ပြောပြလေသည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့လည်း ဘုတကြီးမှ မြင်းလှည်းတစ်စင်းငှားကာ ဆိပ်ကမ်းဘက်သို့ လာကြလေသည်။

ပဲခူးမြစ်ရောက်တော့မှ သင့်တော်သည့်လှေတစ်စင်းကို အခကြေးငွေငှားပြီး ဆန်တက်သွားကြရာ ညနေပိုင်းအချိန်လောက်တွင် မင်းကုန်းရွာသို့ ရောက်သွားကြလေသည်။

သို့သော်. . ရွာသို့ တိုက်ရိုက်ရောက်သွားခြင်းတော့ မဟုတ်ပေ။ ကမ်းပေါ် သို့တက်ပြီး လှမ်းကြည့်သောအခါ အရှေ့ဘက်တွင် သစ်ပင်ဝါးပင်တို့ဖြင့် စိမ်းညို့နေသောရွာကို လှမ်းမြင်ကြရခြင်းဖြစ်သည်။

သို့ကြောင့် လှေသမားကို ပြန်လွှတ်လိုက်ပြီးနောက် နှစ်ယောက်သား ခြေထောက်အားကိုး၍သာ လျှောက်ကြရလေသည်။

စပါးများ ရိတ်သိမ်းထားပြီးစ အချိန်ဖြစ်သောကြောင့် လယ်ကွင်းများ၊ ကန်သင်းရိုးများ၊ အပေါ်မှ အလွယ်တကူ ဖြတ်လျှောက်သွားကြလေသည်။

ချောင်းကမ်းစပ်မှ လှမ်းကြည့်သောအခါက ရွာကိုမြင်နေရသော်လည်း တကယ်တမ်းလျှောက်သွားကြသော အခါမှာတော့ တော်တော်နှင့် ခရီးမရောက်နိုင်ပဲ ရှိကြလေသည်။





"ရွာကတော့ အတော်ကြီးတယ်၊ ဟိုမှာ အသိမိတ်ဆွေရော ရှိရဲ့လား မောင်ထင်ကျော်"

"တစ်ခေါက်မှလည်း မရောက်ဘူးသေးဘူး . ။ တစ်ယောက်မှလည်း အသိမရှိပါဘူး"

"ဒါဖြင့် ဘယ်မှာတည်းလို့ ဘယ်လိုလုပ်ကြမှာလည်း"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ဘုန်းကြီးကျောင်းရှိရင် တည်းခိုဖို့တော့ ရမှာပေါ့"

ဟု ပြောဆိုကြလျက် စကားတပြောပြောနှင့် လျှောက်သွားကြရာ ညနေပိုင်းအချိန်လောက်တွင် မင်းကုန်းရွာသို့ ရောက်သွားကြလေသည်။

ရွာမှာ အတော်ကြီးသောရွာဖြစ်ပြီး ကွမ်းသီးပင်၊ အုန်းပင်၊ သစ်ပင်၊ ဝါးပင်တို့ဖြင့် ညို့မှိုင်းနေလေသည်။

ရွာမှာ ရွာတန်းရှည် အမျိုးအစားဖြစ်ပြီး သစ်ဝါးပေါသော အရပ်ဒေသဖြစ်သဖြင့် သစ်ကောင်းဝါးကောင်းတို့ဖြင့် အခိုင်အမာ ဆောက်ထားသော အိမ်ကြီးအိမ်ကောင်းအချို့ပင် ရှိကြလေသည်။ ရွာထိပ်တစ်နေရာရောက်တော့ အဘိုးကြီး တစ်ယောက်နှင့် တွေ့ရလေသည်။

"ဒါ မင်းကုန်းရွာ ဟုတ်ပါသလားဗျာ"

"ဟုတ်ပါ့မောင်ရယ်၊ ဒါထက် တနယ်တကျေးက လာကြတဲ့ ဧည့်သည်တွေထင်ပါရဲ့၊ ဘယ်သွားကြမလို့လဲကွယ်"

"ကျွန်တော်တို့ စပါးအရောင်းအဝယ်နဲ့ ခရီးသွားလာနေကြတဲ့ သူတွေပါ၊ ဒီရွာမှာတော့ အရင်က မိတ်ဟောင်း ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတွေ ရှိခဲ့ဖူးပါရဲ့၊ အခုတော့ နာမည်တောင် မေ့နေပါပြီ”

“ဘယ်သူတွေများလဲကွယ်၊ အဆက်အနွယ်တွေကိုရော မှတ်မိသေးရဲ့ မဟုတ်လား”

“မိတ်ဆွေတွေထဲမှာတော့ မောင်မြတ်ဆွေတို့ မြသင်းကြူတို့ မောင်နှမနှစ်ယောက်နဲ့တော့ ခင်မင်ရင်းနှီးမှု ရှိပါတယ် သူတို့ကော ဒီရွာမှာ ရှိကြသေးရဲ့လား”

“သူတို့မိဘတွေ မရှိကြတော့တဲ့ နောက်ပိုင်းမှာ သူတို့ မောင်နှမတွေလည်း ရန်ကုန်ဘက် ပြောင်းသွားကြတာ ကြာပေါ့ကွယ်၊ ဒီရွာမှာတော့ သူတို့ရဲ့ ဆွေဆက်မျိုးဆက်တွေ မရှိသလောက်ပါပဲ”

ဟု ပြောပြလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က စိတ်ရှုပ်သွားသော အမူအယာဖြင့် ပြန်ပြောလိုက်သည်။

“ဒီလိုဖြင့်တော့ တည်းဖို့ခိုဖို့ ဘုန်းကြီးကျောင်းမှာပဲ ခွင့်တောင်းပြီး တည်းရတော့မှာပဲ”

“ဒီလောက်လည်း စိတ်မညစ်ပါနဲ့ မောင်ရယ်၊ ဗမာတွေ နေတဲ့ရွာ ရောက်လာမှတော့ ဗမာအချင်းချင်း ကူညီပေးနိုင်ပါတယ်၊ တခြားတည်းခိုဖို့ မရှိကြရင် ငါ့အိမ်မှာပဲလိုက်ပြီး တည်းခိုလို့ရပါတယ်၊ အားမနာပါနဲ့”

“ကျေးဇူးတင်လိုက်တာ အဘရယ်၊ ဒါထက် အဘနာမည်က ဘယ်လိုခေါ်သလဲ”

“ဖိုးပန်းညိုလို့ ခေါ်ပါတယ်၊ လာကြ . . လာကြ၊ ငါ့အိမ်



က မဝေးလှပါဘူး၊ ဒီနားတင်ပါပဲ”

ဟုပြောပြီး ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း နောက်မှလိုက်သွားကြလေသည်။

ရွာထဲသို့ဝင်သွားပြီး အတန်ကြာသွားသောအခါမှာ ဖိုးပန်းညိုနေသောအိမ်သို့ ရောက်သွားကြလေသည်။

၎င်းနေသောအိမ်မှာလည်း အတော်အတန်ကျယ်ဝန်းပြီး နေထိုင်သူ လူမများလှပေ။ အသက်(၅၀)ကျော်အရွယ် အမျိုးသမီးကြီးတစ်ယောက်နှင့် ၁၈နှစ်အရွယ်ခန့် အမျိုးသမီး တစ်ယောက်တို့ပင် ရှိကြဟန် တူလေသည်။

ဖိုးပန်းညိုက ဧည့်သည်နှစ်ယောက်အတွက် အစားအသောက်များကို စီမံပေးရန် ပြောသောအခါ တောရွာဓလေ့အတိုင်း အသင့်ရှိနေသော အစားအသောက်များကိုပင် စီမံချက်ပြုတ်ပေးကြသည်။

ဒေါက်တာမင်းထင်ကျော်တို့က အိမ်ရှေ့ခန်းတွင် လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောနေကြသည်။

“ဒါထက် စကားစပ်လို့ မေးရဦးမယ်၊ မောင်မြတ်ဆွေတို့ မောင်နှမနှစ်ယောက် ဒီရွာကထွက်သွားကြတာ အတော်ကြာပြီလားအဘ”

“သူ့မိဘတွေမဆုံးခင်အထိတော့ ဒီရွာမှာပဲ နေကြတာပါ၊ သူတို့မှာ မောင်နှမသုံးယောက် ရှိကြတယ်၊ အစ်မကြီးဆုံးက ဇာတ်မင်းသမီးပေါ့”

“နာမည်ဘယ်သူများပါလိမ့်”

www.burmeseclassic.com

www.burmeseclassic.com



"ဟိုအရင်ကတော့ ဇာတ်အဖွဲ့ထဲမှာတော့ နာမည်တေ
လုံးနဲ့ပေါ့၊ မင်းသမီး မြကြာမှုံဆိုတာ သူတို့အစ်မ အကြီးဆုံးပေ
နောက်တော့ ဇာတ်ကရင်းနဲ့ သေသွားရှာတယ်လို့ သတင်းကြာ
လိုက်မိတယ်"

"အော်. . စိတ်မကောင်းစရာပဲ"

"နောက်တော့. . ကောင်းမြတ်ဆွေတို့ရဲ့ မိဘတွေ
ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြပြီးတဲ့နောက်ပိုင်း သူ
မောင်နှမလည်း ဒီရွာမှာရှိတဲ့ လယ်နဲ့ခြံပိုင်းကိုရောင်းပြီး ရန်က
ဘက်ပြောင်းသွားကြတာပါပဲ၊ သူကအစ်မ မြကြာမှုံ ဆုံးပြီးစေ
ချိန်တုံးကတော့ မောင်နှမနှစ်ယောက် တစ်ခေါက်ပြန်လာ
သေးတယ်၊ အစ်မအတွက် အလှူအတန်းတွေ ပြုလုပ်ပြီး ပြ
သွားကြတဲ့နောက်တော့ တစ်ခေါက်မှ ပြန်ရောက်မလာကြ
ပါဘူး"

ဖိုးပန်းညိုက ကွမ်းတမြုံ့မြုံ့ဝါးရင်း ပြောပြလေသည်

ဒေါက်တာမင်းထင်ကျော်ကတော့ သူသိချင်သော
ချက်အလက်အချို့ကို သိရသဖြင့် များစွာကျေနပ်နေမိသေ
သည်။

"ဒါထက် သူတို့မောင်နှမ ရန်ကုန်ပြောင်းသွားကြတ
ဆိုတော့ ဘယ်နေရာမှာများ နေကြသလဲ မသိဘူး၊ မတွေ့တ
ကြာတော့ လိပ်စာများသိရရင် သွားတွေ့ချင်လို့ပါ အဘ"

"ငါတို့တော့ သေသေချာချာတော့ မသိကြပါဘူး
ဘက်ရွာမှာနေတဲ့ မိုးအောင်နဲ့တိုးအောင်တို့ ညီအစ်ကို



ယောက်တော့ လယ်အလုပ်တွေနားတုန်း ရန်ကုန်တက်ပြီး အဆို
အတီးပညာတွေ သွားသင်ခဲ့ကြတယ် ဆိုလားပဲ၊ အဲဒီမှာတော့
သူတို့မောင်နှမနှစ်ယောက်ကို တွေ့ခဲ့ရတယ်လို့ ပြောသံကြားမိ
တယ်"

"ဘယ်နေရာမှာတဲ့လဲ အဘ"

"တံတားလေးဘက်မှာလို့တော့ ပြောသံကြားတယ်"

"ဒါထက် အဲဒီညီအစ်ကိုနှစ်ယောက် ရွာပြန်ရောက်နေ
ကြတာ ကြာပြီလား အဘ"

"သိပ်မကြာသေးပါဘူး၊ အများဆုံးရှိရင် ဥပုသ်တစ်
ပါတ်လောက်ပဲ ကြာမှာပေါ့၊ မေင်မောင်မြတ်ဆွေတို့ မောင်နှမ
နှစ်ယောက်နဲ့တွေ့ခဲ့လို့ သေသေချာချာ သင်ပေးလိုက်တာ၊ ညီ
အစ်ကိုနှစ်ယောက်စလုံး အတော်ကလေး ဆိုနိုင်တီးနိုင် နေကြ
ပြီလို့ သတင်းကြားမိတယ်"

ထိုစကားကိုကြားတော့ ဒေါက်တာမင်းထင်ကျော် စိတ်
ထဲတွင် ကိုဘညိုသေသောနေ့က ပဲခူးသို့ ပြန်သွားသည်ဆိုသော
ညှို့သည်နှစ်ယောက်အကြောင်းကို ပြန်လည်တွေးတောနေ
လေသည်။

စကားပြောနေကြစဉ်မှာပင် ထမင်းဟင်းများ ချက်ပြု
ပြင်ဆင်ထားပြီးပြီဟု ပြောသဖြင့် ထမင်းထစားကြရလေသည်။

အချိန်က နေဝင်ရီတရောအချိန် ရောက်နေပေပြီ။

သစ်ပင်များ အုံ့ဆိုင်းနေသော ခြံဝန်းထဲမှာတော့ အ
လင်းရောင် မရှိတော့ပဲ မှောင်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ထမင်းဝိုင်းမှာ အလင်းရောင်ရစေရန် ရေနံဆီမီးအိမ်ကို ထွန်းပေးထားကြသည်။ ဖြစ်သလိုချက်ပြုတ်ထေးသော တောထမင်း၊ တောဟင်းများဖွင့် ဖြစ်သော်လည်း ခရီးပင်ပန်းလာသောကြောင့် စားသောက်ရသည်မှာ ခံတွင်းမြိန်ကျလေသည်။ သူတို့ထမင်းစားသောက်နေကြစဉ် အိမ်ဝိုင်းအတွင်းသို့ လူတစ်ယောက်ဝင်လာလေသည်။

စောင်ကြမ်းတစ်ထည်ကို ခြုံထားပြီး ဦးခေါင်းပေါ်မှာ ခမောက်ဝိုင်းတစ်လုံးကို ဆောင်းထားလေသည်။

မျက်နှာတစ်ခုလုံးမှာလည်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးပါးသိုင်းမွေးများက အတော်ပင်ရှည်လျားစွာ ဖုံးအုပ်နေသဖြင့် မျက်နှာကိုပင် သဲကွဲစွာ မမြင်ရပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုလူဝင်လာစဉ်ကတည်းကပင် မျက်ခြည်မပြတ် လှမ်းကြည့်နေလေသည်။

ထိုလူက မီးရောင်ရှိသောနေရာအထိမလာဘဲ အမှောင်ရိပ်ရှိသော နေရာမှာပင် ရပ်တံ့လိုက်သည်။

"တာတေ မင်းနေကောင်းသွားပြီလား"

ဖိုးပန်းညိုက လှမ်းမေးလိုက်တော့ ခေါင်းညိတ်ပြသည်။

"ဘယ်က ပြန်လာတာလဲ၊ ထမင်းစားသွားပါလား"

"မစားတော့ဝါဘူးဗျာ၊ ဖိုးပန်းညိုတို့အိမ်မှာ မျက်နှာစိမ်းဧည့်သည်တွေ ရောက်နေလို့ ဝင်ကြည့်တာပါ"

ဟု အသံခပ်သြသြဖြင့် ပြောလိုက်သည်။

"အေး. . ဟုတ်တယ်၊ စပါးအရောင်းအဝယ် တိုစွအ



တွက် လာကြတဲ့သူတွေပဲ"

ဖိုးပန်းညိုက ဒါပဲပြောပြီး ထမင်းကိုသာ စားနေလေသည်။ တာတေဆိုသူက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်ပြီး နောက်ထပ် ဘာမှမပြောတော့ဘဲ ပြန်ထွက်သွားလေသည်။

ထမင်းဝိုင်းသိမ်းပြီး ထန်းလျက်နှင့် လက်ဘက်ရည်သောက်နေရင်းနှင့် ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"စောစောက လာသွားတဲ့ တာတေဆိုတာ ဒီရွာကပဲလား အဘ"

"ဟုတ်တယ်၊ သူက ရောဂါသည် တစ်ယောက်ပဲ၊ ဒွတ်ခွားရောဂါစွဲနေလို့ ဟိုးရွာအပြင်ဘက်မှာ တစ်ယောက်တည်းနေတယ်၊ မိသားစုတွေလည်း မရှိတော့ ရွာကလူတွေကပဲ ပေးကမ်းကျွေးမွေးထားရပါတယ်၊ ဒီရွာတွေမှာလည်း ဆေးကောင်းဝါးကောင်း ဆရာကောင်းကောင်း မရှိတော့ သူ့ရောဂါက ပျောက်တယ်လို့ကို မရှိပါဘူး"

"သူက အရင်က ဘာအလုပ်လုပ်သလဲ"

"အရင်ကတော့ ဇာတ်ထဲမှာလိုက်ဖူးတယ် ထင်တာပဲ၊ နောက်တော့ အခုလို ရောဂါစွဲကပ်လာလို့ အလုပ်မလုပ်နိုင်တော့ဘူး ထင်ပါရဲ့၊ ရွာပြန်ရောက်နေတာ လေးငါးနှစ်လောက်ရှိတာရောပေါ့"

ဖိုးပန်းညိုက ကွမ်းအစ်မှ ကွမ်းတစ်ယာ ယာနေရင်းနှင့်

www.burmeseclassic.com

ပြောပြသည်။ ထိုစကား ကြားသောအခါ ဦးဖန်ကောင်းက ဝင်ပြောလေသည်။

"ကျုပ်က ဆေးဆရာတစ်ယောက်ပါ၊ ဆေးဝါးတွေလည်း ပါလာပါတယ်၊ တကယ်လို့ ကာယကံရှင်က လက်ခံမယ်ဆိုရင် ဆေးကုပေးချင်ပါတယ်"

"တာတေက စိတ်သိပ်မမှန်တော့ ဆေးကုပေးတာကို လက်ခံချင်မှ လက်ခံမယ်၊ သူက ဘယ်သူနဲ့မှ သိပ်မတွေ့ပဲ တစ်ယောက်တည်းပဲ နေတာများတယ်၊ နောက်ရက်တော့ ကြုံရင်လည်း ဝင်မေးကြည့်ပေါ့"

ဟု ပြောပြသဖြင့် ဦးဖန်ကောင်းလည်း နောက်ထပ်ဘာမှ ဆက်မပြောတော့ပေ။ ဒေါက်တာမင်းထင်ကျော်ကတော့ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်ရင်း လေးလေးနက်နက် စဉ်းစားနေလေသည်။

ထို့နောက်မှာတော့ ဖိုးပန်းညိုထံမှ နောက်ထပ် သိချင်သော အချက်အလက်အချို့ကို ထပ်မံမေးမြန်းပြီးနောက် ညစာပင် အိပ်ယာဝင်ကြလေသည်။ သို့သော် . အတွေးများသောကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း မရှိတော့ပေ။ မင်းကုန်းရွာသည် သူ့အတွက် သဲလွန်စများစွာ ပေးနိုင်သော နေရာတစ်ခုပင် ဖြစ်ပေတော့သည်။



# အခန်း(၁၂)

## လေးပစ်ရသူက ဘုရားကျွန်တော်

နောက်တစ်နေ့နံနက်စောစော အချိန်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဖန်ကောင်းတို့နှစ်ယောက်မှာ ဖိုးပန်းညိုတို့ မိသားစုအား နှုတ်ဆက်ပြီး ထိုအိမ်မှ ထွက်ခဲ့ကြလေသည်။ သို့သော် ပဲခူးသို့ပြန်ခဲ့ကြခြင်းမဟုတ်ဘဲ မင်းကုန်းရွာ သုသာန်ရှိသော နေရာဘက်သို့ လာခဲ့ကြခြင်းဖြစ်သည်။ မင်းကုန်း

www.burmeseclassic.com



ရွာသုသာန်မှာ ရွာအနောက်ဘက် တောစပ်၌ ရှိလေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ရွာအစွန်ဘက်ရောက်တော့ တဲတစ်လုံးတွေ့ကြရသည်။ ထိုနေရာတစ်ဝိုက်မှာလည်း တောနှင့်နီးသောနေရာ ဖြစ်ပေသည်။

"မနေ့က ကျုပ်တို့ထမင်းစားနေတုန်းက လာကြည့်သွားတဲ့ တာတေဆိုတဲ့လူနေတဲ့တဲ ဖြစ်မယ်ထင်တယ်၊ မောင်ထင်ကျော်"

ဟု ဦးဗန်ကောင်းကပြောလေသည်။

"ဟုတ်မယ်ထင်ပါတယ်။ သုသာန်ဘက်က ပြန်လာတော့မှပဲ အခြေအနေဝင်ကြည့်ကြတာပေါ့"

ဟု ပြန်ပြောကာ ဆက်လျှောက်သွားကြလေသည်။

နံနက်စောစောအချိန် ဖြစ်သည်ကတစ်ကြောင်း၊ လယ်ယာလုပ်ငန်းသိမ်းပြီးသောအချိန် ဖြစ်သဖြင့် ပတ်ဝန်းကျင် တစ်ဝိုက်မှာ လူသွားလူလာမရှိသလောက် နည်းလှပေသည်။

ရွာလမ်းမှအနောက်ဘက်သို့ လျှောက်သွားကြစဉ်မှာပင် အိမ်အတော်များများမှာ အိမ်ကြီးအိမ်ကောင်းအတော်များများ ရှိနေကြသည်ကို သတိပြုမိလေသည်။

ကျေးလက်တောရွာဆိုသော်လည်း စီးပွားရေးအဆင်ပြေသော အရပ်ဒေသတစ်ခုပင် ဖြစ်ပေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ အတန်ကြာသောအခါ တောစပ်၌ရှိသော သုသာန်ရှိရာသို့ ရောက်လာကြသည်။

သုသာန်စပ်တွင် ဇရပ်ဟောင်းတစ်ဆောင်ရှိပြီး ပြိုကျလုအခြေအနေမျိုး ရှိလေသည်။ သုသာန်တွင်းမှာတော့ သစ်ပင်များနှင့် ချုံများရှိကြသည်။

အချို့ချုံများပေါ်မှာ အသုဘချရာတွင် အသုံးပြုသော ဓါးကပ်များ၊ မီးရှို့ရာတွင်အသုံးပြုသော ပစ္စည်းများအပြင် အလှဆင်သော ရောင်စုံအဝတ်စ၊ စက္ကူစများတင်နေသည်ကို တွေ့ရသည်။

သုသာန်မှာ တောအရပ်တွင်အသုံးပြုသော သုသာန်ဖြစ်သဖြင့် စနစ်တကျအသုံးပြုခြင်းမရှိဘဲ မှတ်တိုင်များ၊ အုတ်ဂူများကို သင့်သလို ပြုလုပ်ထားကြလေသည်။

စီးပွားရေးအဆင်ပြေသော အရပ်ဒေသဖြစ်သောကြောင့် သုသာန်တွင်အုတ်ဂူအတော်များများ ရှိသည်။

အချို့ဟောင်းနွမ်းလှပြီဖြစ်ပြီး အချို့မှာ သစ်သစ်လွင်လွင်ပင် ရှိကြသေးသည်။

အချို့ရေညှိရေမှော်များတက်ကာ ညိုမည်းနေပြီဖြစ်သော်လည်း အချို့ကတော့ အဖြူရောင်ထုံးရေသုပ်ထားသဖြင့် အသစ်အတိုင်းပင် ရှိလေသည်။

ထိုနေရာရောက်တော့ ဦးဗန်ကောင်းကို ဇရပ်ပေါ်မှာပင် စောင့်ခိုင်းထားပြီး ဒေါက်တာမင်းထင်ကျော်က သုသာန်တွင်းသို့ဝင်ကာ မြေပုံများကို တစ်ခုချင်း လိုက်ကြည့်နေလေသည်။

အချို့မှတ်တိုင်များမှာ ပြိုလဲနေပြီဖြစ်သော်လည်း အချို့

www.burmeseclassic.com



အကောင်းအတိုင်းပင် ရှိကြသေးသည်။

ပျဉ်ချပ်များပေါ်တွင်ရေးထားသော နာမည်၊ အသက်၊ သေဆုံးသောနေ့စွဲ၊ ရက်စွဲတို့ကတော့ ကျန်နေကြသေးသည်။ ဒေါက်တာမင်းထင်ကျော်က သုသာန်တွင်းရောက်သည်နှင့် အုတ်ဂူများကိုမကြည့်ဘဲ နာမည်မှတ်တိုင်စိုက်ထားသော မြေပုံများကိုသာ လိုက်လံကြည့်ရှုနေသည်။ ဦးဗန်ကောင်းကတော့ ဇရပ်ပေါ်မှာ အေးအေးဆေးဆေးထိုင်ရင်းနှင့် ကွမ်းတမြုံ့မြုံ့ ဝါးနေလေသည်။

ဒေါက်တာမင်းထင်ကျော်က မှတ်တိုင်များကို တစ်ခုချင်းလိုက်လံကြည့်ရှုနေစဉ် တစ်နေရာရောက်တော့ ကျွန်းသားများဖြင့် မှတ်တိုင်ပြုလုပ်ထားသည်ကို တွေ့ရလေသည်။

သေဆုံးသူ၏ အမည်နှင့်အသက်၊ သေဆုံးသော ရက်စွဲများကို သဘော်ဆေးဖြင့်ရေးထားလေသည်။

"မင်းသမီးမြကြာမှုံ

အသက်နှစ်ဆယ့်ငါးနှစ်. . .

. . . . . နေ့တွင် ကွယ်လွန်အနိစ္စရောက်သည်။"

ဟူသောစာများက ရှိနေသေးသည်။

ဒေါက်တာမင်းထင်ကျော်က သေဆုံးသည့်ရက်စွဲကို ကြည့်ပြီး တွက်ကြည့်နေသည်။

"မင်းသမီးမြကြာမှုံ သေခဲ့တာ (၅)နှစ်ကျော်လောက်တောင် ရှိပါရောလား၊ စုံစမ်းသိရသလောက်တော့ မြကြာမှုံသေတာ မြယာကုန်းရွာကလေးတစ်ရွာမှာ ပွဲကရင်းနဲ့ သေခဲ့တာ





ဘယ်လိုဖြစ်ပြီး သူ့မြေပုံက မင်းကုန်းရွာ ပြန်ရောက်နေတာလဲ၊ အံ့ဩစရာပဲ. . ."

ဟုတွေးမိလေသည်။

ထို့နောက် သေဆုံးသောရက်စွဲကို မှတ်ယူခဲ့ပြီးနောက် နှစ်ယောက်သား မင်းကုန်းရွာသုသာန်ဘက်မှ ပြန်ထွက်ခဲ့ကြလေသည်။ ခရီးထွက်လာစဉ်ကတည်းက ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်းအား အမှုအခင်းနှင့်ပတ်သက်သည့် အကြောင်းများကို ပြောသင့်သလောက် ပြောထားပြီးဖြစ်သောကြောင့် ဦးဗန်ကောင်းကမေးသည်။

"ကိုဘညိုသေတဲ့ညက ရှိနေတဲ့ မိုးအောင်နဲ့တိုးအောင်တို့နေတဲ့ရွာကို သွားကြဦးမလား မောင်ထင်ကျော်"

"မလိုတော့ဘူး အဘ၊ အခုအပြန်မှာ တာတေဆိုတဲ့လူနေတဲ့တဲကိုဝင်ပြီး မေးသင့်တာလေးတွေ မေးရမယ်"

ဟုပြောကာ ဆက်လျှောက်လာလေသည်။

ရွာအစွန်မှာရှိသောတဲမှာ သီးခြားလိုဖြစ်နေလေသည်။

ဖိုးပန်းညို ပြောပြသည့်အတိုင်းဆိုလျှင် ထိုတဲမှာ တာတေဆိုသောသူ နေသောတဲပင် ဖြစ်ပေလိမ့်မည်။

သို့ကြောင့် ထိုတဲရှိရာသို့ ဦးတည်ကာ သွားကြလေသည်။ ထိုတဲမှာ တဲယောင်းတစ်လုံးဖြစ်ပြီး တောစပ်နှင့်နီးသည်။

ကျောက်ဂူများရှိသောနေရာနှင့်လည်း အတော်ပင်နီးသည်။ ဒေါက်တာမင်းထင်ကျော်တွင် အကြောင်းရှိပါက အသုံးပြုရန် သေနတ်တစ်လက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာရောက်တော့ သေနတ်ကို အတွင်းအိတ်မှ အပြင်အိတ်သို့ ပြောင်းထည့်ထားလိုက်လေသည်။

သူတို့မနီးမဝေး ရောက်သွားသောအခါတွင် တဲတင်ခုလုံး လူမရှိသလို ထိတ်ဆိတ်ငြိမ်သက်နေလေသည်။

သို့ကြောင့် သတိထားကာ တဲအပေါက်ဝသို့ ချဉ်းကပ်သွားပြီး ကြည့်လိုက်တော့ တဲအတွင်းမှာ ဘယ်သူမှမရှိပေ. . ။

"ဘယ်သူမှမရှိပါလား"

"ကျွန်တော်တို့လာမှန်း သိနေလို့ တစ်နေရာကို ရှောင်ထွက်သွားတာ ဖြစ်နိုင်တယ်"

ဟုပြောပြီး တဲအတွင်းသို့ ဝင်ကြည့်ကြလေသည်။

အတွင်းမှာတော့ ထွေထွေထူးထူး ဘာပစ္စည်းမှမရှိပေ။ အဝတ်အစားဟောင်းများ၊ စောင်၊ ခြင်ထောင် အဟောင်းအချို့နှင့် အိပ်ယာဘေးတွင် ကျွန်းသေတ္တာဟောင်းတစ်လုံးသာရှိသည်။

သေတ္တာပေါ်မှာတော့ မီးခွက်တစ်လုံးနှင့် သစ်သားမီးခြစ်တစ်လုံး ရှိသည်။ မနီးမဝေးမှာ မီးဖိုတစ်ခုရှိပြီး ခွင်ပေါ်တွင် ရေနွေးကျိုသော မီးဖိုတစ်လုံး တင်ထားသည်။

မီးဖိုမှာ မီးရှိနေသေးပြီး ရေနွေးအိုးမှာလည်း ပူနေဆဲပဲရှိသည်။

"မနက်ပိုင်းအထိ တဲထဲမှာ ရှိနေပုံပဲ"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က သေတ္တာပေါ်မှ ပစ္စည်းများကို အောက်ချကာ သေတ္တာအဖုံးကို ဖွင့်ကြည့်လိုက်သည်။





သေတ္တာထဲမှာလည်း ထွေထွေထူးထူး ဘာမှတော့မတွေ့ရပေ။

အောက်ဖက်မှာတော့ စာအုပ်ဟောင်းတစ်အုပ် တွေ့သဖြင့် ထုတ်ယူပြီး ကြည့်လိုက်ရာ ရှေးအခါက ဇာတ်ပွဲများ၌ ရွတ်ဆိုအသုံးပြုခဲ့သော ဇာတ်စာများပါသော စာအုပ်ပင် ဖြစ်ပေသည်။

ထိုစာအုပ်ထဲတွင် ခဲတံဖြင့် ရေးမှတ်ထားသော စာသားအချို့ကိုလည်း တွေ့ရသည်။

"မရှောင်သာ မောင်တစ်ခါ ဘယ်လိုထွက်ရပ့်၊ ခက်ကြပြီ မယ်အိုဇာရဲ့ ပြေးစရာလမ်း၊ ဆယ်ရက်ကယ်မြိုင်၊ လက်ဆက်တိုင်ပင် တိုင်ညှပ်ပါလို့ မယွင်းအစဉ် တင်းတမင်ကြပ်စေဖို့ ဝင်းမြိုင် မြင်းဆင် တပ်ပတ်လို့ရယ်၊ ခေါင်းဖြတ်မယ့် စခန်းပါတလား၊ (အမယ်မင်း)သောင်းတပ်နဲ့ဖမ်း. . .

ဖျတ်ဝိ၊ ဖျတ်ဝိ အတတ်သိပါပေ့၊ သတ္တိလူစွမ်း၊ သမီးအဖေ အပြီးသေစေဖို့ မီးနေသည်ထမိနဲ့ အုပ်ပြီးတော့၊ တစ်ကြိမ်ထွန့်ပ် မလွတ်အောင် မြို့ဝန်ဖမ်းယူပေ့၊ မြူနွှမ်းတစ်လုံး၊ တိမ်းယိမ်ကာ သွေမဖယ်နိုင်ဘူး၊ ရှိန်းဆာယာအခြေပြယ်တာကြောင့် ဒီအဘယ်မှာ ပုန်းရပ့်၊ တကိုယ်လုံး လေးလို့ကုန်၊ (အမယ်လေး) အားအထုံ ပျက်ပါပေ့. . .

သယ်. . ပေါက်ကံဆိုးသည့် သတိုးနတ်ကလျာ ဆယ်မြမင်းတျှင့် ယွင်းမဖင့်သင့်၊ ပြည်သူနှင့်သား၊ စိတ်ဝမ်းကွဲအောင် ပူတလွဲထားချေသည်. . .


www.burmeseclassic.com

www.burmeseclassic.com



သူကသားထက်နှံ၊ အိမ်ရှေ့စံ၊ နီဖလံရွှေ အင်တုံတွင်း
ခြေကိုသွင်း၍ ခုဆင်းစေ. . .

ဝနေတောသူ၊ ဝါရဖြူတော့၊ ရေမူခုနစ်လံရှိသည့်ကန်
အမှန်သွင်း၍ ဆင်းနတ်စေ. . .

မသွေတရားပျက်ချေသည်၊ ပျက်စေတော့သည်တစ်ခါ
ငါဒေဝါက ပိစ္စိကာကင်း သရုပ်ဖြင့် အသင့်လေ သင့်ခြေတုံ
အောင် စောင့်ချုပ်လို့ နေဦးမဟာ၊ (အင်တုံတွင်း၌ ကင်းလုပ်၍
စေ)မတရားတဲ့ မင်းယုတ်မာ၊ ကင်းထုပ်ကာ ခြေကို ဖော်လို
မယ်၊ ပြေကျော်၍ လန့်ရော့လဟယ်. . . .

အစိမ့်ရှေ့လူသေမြှုပ်တဲ့ သုသာန်မြေ၊ တစ္ဆေခြင်းခြေ
တသောသော နေရော့လဟယ်. . . ”

(အထက်ပါစာများမှာ ရှေးကရေးသော ဇာတ်စာမူ
ရေးသားသော မူရင်းမိတ်ပုံအတိုင်း ပြန်လည်ဖော်ပြပေးခြင်း
ဖြစ်ပေသည်။)

ဒေါက်တာမင်းထင်ကျော်က ထိုစာအုပ်ဟောင်းမှ ခဲ
ဖြင့် မျဉ်းသားထားသော စာပုဒ်များ၊ အမှတ်အသားပြုထားသော
စာပုဒ်များကို ဖတ်ရှုပြီး စာအုပ်ကို သေတ္တာထဲပြန်ထည့်ပြီး
ဖုံးကို ပြန်ပိတ်လိုက်သည်။

အပေါ်မှ ပစ္စည်းများကိုလည်း ခြေရာလက်ရာမပျက်
ပြန်တင်ထားလိုက်ပြီး နံဘေးမှာရှိသော အိပ်ယာကို လက်
စမ်းကြည့်လိုက်သည်။ အနွေးဓါတ်က ရှိနေဆဲပင်။

“သူ ဒီနေရာက ထွက်သွားတာ သိပ်မကြာသေး





ရောဂါအခံကလည်း ရှိနေတော့ ဝေးဝေးတော့ သွားနိုင်မှာ မ
ဟုတ်ဘူး”

“သူက ဘယ်သူလဲ”

“မကြာခင်တော့ သိရတော့မှာပါ။ ကျွန်တော်တို့ သူ့ကို
တွေ့အောင် လိုက်ရှာကြရမယ်”

ဟု ပြောသဖြင့် ဦးဗန်ကောင်းလည်း နောက်ထပ် ဆက်
မမေးတော့ပေ။ ထို့နောက် နှစ်ယောက်သား တဲအပြင်သို့ ပြန်
ထွက်ကာ အခြေအနေကို ကြည့်လိုက်သည်။

ရွာဘက်သို့သွားသော လမ်းဘက်မှာတော့ ထူးထူး
ခြားခြား ဘာမှလှုပ်မြင်ရပေ။ တဲအနောက်ဘက်မှာတော့
တောဘက်သို့သွားသော လမ်းတစ်လမ်းရှိသည်။

သို့ကြောင့် နှစ်ယောက်သား သတိကြီးစွာထားပြီး ထို
လမ်းအတိုင်း ဝင်လိုက်သွားကြလေသည်။

တကယ်တော့ ထိုနေရာတစ်ဝိုက်မှာ တောဟုသာ ဆို
သော်လည်း လူသူရောက်သော တောဖြစ်သဖြင့် သစ်ပင်ဝါးပင်
တို့ကို ခုတ်ယူအသုံးပြုထားရာ ကျဲကျဲပါးပါးတောမျိုးသာ ဖြစ်ပေ
သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုနေရာတစ်ဝိုက်သို့
ထိုက်လံကြည့်သော်လည်း ဘာမှ မတွေ့ရပေ။ သူတို့ရောက်နေ
သည့်နေရာနှင့် မနီးမဝေးနေရာမှာတော့ ကျောက်တုံးကြီးများ
ရှိသည်။

သဘာဝအတိုင်း ဖြစ်နေသည့် ကျောက်တုံးကြီးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁၅)တောင်ခန့် မြင့်လေသည်။

ဒေါက်တာမင်းထင်ကျော်က သတိကြီးစွာထားပြီး ကျောက်တုံးကြီးများရှိသော နေရာအနောက်ဖက်သို့ လျှောက်သွားရာ ထိုနေရာသို့ ရောက်သည်နှင့် အန္တရာယ်က ရောက်လာလေတော့သည်။

တစ်ကိုယ်လုံး အဝတ်ကြီးခြုံထားပြီး ခမောက်တစ်လုံးဆောင်းထားသော လူတစ်ယောက် ခုန်ထွက်လာသည်။

လက်ထဲမှာလည်း ဌက်ကြီးတောင်ဓားတစ်လက် ကိုင်ထားလေသည်။

"ဒီနေရာအထိလိုက်လာပြီး ဒုက္ခပေးချင်တဲ့ ပုလိပ်စုံထောက်တွေ သေပေရော့ကွာ"

ပြောပြောဆိုဆိုနှင့် လက်ထဲမှဓားဖြင့် ခုတ်ပိုင်းလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအခြေအနေကို သိသဖြင့် သတိဖြင့်နေရာ ဓားချက်ဝင်လာသည်နှင့် ဘေးသို့ တိမ်းရှောင်ပေးလိုက်ပြီး ပြန်လည်တိုက်ခိုက်လေသည်။

သူ့ဆီတွင် သေနတ်ပါလာသော်လည်း ရန်သူက အားအင်ချို့တဲ့နေသူဖြစ်သဖြင့် သေနတ်သုံးရန်မလိုပေ။

ထို့ပြင် ဓားဖြင့်တိုက်ခိုက်သောရန်သူမှာ တိုက်ခိုက်ရေးကျွမ်းကျင်သူတစ်ယောက်တော့ မဟုတ်ပေ။

ဒေါသတကြီးဖြင့် လိုက်ခုတ်နေသော်လည်း ထိရောက်မှုတော့ မရှိလှပေ။ တစ်ကြိမ်မှာတော့ ဒေါက်တာမင်းထင်ကျော်



က ပြန်လည်တိုက်ခိုက်ရာ ဓားတခြား လူတခြားဖြစ်ကာ လဲကျသွားလေတော့သည်။

သို့ကြောင့် ဓားကိုယူပြီး တစ်နေရာမှာ ချထားလိုက်သည်။ ဓားဖြင့် တိုက်ခိုက်သူမှာ 'တာတေ'ဆိုသူဖြစ်ပြီး မောလွန်းသဖြင့် အသက်ကိုပင် အနိုင်နိုင် ယူနေရလေသည်။

သို့ကြောင့် ဦးပန်ကောင်းက သူ့ဆီမှာပါလာသော ရေဘူးကိုပေးလိုက်ရာ၊ တာတေက အားရပါးရ ကြည့်ပြီး ယူသောက်လေသည်။ ဒီတော့မှ ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေး ပြောပြရသည်။

"ကျွန်တော်တို့က ခင်ဗျားထင်သလို ပုလိပ်တွေ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့် ငါ့နောက်ကို တကောက်ကောက်လိုက်ရှာနေတာလဲ"

"သိချင်တာလေးတွေ ရှိလို့ပါ၊ ခင်ဗျားနာမည် ဘယ်သူလဲ"

"ငါ့နာမည် တာတေလို့ခေါ်တယ်"

"တာတေအပြင် ဖတ်ကတုန်းက နာမည်တစ်ခု ရှိနေသေးတယ် မဟုတ်လား"

"ဒီလောက်သိနေမှတော့ ဘာကြောင့် မေးနေရသေးလဲ"

"ကျွန်တော်တို့က ခင်ဗျားကို မဖမ်းပါဘူး၊ ခင်ဗျားဆီကအချင်းကအကြောင်းတွေသာ သိချင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အတွင်းသို့ ချိုင့်ဝင်နေသော မျက်လုံးဖြင့် ကြည့်ပြီး ပြောပြလေသည်။

"ငါ့ရဲ့ အရင်နာမည်က ပုဏ္ဏကကျောက်အိုးလို့ ခေါ်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက် ညိတ်ပြီးရင်း ပြန်မေးလိုက်သည်။

"မင်းသား တိုင်းချစ်ရွှေလင်းကို ဘာကြောင့်သတ်ခဲ့တာလဲ"

"သူက မင်းသားသာဆိုပေမယ့် ကိုယ်ကျင့်တရား မကောင်းတဲ့ လူယုတ်မာတစ်ယောက်ပဲ၊ ဇာတ်ထဲမှာ ကနေတဲ့ မိန်းကလေးတွေဆိုရင် သူကလက်ချက်နဲ့ လွတ်တဲ့သူ မရှိသလောက်ပါပဲ၊ အဲဒီအထဲမှာ မြကြာမှုံလည်း အပါအဝင်ပေါ့"

ထိုသို့ပြောရင်း မောနေသောကြောင့် စကားကို ရပ်ထားရလေသည်။

ဦးဇန်ကောင်းက အသင့်ယာထည့်လာသော ကွမ်းယာတစ်ယာထုတ်ပေးရာ ပုဏ္ဏကကျောက်အိုးက ယူပြီးဝါးနေသည်။

ခဏကြာတော့မှ စကားပြန်ဆက်သည်။

"နောက်တော့ မြကြာမှုံမှာ ကိုယ်ဝန်ရှိလာတယ်၊ ဒါပေမယ့် ဒင်းက လက်ထပ်မယူဘူး၊ ဘာကြောင့်လည်းဆိုတော့ သူမှာ တရားဝင်လက်ထပ်ထားတဲ့ မယားတွေရှိနေတာကိုး၊ နောက်တော့ မရွှေဥဇာတ်လမ်းကနေရင်းနဲ့ မြကြာမှုံကို သူတို့သတ်ပစ်ခဲ့ကြတယ်"



"ဘယ်သူတွေက ဘယ်လိုသတ်တာလဲ"

"အစွယ်လိုသူက မင်းမိဖုရား၊ စေခိုင်းသူက မင်းဧကရာဇ်၊ လေးပစ်သူက ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးဦးပေါင်းပြီး သတ်ကြတာပေါ့ဗျာ၊ မင်းသားရွှေလင်းရဲ့ မယားကြီး မြန်နန်းကြည်က မြကြာမှုံကို ဇာတ်ထဲမှာ မရှိစေချင်ဘူး၊ ဒီတော့ မင်းသား ရွှေလင်းက ခိုင်းတာပဲ ဖြစ်မှာပေါ့၊ ကျားဘညိုက ဇာတ်ကနေရင်းနဲ့ မြကြာမှုံကို သတ်ခဲ့တယ်"

"ဇာတ်ကနေရင်း ဘယ်လိုသတ်တာလဲ"

"ဇာတ်ဝင်ခန်းမှာ မရွှေဥကို ကျားကိုက်တဲ့အခန်းပါတယ်၊ ကျားကိုက်ဟန်ဆောင်ပြီး လည်ပင်းကို ဓားချွန်နဲ့ ထိုးသတ်ခဲ့ကြတာပဲ၊ ငါလည်း ရိပ်မိပေမယ့် ဘာမှ မတတ်နိုင်ခဲ့ပါဘူး၊ မြကြာမှုံအတွက်တော့ အတော်လေးစိတ်မကောင်း ဖြစ်ခဲ့ရတယ်"

ပုဏ္ဏကကျောက်အိုးက ပါးစပ်ထဲမှ ကွမ်းတံတွေးကို ထွေးထုတ်ပစ်လိုက်သည်။

"အတော်ရက်စက်ယုတ်မာကြတာပဲ၊ မြကြာမှုံသေတော့ ဗိုက်ထဲက ကလေးပါ သေရရှာတာပေါ့"

"ဟုတ်တယ်၊ မြကြာမှုံနဲ့ ငါနဲ့က တစ်ရွာတည်းသားချင်းတွေဆိုတော့ ပိုပြီးစိတ်မကောင်း ဖြစ်ရတာပေါ့၊ ဒါကြောင့် ဒင်းတို့ကို အခွင့်သာရင် လက်စားပြန်ချေဖို့ စိတ်ထဲမှာ အမြဲတေးထားခဲ့တယ်"

ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်ကတော့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားစွာဖြင့် နားထောင်နေကြသည်။

"တစ်ရက်တော့ ပဲခူးဘုရားပွဲ ကနေရင်း နောက်ဆုံးည ကကြတော့ မင်းသားရွှေလင်းကို ငါ ဓားနဲ့ခုတ်သတ်ခဲ့ပြီး ထွက်ပြေးခဲ့တယ်၊ သူတို့လည်း ဇာတ်ပျက်တဲ့အဖြစ် ရောက်ကြတယ်"

"ဒါထက် မြကြာမှုံအသတ်ခံရတာ ဘယ်ရွာမှာလဲ"

ပုဏ္ဏကကျောက်အိုးက အနည်းငယ် စဉ်းစားပြီးမှ. . .

"မြယာကုန်းရွာဘုရားပွဲကရင်း ထင်ပါရဲ့၊ သူ့အလောင်းကို အဲဒီသုသာန်မှာပဲ သင်္ဂြိုဟ်ခဲ့ကြတယ်"

ဟု ပြောပြသည်။

"အခု ဒီသုသာန်မှာ မြကြာမှုံအမည်နဲ့ မြေပုံတစ်ခု တွေ့ခဲ့တယ်၊ ဘယ်သူရွှေ့ထားတာလဲ"

"ကျန်ခဲ့တဲ့သူ သားချင်းတွေထဲက ဖြစ်မှာပေါ့၊ ငါတော့ မသိဘူး"

"နောက်ပိုင်း မြနန်းကြည်နဲ့ ကျားဘညိုတို့ အကြောင်းကို ဘာသတင်း ကြားသေးသလဲ"

"ဇာတ်ပျက်တော့ သူတို့နှစ်ယောက် ယူလိုက်ကြတယ်လို့ သတင်းကြားတယ်. . ၊ ရန်ကုန်မှာ အကသင်တန်းကျောင်း ထောင်နေတယ်လို့လည်း ကြားတယ်၊"

"အခုတော့ ကိုဘညိုတစ်ယောက် အသတ်ခံရလို့ သေသွားရှာပြီ"

ထိုစကားကြားသောအခါ ပုဏ္ဏကကျောက်အိုးက ထွေထွေထူးထူး အံ့ဩသွားပုံတော့ မရပေ။



"အကုသိုလ်များတဲ့သူဟာ အကုသိုလ်ကံနဲ့ပဲ သေရတယ်၊ မကောင်းတာလုပ်တဲ့သူလည်း မကောင်းမှုနဲ့ပဲ သေရမှာပဲ၊ ဒါကမဆန်းပါဘူး၊ တစ်ယောက်သေပြီဆိုတော့ နောက်တစ်ယောက်လည်း သေဖို့အချိန်နီးပြီပေါ့"

ဟု ပြောဆိုလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအကြောင်းကို ဘာမှထပ်မမေးတော့ပေ။

"ဒါထက် မြကြာမှုံတို့မှာ သားချင်းဘယ်နှယောက် ရှိကြသလဲ"

"မြကြာမှုံအောက်မှာ မောင်တစ်ယောက်နဲ့ ညီမတစ်ယောက်တော့ ရှိတယ်၊ သူတို့နှစ်ယောက်လည်း ဘယ်ရောက်လို့ ဘယ်အရပ်မှာ နေကြမှန်းတောင် မသိတော့ပါဘူး"

ပုဏ္ဏကကျောက်အိုးက စကားကို ဖုံးဖုံးဖိဖိ သဲသဲမဲမဲ ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ထပ်မမေးတော့ပေ။

ပုဏ္ဏကကျောက်အိုးက ပါးစပ်ထဲမှ ကွမ်းများကို ထွေးထုတ်လိုက်ရင်း ပြောသည်။

"မင်းသားရွှေလင်းကို ငါသတ်ခဲ့တာ အမှန်ပဲ၊ မင်းတို့ ငါ့ကို ဖမ်းမယ်ဆိုရင်လည်း ဖမ်းခေါ်သွားပေါ့၊ ငါ့ဘဝကတော့ သေမထူးနေမထူး ဘဝပါပဲ"

"ကျွန်တော်တို့က ပုလိပ်တွေ မဟုတ်ပါဘူး၊ ခင်ဗျားကိုလည်း မဖမ်းပါဘူး၊ ခင်ဗျားဆီကိုလာတာ စောစောက ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အကြောင်းတွေကို သိချင်လို့ လာကြတာပါ၊ အခုလို ပြောပြပေးတာလည်း ကျေးဇူးတင်ပါတယ်ဗျာ”

“မင်းတို့ မဖမ်းချင်လို့ ထားခဲ့လည်း ငါ့ရောဂါက ကျွမ်းနေပြီဆိုတော့ မကြာခင် သေရတော့မှာပါကွာ၊ ထားခဲ့တော့လည်း ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ သေရမှာပေါ့”

ဟု ပြောလေသည်။

ထို့နောက် ဦးဇန်ကောင်း လွယ်အိတ်ထဲမှ ပါလာသော ဆေးအချို့နှင့် ဒေါက်တာမင်းထင်ကျော်က ငွေအချို့ကို ပေးထားခဲ့ကာ ပုဏ္ဏကကျောက်ဒိုးအား နှုတ်ဆက်ပြီး ထိုနေရာမှ ပြန်ထွက်လာကြလေသည်။



# အခန်း(၁၁)

# ဗျစ်ခနဲ တွေ့ခွင့်ရသော နှလုံးသားပုံရိပ်

ဗဟန်းဂါတ်တဲအတွင်း၌ရှိသော စုံထောက်ကျော်စွာ၏ သီးသန့်ရုံးခန်းအတွင်းသို့ ဒေါက်တာမင်းထင်ကျော် ရောက်နေလေသည်။ စုံထောက်ကျော်စွာက ကော်ဖီခါးခါး၊ စီးကရက်စသော ဒေါက်တာမင်းထင်ကျော် ကြိုက်နှစ်သက်သော အစားအသောက်များဖြင့် ဧည့်ခံရင်း စကားပြောနေကြသည်။

“ဒီရက်အတွင်း ရန်ကုန်မှာရော အခြေအနေတွေ ဘာ



www.burmeseclassic.com

www.burmeseclassic.com



များ ထူးခြားသေးသလဲ"

"ဆရာခရီးထွက်နေတဲ့ ရက်အတွင်းမှာတော့ ထွေထွေ ထူးထူး ဘာမှထပ်မတွေ့ရသေးပါဘူး၊ ဆားပုလင်းမောင်ကျော် ကိုတော့ မြချယ်အိမ်နဲ့ ပတ်သက်တဲ့ သတင်းတွေကို စုံစမ်းခိုင်း ထားပါတယ်"

ဒေါက်တာမင်းထင်ကျော်က စီးကရက်သောက်ရင်း ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ဒါထက် ဆရာရော ခရီးထွက်ခဲ့တာ သိချင်တာတွေ သိခဲ့ရသလား"

"သိခဲ့ရပါတယ်၊ ပုဏ္ဏကကျော်အိုးနဲ့တောင်တွေ့လို့ စကားပြောခဲ့ရသေးတယ်"

"ဟင်. . ."

ထိုစကားကြားတော့ စုံထောက်ကျော်စွာမှာ များစွာ အံ့သြသွားလေသည်။

"မင်းသား တိုင်းချစ်ရွှေလင်းကို သတ်သွားတဲ့ တရားခံ မဟုတ်လား၊ ဦးဘညိုလည်း သူ့လက်ချက်ကြောင့် သေခဲ့ရတာ မဟုတ်လား"

"ရွှေလင်းကို သူသတ်သွားတာ မှန်ပေမယ့် ကိုဘညိုကို တော့ သူသတ်ခဲ့တာ မဟုတ်ဘူး"

"ဘယ်လိုကြောင့်လဲ ဆရာ"

"ပုဏ္ဏကကျော်အိုးက နေ့သေမလား၊ ညသေမလား မသိရတဲ့ ရောဂါကျွမ်းနေသူတစ်ယောက် ဖြစ်နေပြီ၊ ဘယ်နေ





ရာမှ မသွားနိုင်တော့ပါဘူး"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က စုံစမ်းရရှိခဲ့ သော အချက်အလက် အားလုံးတို့ကို စုံထောက်ကျော်စွာအား ပြန်ပြောပြလိုက်လေသည်။

"ဆရာပြောတဲ့ အချက်တွေထဲမှာ မြယာကုန်းရွာမှာ သေခဲ့တဲ့ မင်းသမီးမြကြာမှုံရဲ့မြေပုံက မင်းကုန်းရွာပြန်ရောက် နေတယ်ဆိုတော့ တစ်ယောက်ယောက်က ရွှေ့ခဲ့တာဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော်တို့ စုံစမ်းသိရတဲ့အသိမှာ ပုဏ္ဏကကျော် အိုးဆိုတဲ့လူက မြကြာမှုံနဲ့တစ်ရွာတည်းနေခဲ့တာဆိုတော့ မြ ကြာမှုံအပေါ်မှာ ချစ်ခင်နှစ်သက်မှုရှိတယ်၊

မြကြာမှုံကိုသတ်တဲ့ ကျားဘညိုကို ပုဏ္ဏကကျော်အိုး ကသတ်တာမဟုတ်ဘူးဆိုတော့ တရားခံက တခြားသူမဖြစ်နိုင် တော့ဘူး၊ မောင်မြတ်ဆွေပဲ ဖြစ်မှာပေါ့"

"လူသတ်တရားခံဟာ မောင်မြတ်ဆွေဖြစ်ဖို့ အတော်က လေး နီးစပ်မှုရှိပါတယ်၊ ဒါပေမယ့်သူ့ကို ချက်ချင်းတော့ မဖမ်း ပါနဲ့ဦး၊ သေသေချာချာ လေ့လာစုံစမ်းပြီး သေချာပြီဆိုတော့မှ ဖမ်းကြတာမကောင်းဘူးလား"

"ကောင်းပါတယ်ဆရာ၊ ဒါပေမယ့် သူ့ကိုတော့ မျက် ခြည်မပြတ် စောင့်ကြည့်နေမှဖြစ်မယ်"

ဟုပြောလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်လည်း စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာကို နှုတ်ဆက်ပြီး ပြန်ထွက်ခဲ့လေသည်။

ထို့နောက် အိမ်သို့မပြန်သေးဘဲ ကမ္ဘာအေးဘုရားလမ်းအတိုင်း မြောက်ဘက်သို့ မောင်းလာခဲ့လေသည်။ မောင်မြတ်ဆွေနှင့် မြသင်းကြူတို့ မောင်နှမနေသော နေအိမ်ဘက်ရောက်သောအခါ ကားကိုချိုးကွေ့ကာ မောင်းဝင်လာခဲ့လေသည်။

အိမ်ရှေ့ရောက်ပြီး ကားရပ်လိုက်သည်နှင့် အိမ်ထဲမှပျံ့လွင့်ထွက်လာသော ပတ္တလားသံကို ကြားရသဖြင့် ကားပေါ်မှ မဆင်းသေးဘဲ ကားပေါ်မှပင်နားထောင်နေသည်။

တေးသွားက 'စုံတောမြိုင်ယံ' တေးသွားဖြစ်ပြီး ပတ္တလားနှင့် တီးနေခြင်းဖြစ်သည်။ အဆိုမပါဘဲ အတီးချည်းသက်သက်ဖြစ်သည်။ လက်သံကြားရုံနှင့် မောင်မြတ်ဆွေလက်သံဖြစ်မှန်း ကောင်းစွာသိနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထူးချွန်လှသော အနုပညာသမားတစ်ယောက်ကို ဖမ်းပြီးအပြစ်ပေးရမည်ကိုပင် စိတ်ထဲမှ ဝန်လေးနေမိသည်။

အတန်ကြာသောအခါ ပတ္တလားသံ ရပ်တံ့သွားလေသည်။ ထိုအခါမှကားပေါ်မှဆင်းကာ အိမ်ထဲသို့ ဝင်သွားလေသည်။

အိမ်ရှေ့မှာတော့ မောင်နှမနှစ်ယောက်စလုံး ရှိနေကြလေသည်။ မောင်မြတ်ဆွေက ပတ္တလားနောက်ဘက်မှာ ထိုင်နေပြီး မြသင်းကြူက စည်းနှင့်ဝါးကို ကိုင်ထားလေသည်။

ဒေါက်တာမင်းထင်ကျော် ဝင်လာသောအခါ. . မော





ယောက်စလုံး နေရာမှထကာ နေရာထိုင်ခင်းပေးကြလေသည်။

"ဆရာဘယ်က လှည့်လာတာလဲ"

"ဒီကိုပဲ တမင်ဝင်လာခဲ့တာပါပဲ၊ ကျွန်တော်ဝင်လာလို့ အဆိုအတီးပျက်သွားတာ အားနာစရာပဲ"

"ရပါတယ်ဆရာ၊ ဘာကိစ္စများ ရှိလို့လဲ"

"တခြားတော့ ထွေထွေထူးထူး မရှိပါဘူး၊ ကိုမြတ်ဆွေတို့ကို သတင်းတစ်ခုပေးစရာရှိလို့ပါ"

"ဘယ်လိုသတင်းမျိုးပါလိမ့်"

မောင်နှမနှစ်ယောက်စလုံး စိတ်ဝင်စားစွာဖြင့် ကြည့်နေကြလေသည်။

"တခြားတော့မဟုတ်ပါဘူး၊ ဇာတ်မင်းသားတိုင်းချစ်ရွှေလင်းကို သတ်သွားတဲ့ ပုဏ္ဏကကျောက်အိုးဆိုတဲ့ တရားခံကို ဖမ်းမိသွားပြီလို့ သတင်းကြားပါတယ်"

"ဟင်. . ."

နှစ်ယောက်စလုံး များစွာအံ့ဩသွားကြဟန် ရှိကြလေသည်။

"သူ. . သူ့ကို ဘယ်နေရာမှာ. . ဖမ်းမိတာလဲဟင်"

"ပဲခူးက ပုလိပ်တွေဖမ်းတာပါ။ ပဲခူးနယ်ဘက်က မင်းဘန်းရွာဘက်မှာ ဖမ်းမိတာလို့ ပြောပါတယ်"

"သူ့ကို ဘာပြစ်မှုနဲ့ဖမ်းတာလဲဟင်"

"တိုင်းချစ်ရွှေလင်းကို သတ်တဲ့ပြစ်မှုနဲ့ဖမ်းတာပါ"

"ဒါဖြင့် ဦးဘညို သတ်တဲ့တရားခံကရော သူပဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

ဟုမောင်မြတ်ဆွေက မေးသည်။

"အဲဒါကိုတော့ မသိရသေးဘူး၊ ဒါပေမယ့် . . ပဲခူးက ပုလိပ်တွေဆီကို သတင်းပို့ထားတော့ သူတို့ စစ်ဆေးကြည့်ရင် ဟုတ်ရင်တော့ ပေါ်မှာပါ"

ဟု ပြန်ပြောလိုက်လေသည်။

"ကျွန်တော်တို့ မောင်နှမနှစ်ယောက်လည်း ရန်ကုန်မှာ ဆွေးမရှိ မျိုးမရှိဘဝနဲ့ နေရတော့ ဦးဘညို သေသွားတဲ့နောက်ပိုင်း နေရတာတောင် စိတ်မလုံတော့သလိုပါပဲ ဆရာရယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့၊ တရားဥပဒေဆိုတာ ရှိပါသေးတယ်၊ ကျွန်တော်တို့လည်း တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပေးပါ့မယ်"

ဟုပြောလိုက်ရာ မောင်မြတ်ဆွေမှာ အတော်ပင် စိတ်သက်သာရာ ရသွားလေသည်။

သို့ကြောင့် ထိုအကြောင်းကို စကားဖြတ်ပြီး တခြားအကြောင်းကို ပြောဆိုလေသည်။

"ဆရာက ဂီတအခြေခံ အတော်လေးရှိပုံရပါတယ် အခုလိုကြုံကြိုက်တုန်း သီချင်းတစ်ပုဒ်လောက် ဆိုကြည့်ပါလား"

ဟု တိုက်တွန်းလေသည်။

"ကျွန်တော်က ဝါသနာပါတယ် ဆိုပေမယ့် ဒီလောက်တော့ မရသေးပါဘူး၊ နောက်ပြီး အသံလည်း သိပ်မရပါဘူး"

"သီချင်းဆိုတာ အသံမကောင်းပေမယ့် ဆိုတတ်ရင်





ဖြစ်ပါတယ်၊ တစ်ပုဒ်လောက် ဆိုကြည့်ပါလား"

ဟု တိုက်တွန်းပြောဆိုပြီး နေရာမှထသွားပြီး ပတ္တလားနောက်တွင် ဝင်ထိုင်လေသည်။

မြသင်းကြူကလည်း သူ့နေရာသူ ပြန်ထိုင်ကာ စည်းနှင့်ဝါးကို ပြန်ကိုင်ထားလေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်လည်း ထိုနေရာသို့သွားကာ မိမိဆိုမည့် သီချင်းအမည်ကို ပြောဖြလိုက်သည်။

သူဆိုနေကျ ဟေဝန်နန်း သီချင်းပင် ဖြစ်သည်။

မောင်မြတ်ဆွေက ပတ္တလားဖြင့် တီးလုံးဖျိုးလိုက်သည်နှင့် သီချင်းစဆိုသည်။

"ဂန္ဓမာတောင်ခြေ ရေတံခွန်စမ်းရေနဲ့ မာလာပေါပါပေ၊ ဘွအစွန်နန်းမှာလ (ဟေဝန်နန်း X ၃) လွမ်းဘွယ်စုံညီ. . "

ခြေဆင်းစဆိုစဉ်က အသံမငြိမ်သော်လည်း ခြေဆင်းဆုံးသော အခါမှာတော့ အသံတည်၍ ရသွားသည်။

မောင်မြတ်ဆွေမှာ ပတ္တလား အတီးကောင်းသူ ဖြစ်သောကြောင့် တီးလုံးလေးများ တို့ကာထိကာနှင့်ပင် ရှေ့မှဦးဆောင်၍ တီးသွားရာ. . ဆိုသည့်သူက စည်းထိပ်၊ ဝါးထိပ်နင်းကာ မေးလိုက်သွားသောကြောင့် အခက်အခဲ မရှိလှပေ။

"ဘွေမဟီဂနိုင်တောဖျားက မြိုင်တန်းမှောင်ဝေ၊ နားစွဲဖို့ အလွန်သာယာသည်၊ ဟေမဝါသေလာထဲမှာ ဝဲကာပျံပြီး ဆော်မစုံ သိုက်မြုံနန်းမှာ လွမ်းကာနေမည်၊ မာဂဓာဘာသာကြွေးပြီး ဆေး၍နေရှာပြီ၊ တကယ်ကို သနားလောက်ဖွယ်၊ မနားမနေ



www.burmeseclassic.com

www.burmeseclassic.com



ရှာသည်၊ တောနဲ့ တောင်မဟီ။

ဒေါက်တာမင်းထင်ကျော် အနေဖြင့် ထိုသီချင်းကို ပိုင်ပိုင်နိုင်နိုင် ရသော်လည်း. . ယခုလို ပတ္တလားဖြင့် မဆိုဖူးသေးသော်လည်း တီးပေးသည့်သူက ကောင်းသဖြင့် အခက်အခဲမရှိ သီဆိုနိုင်လေသည်။

ထိုအချိန်မှာတော့ သူတို့သုံးယောက်စလုံး၏ စိတ်ထဲတွင် အခြားအကြောင်းများ မရှိကြပဲ ဂီတသံစဉ်များ၌သာ နစ်မျောနေကြပေသည်။

"အာကာဦးယံကစည်၊ ဘာသာ ကျူးပျံကြသည်၊ မြိုင်ဟီအတွင်းက သင်းဖွဲ့ညီ၊ တောလမ်းက အိပ်တန်းတက်ကြပြီ၊ ဟောဝန်းနန်း၊ ရေတာခွန်စမ်း၊ ဟောဝန်းနန်း၊ လွမ်းဘွယ်စုံညီ"

နောက်ဆုံးပုဒ်ပြီးတော့ 'မှိုင်းမှုန်ပြာရီ'သံပြိုင်အပိုဒ်ကို ထပ်ဆိုပြီးနောက် အဆိုရောအတီးပါ အဆုံးသတ်လိုက်ကြတော့သည်။

အားလုံးပြီးတော့ မောင်မြတ်ဆွေက ချီးကျူးလေသည်။

"ဆရာက ပညာသည်တစ်ယောက် မဟုတ်ပေမယ့် တကယ့်ဂီတပညာရှင် တစ်ယောက်လို အသံရော စည်းဝါးရောနားလည်ပါပေတယ်"

"ဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ၊ တက္ကသိုလ်ကျောင်းသားဘဝတုန်းကတော့ ဒီလိုပဲ သူငယ်ချင်းတွေနဲ့ တီးဆိုခဲ့တာလောက်ပဲ ရှိပါတယ်၊ ဒါကြောင့်. . အချိန်ရရင် ကိုမြတ်ဆွေဆီမှာ သင်ချင်တယ်လို့ ပြောခဲ့တာပေါ့"





"ကျွန်တော်လည်း သင်ပေးချင်ပါတယ်၊ ဒါပေမယ့် မမျှော်လင့်ပဲ အကြောင်းကိစ္စတွေပေါ်နေတာနဲ့ မအားမလပ်ဖြစ်နေသေးလို့ပါ။ နောက်ပိုင်း အေးအေးဆေးဆေး ဖြစ်သွားရင်တော့ ဆရာ့ကို သင်ပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကဲ. . ဒီမှာ ညီမလေးနဲ့ စကားပြောကြဦး၊ ကျွန်တော်တော့ ကျောင်းကိုသွားရဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ အပြင်ဘက်သို့ ထွက်သွားလေတော့သည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်ကို မြသင်းကြူက မေးလေသည်။

"ကိုမင်းထင်ကျော် ပဲခူးဘက်ကို သွားနေတာလား"

ခေါင်းညိတ်ပြလိုက်သည်။

"မင်းကုန်းရွာရော ရောက်ခဲ့သေးသလား"

"ရောက်ခဲ့ပါတယ်၊ ပုဏ္ဏာကကျောက်အိုးကို အဲဒီရွာမှာပဲ တွေ့ခဲ့တာပါ"

"သူက လူတစ်ယောက်ကို သတ်ခဲ့တာပဲ၊ ဘာကြောင့်တစ်ခါတည်း ဖမ်းမခေါ်ခဲ့တာလဲ"

"ကျွန်တော်က အမှုလိုက်နေတဲ့ ပုလိပ်တစ်ယောက်တော့ မဟုတ်ပါဘူး၊ နောက်ပြီး အခုအချိန်မှာ သူက သေရမယ့်ရက်ကို စောင့်နေရတဲ့ လူနာတစ်ယောက်ဘဝကို ရောက်နေပါပြီ၊ သူနဲ့ သွားတွေ့တယ်ဆိုတာကလည်း ဖမ်းဖို့ မဟုတ်ပါဘူး၊ သိချင်တာတွေ မေးဖို့ သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ မြသင်းကြူက အပြင်ဘက်
လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျွန်မတို့ မောင်နှမတွေရဲ့ အကြောင်းတွေကို သိခဲ့
မဟုတ်လား"

"သိသင့်သလောက်တော့ သိခဲ့ရပါတယ်၊ ကံဆိုးခဲ့
မြကြာမှုံအတွက်တော့ စိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်ပါ့မလဲ၊ ကံစီမံရာ အတိုင်းပဲပေါ့ရှင်"

"ဒါထက် မြယာကုန်းရွာမှာ သေခဲ့တဲ့ မြကြာမှုံရဲ့
ကို မင်းကုန်းရွာ သုသာန်မှာ တွေ့ခဲ့ရတယ်၊ ဘယ်လို အစီ
လဲ"

ဟု မေးလိုက်သည်။

ထိုအခါ မျက်နှာလေး ညှိုးနေရာမှ ပြောပြလေသည်

"မမသေတယ်သတင်းကြားတော့ ကျွန်မတို့ မောင်
အဲဒီရွာကို လိုက်သွားကြပါတယ်"

"ဘယ်သူက သတင်းပေးတာလဲ၊ ဇာတ်အဖွဲ့က သတင်း
ပို့ပေးတာလား"

"မဟုတ်ပါဘူး၊ ကိုကျော်အိုးက သတင်းပို့ပေးခဲ့
ပါ၊ သူက ရွာမှာနေကြစဉ်ကတည်းက မမမြကြာမှုံအပေါ်
သံယောဇဉ် ရှိနေခဲ့တာပါ၊ ဇာတ်ထဲရောက်တော့လည်း မမရှိ
တဲ့ ဇာတ်အဖွဲ့မှာပဲ လိုက်ပြီးအလုပ်လုပ်ခဲ့တယ်"

"ဖူးစာကံမပါတော့လည်း မဆုံခဲ့ကြဖူးပေါ့လေ၊ ဒါထ
မြသင်းကြူတို့ မောင်နှမသုံးယောက်စလုံး အနုပညာဘက်



တော့ ထူးချွန်ကြတယ်နော်"

"ကျွန်မတို့အမေက ရှေးခေတ်က အငြိမ့်မင်းသမီးကြီး
တစ်ယောက်ပါ၊ အဖေကလည်း ပတ္တလား ဆရာပါပဲ၊ အဖေနဲ့
အမေအကြောင်းပါပြီး ကျွန်မတို့ မွေးလာတော့လည်း အဖေနဲ့
အမေဆီက ပညာအမွေတွေ ရခဲ့ကြတာပါ"

"ဒါကြောင့် ထူးချွန်ခဲ့ကြတာကိုး၊ ဒါထက် မြယာကုန်းရွာ
ရောက်ခဲ့တဲ့အကြောင်းကို ဆက်ပြောပါဦး"

"ဟိုရောက်တော့ ညဘက်ရောက်မှ မမကို မြေမြှုပ်ထား
တဲ့ မြေပုံကို သွားဖော်ခဲ့ကြတယ်၊ အဲဒီတုန်းကတော့ သုသာန်မှာ
ညည်းမည်းကြီးတွေ သွားလာနေတာတွေ့တယ်ဆိုပြီး ရွာသူရွာ
သားတွေတောင် ကြောက်လန့်ကြသေးတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"နောက်တော့ မမရဲ့အရိုးတွေကို အဝတ်နဲ့ ထုပ်ယူလာ
ခဲ့ပြီးတော့ မင်းကုန်းရွာသုသာန်မှာ မြှုပ်ပေးခဲ့တာပါ၊ အဲဒီရောက်
ရက်လည်ဆွမ်းသွပ်တာတို့ဘာတို့ လုပ်ကြရတယ်"

မြသင်းကြူက ရစ်ဝဲနေသော မျက်ရည်စတို့ကို ပုဝါဖြင့်
တို့သုပ်ပစ်နေသည်။

"ကြားရတာ စိတ်မကောင်းစရာပါပဲ၊ ကိုကျော်အိုး
တစ်ယောက်လည်း မြကြာမှုံအပေါ် စွဲလန်းခဲ့တဲ့ စိတ်ကြောင့်ပဲ
ဒီလိုဘဝမျိုး ရောက်ခဲ့ရတာပဲ၊ သူနဲ့တွေ့တော့မှ မြကြာမှုံကို ဘယ်သူ
အညှိုး သတ်ခဲ့တယ်ဆိုတာ သိခဲ့ရတယ်၊ ဒါထက် မြသင်းကြူကို
မေးရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူဏ တစ်ချက်မော့ကြည့်သည်။

"ကျားဘညိုကို ဘယ်သူသတ်တာလဲ"

"ကျွန်မ မသိပါဘူး၊ ကိုမင်းထင်ကျော်က ကျွန်မအစ်ကို ကိုမြတ်ဆွေ သတ်တယ်လို့ ထင်နေတာလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ တကယ်လို့ ကိုမြတ်ဆွေ ကျားဘညိုကို သတ်ခဲ့တယ်ဆိုရင်လည်း သဘာဝကျပါတယ် တစ်ခုတော့ ရှိပါတယ်၊ ဖြစ်ခဲ့ပြီးတာတွေလည်း ပြီးခဲ့ပြီမို့ အပြီးအ တေး ထပ်မထားမိဖို့တော့ အရေးကြီးတယ်"

"ကိုမင်းထင်ကျော် ဘာကိုဆိုလိုတာပါလဲ"

"ပုဏ္ဏကကျောက်အိုးနဲ့တွေ့တော့ မကြာမှီသေရတ ကိစ္စမှာ မင်းသားရွှေလင်း၊ သူ့မိန်းမ မြနန်းကြည်နဲ့ ကျားဘညို တို့ပါခဲ့ကြတယ်၊ အခု ရွှေလင်းနဲ့ ကျားဘညို သေသွားပြီဆိုတော့ မြနန်းကြည်တစ်ယောက်ပဲ ကျန်တယ်မဟုတ်လား၊ ဒီတစ်ခါ အလှည့် မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းပေးရတော့မှာပဲ"

ထိုသို့ပြောသောအခါ မြသင်းကြူက တွေတွေထူး ဘာမှပြန်မပြောတော့ပေ။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော် က ဆက်မေးလိုက်သည်။

"မြသင်းကြူ တစ်ခါက အိမ်နားမှာ မည်းမည်းကြီး ရတယ်လို့ ပြောတယ်၊ အခုရက်တွေမှာရော တွေ့မိသေးလား"

"ကျွန်မတော့ မတွေ့မိဘူး၊ တစ်နေ့က အစ်ကို အပြ ထွက်ပြီး အပေါ့အပါးသွားတော့ အမှောင်ရိပ်ထဲမှာ ရပ်နေ မည်းမည်းကြီးကို တွေ့လိုက်မိသေးတယ်၊ သူကတော့. .



ခြောက်တာလို့ ထင်နေတယ်"

ဟု ပြောပြသည်။

"ပထမတွေ့တာ ဘယ်ရက်လောက်ကလဲ"

"ကိုဘညိုသေပြီး မကြာသေးတဲ့ တစ်ရက်မှာ တွေ့ခဲ့ တာ၊ အခုတစ်ခါကတော့ ဟိုတစ်နေ့ကမှ တွေ့လိုက်တာပါ"

ဒေါက်တာမင်းထင်ကျော်က ထိုစကားကို နားထောင် ပြီး လေးလေးနက်နက် စဉ်းစားနေလေသည်။

အတန်ကြာတော့မှ. . .

"ဘာပဲဖြစ်ဖြစ်ပေါ့ ဒီရက်တွေထဲမှာတော့ မြသင်းကြူတို့ မောင်နှမ နှစ်ယောက်စလုံး သတိဝီရိယလေးနဲ့ နေစေချင်တယ်၊ ကိုမြတ်ဆွေကို ပြောပြပေးပါ၊ ဖြစ်နိုင်ရင် ဟိုအိမ်မှာ ညအိပ်ညဉ့် နေ မနေပါစေနဲ့"

"ကိုမင်းထင်ကျော်ပြောတာ နောက်ကျသွားပြီ ထင် တယ်၊ ဒီကနေ့ည ကျွန်မတို့မောင်နှမနှစ်ယောက်စလုံး မြို့ခြံ မှာ အိပ်ကြရမယ်"

"ဘာအတွက်လဲဟင်"

"မနက်ဖြန်မှာ ကိုဘညိုအတွက် လလဲဆွမ်းသွပ်ဖို့ရှိ တယ်၊ ဘုန်းကြီးတွေတောင် ပင့်ထားပြီးပါပြီ၊ ဒါကြောင့် ဝိုင်းကူ လုပ်ပေးဖို့ ကျွန်မတို့ မောင်နှမ နှစ်ယောက်စလုံး အဲဒီအိမ်မှာ နေကြရမယ်"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ထပ်ချ လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ကိုမင်းထင်ကျော် အခုလိုသတိပေးတာကို ကျွန်မကျေးဇူးတင်ပါတယ်၊ ဒီကိစ္စပြီးလို့ နောက်ရက်တွေဆိုရင်တော့ အစ်ကိုကိုပြောပြီး အသွားအလာအနေအထိုင် သတိထားပြီးနေပါ့မယ်”

“ကျွန်တော်တို့လည်း တတ်နိုင်သမျှ စောင့်ရှောက်ပေးပါ့မယ်၊ မြသင်းကြူလည်း ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ”

ဒေါက်တာမင်းထင်ကျော်က ထိုသို့ပြောတော့ မြသင်းကြူက ဖျပ်ခနဲ တစ်ချက်မော့ကြည့်လိုက်ရာ အကြည့်ချင်း ဆုံသွားကြသည်။

မျက်လုံးသည် အတွင်းစိတ်၏ ပြတင်းပေါက်ဖြစ်၏။

အခိုက်အတန့်ကလေး မျက်လုံးချင်း ဆုံမိခိုက်မှာပင် တစ်ယောက်၏ အတွင်းသဘောကို တစ်ဦးက အကဲခတ်မိလိုက်ကြပေသည်။ ထို့နောက် ဒေါက်တာမင်းထင်ကျော်က မြသင်းကြူကို နှုတ်ဆက်ပြီး အိမ်ထဲမှ ပြန်ထွက်လာလေသည်။

မြသင်းကြူကတော့ အိမ်ပေါက်ဝအထိ လိုက်လာပြီး ရပ်ကြည့်နေသည်။ ကားထွက်သွားတော့မှ ပြန်လှည့်ဝင်သွားလေသည်။

အခိုက်အတန့်လေးမှာပင် တစ်ယောက်၏ အတွင်းစိတ်သဘောကို ကျန်တစ်ယောက်က ဖျပ်ခနဲ တွေ့မြင်လိုက်ကြရပြီ ဖြစ်ပေ၏။



# အခန်း(၁၄)

# မာန်စွယ်တုံ့နှင်း အသက်ချင်းလှူ

ညက ကောင်းစွာမအိပ်ခဲ့ရသော်လည်း နောက်တစ်နေ့ နံနက်စောစော အချိန်မှာပင် အိပ်ပျော်ရာမှ ပြန်နိုးလာလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် မြသင်းကြူနှင့် တွေ့ခဲ့ပြီးနောက်တွင် မြသင်းကြူနှင့်ပတ်သက်သည့် အတွေးများက ခေါင်းထဲ ရောက်နေခဲ့လေသည်။

www.burmeseclassic.com



တကယ့်တော့ မြသင်းကြူသည် သာမန်မိန်းကလေး တစ်ယောက်ပင်ဖြစ်သော်လည်း ဆွဲဆောင်မှုရှိသော အမျိုးသမီး တစ်ဦးပင်ဖြစ်လေသည်။

ရုပ်ရည်ချောမောလှပခြင်းနှင့် ယဉ်ကျေးသိမ်မွေ့သော အမူအရာရှိခြင်းကပင် တစ်နည်းတစ်ဖုံ ဆွဲဆောင်မှုရှိနေပေ တော့သည်။

သူသည် လောလောဆယ်အခြေအနေတွင် မြသင်းကြူ အပေါ်မှာ စိတ်ဝင်စားမှုရှိနေသော်လည်း အခြားအကြောင်းကိစ္စ များက အရေးကြီးနေသေးသောကြောင့် ထိုကိစ္စကို မစဉ်းစားနိုင် သေးပဲ ဖြစ်နေသည်။

ကိုဘညိုအား သတ်သွားသောတရားခံကို ခြေရာခံမိနေ ပြီဖြစ်သော်လည်း ဖမ်းဆီးရန်ခက်ခဲနေရသည်။ သူသည် ထိုကိစ္စ ကိုဆောင်ရွက်ရန် စိတ်ထဲ၌ မတင်မကျဖြစ်နေသေးသည်။

အကယ်၍ တရားခံကိုဖမ်းလျှင်လည်း ကွင်းဆက်တစ်ခု ဖြစ်နေပြီး တစ်ခုခုလိုနေသောကြောင့် ပြီးပြည့်စုံမှုရမည် မဟုတ် ပေ. . .။ ထို့ကြောင့် အချိန်အနည်းငယ်ပေး၍ စောင့်ကြည့်ရန် ဆုံးဖြတ်ထားလေသည်။

သို့သော်လည်း ရရှိထားသောသဲလွန်စများ၊ ကွင်းဆက် များကိုတော့ တစ်ခုချင်းဆီဆက်စပ်ကာ ဖြစ်နိုင်ချေရှိသည်များ ကို ကောက်ချက်ချပြီးဖြစ်ပေသည်။

နံနက်ပိုင်းအချိန် အိပ်ယာမှထကာ ကော်ဖီသောက်နေ စဉ်မှာ အိမ်ရှေ့ကားရပ်သံကြားရပြီး စုံထောက်ကျော်စွာ ရောက်



လာလေသည်။

၎င်းအမူအရာကို ကြည့်ရုံနှင့် အရေးကြီးသောကိစ္စတစ် ခုဖြစ်ပေါ်နေသည်ဟု ခန့်မှန်းမိလေသည်။ စုံထောက်ကျော်စွာ ဝင်လာသည်နှင့် ဒေါက်တာမင်းထင်ကျော်က လှမ်းမေးလိုက် သည်။

"အမှုတစ်ခုတောင် လက်စမသတ်ရသေးခင်မှာနောက် ထပ်အမှုတစ်ခု ထပ်ပေါ်ပြန်ပြီလား ကိုကျော်စွာ"

"အမှန်ပေါ့ ဆရာရယ်"

"လူသတ်မှုမှ ဟုတ်ရဲ့လား"

"အမှန်ပါပဲ လူသတ်မှုပါပဲ၊ နောက်ထပ်တစ်ယောက် သေပြန်ပြီ"

"မြနန်းကြည် မဟုတ်လား"

"မဟုတ်ဘူးဆရာ၊ ဒီတစ်ခါသေတာ ပဒ္ဒလား ဆရာ တို့မြတ်ဆွေပဲ"

"ဟင်. . ."

ဒေါက်တာမင်းထင်ကျော်မှာ အထင်နှင့်လွဲသွားသော ကြောင့် အံ့သြသွားလေသည်။

သို့သော် ကြီးကြီးကျယ်ကျယ်အံ့သြသွားခြင်းမျိုးတော့ မဟုတ်ပေ. . .။ ထိုအချိန်မှာပင် ဖြစ်နိုင်ချေရှိသော အကြောင်း အရာများကို လျှပ်တစ်ပြက် စဉ်းစားနေလေတော့သည်။

တွေးစရာက များများမကျန်တော့ပေ။

"ဘယ်မှာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြချယ်အိမ်မှာပါပဲ၊ ညကအသတ်ခံလိုက်ရတာ"

"ဆားပုလင်းမောင်ကျော်တို့ကို လွှတ်ထားပြီလား"

"သတင်းကြားကတည်းက လွှတ်ထားပါတယ်၊ အိမ်မှာရှိတဲ့လူတွေကိုလည်း ဘယ်သူမှအပြင်မထွက်ဖို့ မှာထားတယ်"

"ကောင်းပါတယ် သွားကြစို့ရဲ့"

ဟုပြောဆိုကာ စုံထောက်ကျော်စွာကားနှင့်ပင် တံတားလေးဘက်သို့ ထွက်လာကြလေသည်။

သူတို့ရောက်သွားသောအချိန်မှာ မြချယ်အိမ်ကြီး ပတ်ဝန်းကျင်မှာ နေရာယူထားကြသော ပုလိပ်တပ်ဖွဲ့ဝင်အချို့ကိုမြင်ရသည်။ အိမ်ထဲမှာတော့ လူများများမတွေ့ရပေ။

မြနန်းကြည်နှင့် ကိုရင်မောင် မရင်မေတို့ ထမင်းချက်လင်မယားအပြင် ပညာသင်နေသူများထဲမှ လလဲဆွမ်းသွပ်ရန်အတွက်အကူအညီပေးရန် ရောက်နေကြသူအချို့တွေ့ရှိသည်။

ဆားပုလင်းမောင်ကျော်က မည်သူ့ကိုမှ အပြင်ထွက်ခွင့်မပေးသဖြင့် ကြောက်ရွံ့ထိတ်လန့်သော မျက်နှာများဖြင့် ရှိနေကြသည်။

အိမ်ထဲရောက်တော့ နံနက်ပိုင်း ဘုန်းကြီးများကြွလာလျှင် ဆွမ်းကပ်ရန်အတွက်ပြင်ဆင်ထားသော ကန်တော့ပွဲဆွမ်းပွဲများကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က မြနန်းကြည်အနားသို့ သွားကာ. . .

"သတင်းကြားရတာ စိတ်မကောင်းပါဘူး၊ ဖြစ်ပြီးတာ





လည်း ဖြစ်ပြီးပေါ့၊ ဒါထက်. . အလောင်းကဘယ်မှာလဲ"

ဟု မေးလိုက်သည်။

"ကိုဘညီအိပ်တဲ့ အခန်းထဲမှာပါပဲ"

"ဒါထက် ဘုန်းကြီးတွေ ဘယ်အချိန်ပင့်ထားသလဲ"

"မနက် (၆)နာရီကျော်လောက်ဆိုတော့ ကြွလာကြတော့မယ် ထင်ပါရဲ့၊ ဒီမှာလည်း အားလုံး ပြင်ဆင်ပြီးသားဆိုတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး"

"စိတ်မပူပါနဲ့၊ ဘုန်းကြီးတွေ ကြွလာရင် ဆွမ်းကပ်ပြီး တရားနာလိုက်ပါ၊ ပြီးမှ ကျွန်တော်တို့ လုပ်စရာရှိတာတွေ ဆက်လုပ်ပါ့မယ်"

ဒေါက်တာမင်းထင်ကျော် ပြောနေသောအချိန် ကလေးတောရကျောင်းမှ သံဃာများကြွလာသဖြင့် ဆွမ်းကပ်ခြင်း တရားနာခြင်းများ ပြုလုပ်ကြသည်။

ဘုန်းကြီးများ ပြန်ကြွသွားတော့မှ ဒေါက်တာမင်းထင်ကျော်က စုံထောက်ကျော်စွာ မြနန်းကြည်တို့နှင့်အတူ အပေါ်ထပ်သို့ တက်ကြည့်လေသည်။

မောင်မြတ်ဆွေအလောင်းက ကိုဘညီနေသွားသော အခန်းတွင်းမှ ကုတင်ပေါ်မှာပင် ရှိနေလေသည်။

သေပုံကလည်း ကိုဘညီ သေဆုံးခဲ့ကအတိုင်း လည်ပင်းကို ကိုက်ဖြတ်ခံထားရသဖြင့် ဟောင်းလောင်းပွင့်ထွက်နေသော ဒဏ်ရာဖြင့် သေဆုံးခဲ့ရဟန် တူပေသည်။

လည်ပင်းတစ်ဝိုက်မှာ ချွန်ထက်သည့် အစွယ်များ သွား



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် တိုက်ဖြတ်ခံရသဖြင့် ဟောင်းလောင်းပွင့်နေရာ လည်ချောင်းရိုးပင် ပေါ်နေလေသည်။

"သူက ဘယ်လိုကြောင့် ဒီအခန်းထဲ ရောက်နေတာလဲ"

"ညက ဆွမ်းကျွေးကိစ္စ ဝိုင်းလုပ်ပေးတဲ့ အမျိုးသမီးတွေ အောက်ထပ်မှာ ရှိနေတာနဲ့ အပေါ်ထပ်အခန်းမှာ လာအိပ်နေတာပါ"

"သူသေတာကို ဘယ်အချိန်မှ သိတာလဲ"

"မနက်လင်းလို့ ဘုန်းကြီးတွေ ကြွကာနီး အချိန်အထိ ဆင်းမလာလို့ မြသင်းကြူ တက်သွားပြီး ကြည့်တော့မှ အခုလို အခြေအနေမျိုး တွေ့ရတာပါ"

ဟု ပြောပြသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ငိုနေသော မြသင်းကြူကို တစ်ယောက်တည်း ခေါ်မေးသည်။

"ကိုမြတ်ဆွေအတွက် စိတ်မကောင်းပါဘူး၊ ညက ထူးထူးခြားခြား ဘာတွေ မြင်ခဲ့ကြားခဲ့ရသေးသလဲ၊ မှတ်မိသမျှ ကျွန်တော့်ကို ပြန်ပြောပြပါ"

"ညက(၁၂)နာရီလောက်အထိ အောက်ထပ်မှာ လုပ်စရာရှိတာ လုပ်ပေးနေသေးတယ်၊ နောက်တော့မှ ကျွန်မတို့နဲ့အတူ ကော်ဖီတစ်ခွက်သောက်သွားပြီး အပေါ်ထပ်တက်သွားတာပါပဲ"

"ကော်ဖီ. . ကော်ဖီက ဘယ်သူဖျော်ပေးတာလဲ"

"မရင်မေ ဖျော်ယူလာပြီး အားလုံးကို ထည့်ပေးတာ

အောင်မြင့်စာပေ



"ဒါထက် ညက အပေါ်ထပ်က ထူးထူးခြားခြား အသံတွေ ကြားရသေးသလား"

"ညက ကျွန်မ တစ်ညလုံး အိပ်မပျော်ပါဘူး၊ အပေါ်ထပ်က ထူးထူးခြားခြား ဘာအသံမှတော့ မကြားလိုက်မိဘူး၊ ကျွန်မအစ်ကိုကို ဘယ်သူသတ်တာလဲဟင်"

"မကြာခင်တော့ တရားခံကို ဖမ်းမိတော့မှာပါ"

ထို့နောက် မြသင်းကြူကို သတိဝီရိယနှင့်နေရန် မှာကြားပြီး ပြန်လွှတ်လိုက်သည်။

ထိုအခါ နန်းမြကြည်က အနားရောက်လာပြီး မေးသည်။

"သူ့ကို ဘယ်သူသတ်သွားတာလဲဟင်၊ မောင်မြတ်ဆွေက ဒီကျောင်းမှာ အားကိုးရတဲ့ လက်ထောက်တစ်ယောက်ပါပဲ၊ ကြောင့် သူတို့ မောင်နှမကို တီးဝိုင်းတောင် ကျွန်မထောင်ပေးထားခဲ့တယ်၊ အခုတော့ လက်ရုံးတစ်ဖက် ပြုတ်သွားသလိုပါပဲ"

"မောင်မြတ်ဆွေကို သတ်သွားတဲ့တရားခံက ဒီနားတစ်ဝိုက်မှာပဲ ရှိပါတယ်၊ နောက်ပြီး သူ့ကို သတ်သွားတဲ့လက်နက်ဆိုတာလည်း ဒီမှာပဲ ရှိပုံရပါတယ်၊ အဲဒီလက်နက်ကိုတွေ့ရင်တော့ အဖြေပေါ်တော့မှာပါ"

"ကိုဘညိုတုန်းကလည်း ဒီလိုပဲသေတယ်၊ သူကျတော့လည်း ဒီလိုပဲသေရပြန်တော့ သရဲသဘက်တွေ မကောင်းဆိုးဝါးတွေ ဝင်သတ်တာလို့တောင် ထင်မိပါတယ်၊ ကျွန်မလည်း ဒီအိမ်

www.burmeseclassic.com

www.burmeseclassic.com




ကြီးမှာ နေရတာတောင် ကြောက်လာမိတယ်၊ ကိုစွတွေပြီး
တော့ တခြားတစ်နေရာ ပြောင်းနေဖို့တောင် စိတ်ကူးမိပါ
ဒါထက် ပုဏ္ဏကကျောက်အိုးသတင်းများ ကြားမိကြသေး
လား"

"မကြားမိတော့ပါဘူး၊ ပုလိပ်တွေက သူ့နောက်ကို
ရာခံလိုက်နေတော့ ပြေးပြီထင်ပါရဲ့"

"ကောင်းတာပေါ့ရှင်"

ထို့နောက် မောင်မြတ်ဆွေအလောင်းကို ဆေးရုံ
သယ်ယူရန် ပြင်သောအခါ ကျောအောက်မှ ကတ်ပြားတစ်
ထွက်လာသဖြင့် ဒေါက်တာမင်းထင်ကျော်ကယူပြီး ကြည့်လို
သည်။





(ရန်ငြိုးရန်ဘက်
ရန်ကြွေးဆက်နွယ်
ရန်ဘက်ချင်းနှင်း
ရန်တုံ့နှင်းလျက်
အသက်ယူဘက်
အမျက်ဆက်နွယ်
မာန်စွယ်တုံ့နှင်း

အသက်ချင်းယူ) ကတ်ပြားစက်ဝိုင်းတွင်ပါသော စာများကိုချရေးလျှင် ဖော်ပြပါအစီအစဉ်အတိုင်း အဖြေထွက်လာလေသည်။ ကိုစာညို သေဆုံးစဉ်က ထိုကတ်ပြားမျိုး တွေ့သဖြင့် ဆရာကြီး သူ့ရှေ့ထံသွားရောက်၍ အကူအညီ တောင်းခဲ့ရသည်။ ထိုစဉ်ကမင် စက်စာရေးနည်းကို သိခဲ့ရပြီး ဖြစ်သဖြင့် ယခုတစ်ခါမှာတော့ မိမိဖာသာ အဖြေထုတ်နိုင်ခဲ့ပြီ ဖြစ်၏။

ထိုစာပုဒ်များကို ကြည့်ရုံနှင့်ပင် ရန်ငြိုးရန်ကြွေးတစ်ခုကြောင့် အသတ်ခံရခြင်းဖြစ်ကြောင်း သိနိုင်ပေသည်။

သို့သော် ကတ်ပြားပေါ်မှာ ရေးထားသည့် လက်ရေးချင်းကတော့ မတူပေ။ မောင်မြတ်ဆွေအလောင်းကို သယ်ယူသွားပြီးသောအခါ ဒေါက်တာမင်းထင်ကျော်တို့လည်း ပုလိပ်များ ကိုပါ တစ်ပါတည်းခေါ်ကာ ပြန်ထွက်ခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# မာယာတကြိုး အငြိုးဝက်ပါ

ညဦးပိုင်းအချိန်ကို ကျော်လာခဲ့ပြီ ဖြစ်သောကြောင့် တော်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များက ဖုံးလွှမ်းထားလေသည်။

လရောင်မရှိသည်က တစ်ကြောင်း၊ ထိုနေရာတစ်ဝိုက်တွင် သစ်ဖင်ရိပ်များက ဖုံးကွယ်နေသောကြောင့် အမှောင်ရိပ်များက ပိုများနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တံတားလေးတစ်ဝိုက်မှာ တောင်ကုန်းများပေါသလို သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်းတို့ကလည်း ထူထပ်စွာရှိပေသည်။

ထို့ပြင်လူနေထိုင်မှုကလည်း နည်းလှသောကြောင့် ရန်ကုန်မြို့၏ နယ်နိမိတ်အစွန်ဘက်၌ သစ်တောကြီးများကဲ့သို့ ဖြစ်နေလေသည်။

မြခြူးသံ အကသင်တန်းကျောင်းရှိသော နေရာတစ်ဝိုက်မှာလည်း လူနေကျဲလှပေသည်။

သို့ကြောင့် ညအချိန်ရောက်လာလျှင် လူသွားလူလာမရှိသလောက် နည်းပါးလေသည်။

ထိုနေရာနှင့် မဝေးလှသော ချိုင့်ဝှမ်းတစ်ခုထဲမှာ သတ်မှတ်ပေးထားခြင်းမျိုး မဟုတ်သော်လည်း လူသေမြှုပ်သော သုသာန်တစ်ခုရှိလေသည်။

ထိုနေရာတစ်ဝိုက်တွင် နေကြသူများ သေဆုံးသောအခါ နေရာဝေးသော ကြံတောသင်္ချိုင်းသို့ သွားရောက်မမြှုပ်နှံဘဲ နီးသောထိုသုသာန်မှာပင် အလွယ်တကူမြှုပ်နှံကြလေသည်။

သုသာန်နှင့်နီးသော နေရာတစ်ဝိုက်မှာလည်း သစ်ပင် ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာရှိနေသဖြင့် နေထိုင်ကြသူမရှိကြပေ။ သို့ကြောင့် ညအချိန်ရောက်လာသောအခါ တိတ်ဆိတ်ငြိမ်သက်နေပေတော့သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ထိုနေရာတစ်ဝိုက်မှ စူးစူးဝါးဝါးခွေးဟောင်သံများ ပေါ်ထွက်လာလေသည်။

မရှေးမနှောင်းမှာပင် အဝတ်မည်းကြီးခြုံထားသော လူ





တစ်ယောက် သုသာန်တွင်းသို့ ဝင်လာလေသည်။

ဦးခေါင်းမှတစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိနိုင်ပေ။

၎င်းသည် အဝတ်ဖြင့်ထုပ်လာသော အထုပ်တစ်ထုပ်ကို ယူလာပြီး သုသာန်ရှိရာသို့ ခပ်သုတ်သုတ်လာနေလေသည်။

သုသာန်သို့ရောက်သောအခါ အမှောင်ရိပ်ရှိသော နေရာတွင်ရပ်တန့်ပြီး မြေကျင်းတစ်ကျင်း တူးနေလေသည်။

မြေပွသောနေရာဖြစ်သောကြောင့် အသင့်ယူဆောင်လာသော ဓားရှည်ဖြင့်တူးသောအခါ အတန်ကြာသောအခါ တွင်းနက်တစ်ခု ဖြစ်သွားလေသည်။

ထိုအခါ ပါလာသောအထုပ်ကို မြေကျင်းထဲသို့ထည့်ပြီး မြေကြီးများ ပြန်ဖို့နေစဉ်မှာ သူရှိရာသို့လာနေသောခြေသံများ ကြားလိုက်ရသောကြောင့် ဓားကိုကိုင်လျက် မတ်တပ်ရပ်လိုက်လေသည်။

မရှေးမနှောင်းမှာပင် ၎င်း၏ကိုယ်ပေါ်သို့ လတ်နှိပ်မီးရောင်များ ကျလာလေတော့သည်။

"လက်ထဲက ဓားကိုချပြီး၊ လက်မြှောက်ထားလိုက်ပါ"

ထိုသို့လှမ်းပြောသော်လည်း ဓားမချဘဲ ပေရပ်နေသဖြင့် သေနတ်မောင်းတင်လိုက်သည်။

ထိုသို့သေနတ်မောင်းတင်သံ ကြားတော့မှပင် စိတ်ပျော့ချလိုက်ဟန်ဖြင့် ဓားကိုပစ်ချလိုက်လေသည်။

ထိုအခါမှ ဆားပုလင်းမောင်ကျော်က ဖျတ်ခနဲထွက်



www.burmeseclassic.com

www.burmeseclassic.com



လက်စွာဖြင့် အနီးသို့သွားရောက်ကာ လက်ထိပ်ခတ်ကာ ဖမ်း ဆီးလိုက်သည်။

"ပုလိပ်စုတ်တွေ. . ဒင်းတို့က အကြံဦးကြပလေ. ."

ဟုမကျေမချမ်းလေသံဖြင့် ရေရွတ်ပြောဆိုနေ သည်။ ထိုအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက် ကျော်စွာတို့ ထွက်လာကြသည်။

"ကိုကျော်စွာရေ၊ အဲဒါ မောင်မြတ်ဆွေကို သတ်ခဲ့ တရားခံပဲ၊ သူ မြေကြီးထဲ မြှုပ်နေတဲ့ပစ္စည်းက ကျားဘညီ မောင်မြတ်ဆွေတို့ နှစ်ယောက်စလုံးကို သတ်တဲ့နေရာမှာ အ သုံးပြုတဲ့ ပစ္စည်းပါပဲ၊ ဖော်ကြည့်ပါဦး"

ဟု ပြောသဖြင့် ပုလိပ်တစ်ယောက်က ပြန်ဖော်ယူ ပြီး ဒေါက်တာမင်းထင်ကျော်ကို ပေးလေသည်။

ထုပ်ထားသော အထုပ်ကို ဖယ်လိုက်သောအခါ ကြ ထောင်ရာတွင် အသုံးပြုသော သံညှပ်နှင့် ပုံသဏ္ဍာန်တူသော သံညှပ်ကြီးတစ်ခုကို တွေ့ကြရသည်။

"ဒါကြီးက ဘယ်လိုသုံးတာလဲ"

"တောထဲမှာအမဲလိုက်တဲ့ မုဆိုးတွေအသုံးပြုတဲ့ ထောင် ချောက် သံညှပ်လို့ခေါ်တယ်၊ တောထဲမှာ ဒီသံညှပ်နဲ့မိရင် သ ဒရယ်လို အကောင်မျိုးမပြောနဲ့ ကျားတောင်ခြေထောက်တို့ ဝေးဝေးမပြေးနိုင်ဘူး"

"ဒါကြီးနဲ့ ဘယ်လိုသတ်တာလဲ"

"အိပ်ဆေးမိပြီး အိပ်ပျော်နေတဲ့လူတစ်ယောက်ရဲ့ လည်





ပင်းကို ညှပ်ယူလိုက်ရင် အကွင်းလိုက် ပြတ်ပါသွားတာပေါ့၊ ရုတ် တရက်ကြည့်ရင် သရဲဝင်ကိုက်သလိုလို တောကောင်ထစ်ကောင် ကောင် ဝင်ကိုက်သွားသလို ထင်ရတာပေါ့၊ ဒါမျိုးနဲ့ ညှပ်မိလို့ တော့ လည်ပင်းမပြောနဲ့ ညှပ်မိတဲ့နေရာ အကွင်းလိုက်ပါသွား မှာပဲ"

"တယ်လည်း အကြံပိုင်ပါလား"

"ကဲ. . ကဲ. . ဒါတော့ နောက်မှရှင်းပြပါ့မယ်၊ သူဘယ် သူလဲဆိုတာ သိရအောင် မျက်နှာပေါ်က အုပ်ထားတဲ့ အဝတ် တွေ ဖယ်လိုက်ပါဦး"

ထိုအခါ အနားမှာရှိနေသော ဆားပုလင်းမောင်ကျော် က အဝတ်များကို ဖယ်ချလိုက်သည်။

"အလို. . ထမင်းချက်လုပ်နေတဲ့ ရင်မောင်ပါလား"

"ဟုတ်တယ်၊ မောင်မြတ်ဆွေကိုသတ်တာ သူပါပဲ၊ ဒါ ပေမယ့် အိပ်ဆေးခပ်တဲ့တရားခံက သူ့မိန်းမ ရင်မေပါပဲ၊ သူတို့ နှစ်ယောက်ကို ဘယ်ပုံဘယ်နည်းလုပ်ရမယ်လို့ စီမံတဲ့သူကတော့ မြနန်းကြည်ပါပဲ၊ ကဲ. . အိမ်ဘက်သွားကြရအောင်"

ဟုပြောဆိုကာ မြချည် အိမ်ဘက်သို့ လာခဲ့ကြလေ သည်။ ထိုအိမ်မှာတော့ မီးရောင်များလင်းနေပြီး ပုလိပ်အချို့ ရောက်နေကြလေသည်။

မြနန်းကြည်ကတော့ ဧည့်ခန်းမှာပင် ထိုင်နေလေသည်။

ရင်မောင်ကို ဖမ်းခေါ်လာသည်ကို မြင်သောအခါ မျက် စိမျက်နှာပျက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့က ရှေ့မှာပင် ဝင်ထိုင်လိုက်ကြသည်။

"နောက်ဆုံးတော့ ဒီအခြေအနေမျိုးနဲ့ပဲ အဆုံးသတ်ရတော့မှာပါလား"

ဟု ညီးညီးညူညူ လေသံမျိုးဖြင့် ရေရွတ်ပြောဆိုနေလေသည်။

"ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး၊ ကျွန်တော်တို့ကို အမှန်အတိုင်းပဲ ပြောပြပေးစေချင်ပါတယ်"

"အေးလေ . ဒီအခြေအနေရောက်မှတော့ ဖုံးကွယ်လို့မှ မရတော့တာ၊ ပြောပြရတော့မှာပေါ့"

ဟု အောက်ပါအဖြစ်အပျက်များကို ပြန်ပြောပြလေသည်။ ထိုအဖြစ်အပျက်များ စတင်ခဲ့သော အချိန်မှာ တိုင်းချစ်ရွှေလင်း ဇာတ်အဖွဲ့ ကနေစဉ်ကတည်းက ဖြစ်ပေသည်။

တိုင်းချစ်ရွှေလင်းက မင်းသမီး မြကြာမှုံကို နှစ်သက်မှုရှိသဖြင့် အမြှောင်မယားအဖြစ် သိမ်းပိုက်ခဲ့ရာ မယားကြီးဖြစ်သော မြနန်းကြည်က မနှစ်သက်ပေ။

သို့သော် ဇာတ်အဖွဲ့ထဲတွင် ထိုကိစ္စမျိုးက မထူးဆန်းတော့သဖြင့် ဘာမှမပြောသာပဲ ရှိလေသည်။

တစ်နေ့တော့ ကျားဘညိုနှင့်ပေါင်းပြီး ဇာတ်ကနေရင်းမှာပင် မြကြာမှုံကို သတ်ဖြတ်ပစ်လိုက်သည်။

ကျားဘညိုက ကျားကိုက်ဟန်ဆောင်၍ အသင့်ယူသွားသော သံချွန်ဖြင့် လည်ပင်းကို ထိုးသတ်လိုက်ခြင်းပင် ဖြစ်လေ





သည်။

မင်းသားရွှေလင်းက ထိုအခြေအနေကို သိသော်လည်း မသိဟန်ပင် ဆောင်နေလေသည်။

ထိုအခြေအနေကို ရိပ်မိသော ပုဏ္ဏကကျောက်အိုးက မကျေနပ်ပေ။ ကျောက်အိုးမှာ မြကြာမှုံနှင့် တစ်ရွာတည်းသားချင်း ဖြစ်ရုံမကပဲ၊ မြကြာမှုံအပေါ် မှာ သံယောဇဉ်ရှိနေသူလည်း ဖြစ်ပေသည်။

တစ်နေ့သ၌ ပဲခူးဘုရားပွဲ နောက်ဆုံးကသောညမှာပင် ကျောက်အိုးက မင်းသားရွှေလင်းကို ဇာတ်ကရင်း၌ပင် ဓါးဖြင့် ခုတ်သတ်ကာ ထွက်ပြေးသွားလေသည်။

မင်းသားရွှေလင်း မရှိတော့သည့်နောက်ပိုင်း ဇာတ်အဖွဲ့လည်း ပြိုကွဲသွားရာ မြနန်းကြည်လည်း ရှိသည့်ပစ္စည်းလေးများကို ထုခွဲရောင်းချကာ ရန်ကုန်သို့ပြောင်းရွှေ့လာလေသည်။

နောက်လအနည်းငယ်ကြာသောအခါ တစ်ယောက်တည်းနေရန် မသင့်တော်သဖြင့် ကျားဘညိုနှင့် လက်ထပ်လိုက်လေသည်။

ကျားဘညိုနှင့် လက်ထပ်သောအကြောင်းမှာ အားကိုး အားထားရစေရန်တစ်ကြောင်း နောက်တစ်ချက်က မြကြာမှုံကို သတ်ရာတွင် ကြံဖော်ကြံဖက်ဖြစ်နေသောကြောင့် ဖြစ်လေသည်။

နောက်ပိုင်းတော့ မြခြူသံအမည်ဖြင့် အတေးသီ ချင်းဖွင့်ကာ အေးချမ်းစွာပင်နေကြလေသည်။ တစ်နေ့တော့ ထိုတေးချင်းသို့ မောင်နှမနှစ်ယောက် ရောက်လာပြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်ဆွေနှင့် မြသင်းကြူတို့ပင် ဖြစ်သည်။ ရောက်စကတည်းက မြနန်းကြည်က မောင်မြတ်ဆွေကို သဘောကျနေလေသည်။ သို့သော် ဘယ်အရပ်ဒေသက လာမှန်းမသိပေ။

လအတန်ကြာတော့ အစီးရော အဲဆိုပါ ကျွမ်းကျင်သော မောင်မြတ်ဆွေတို့ မောင်နှမကို လက်ထောက်အဖြစ် ထားရုံမကပဲ တီးဝိုင်းပင် ထောင်ပေးထားခဲ့သည်။

နောက်ပိုင်းတော့ မောင်မြတ်ဆွေကပါ မြနန်းကြည်ကျော့ကွင်းသို့ ဝင်တိုးမိပြီး သူ့အလိုကို လိုက်ရပေတော့သည်။

"ကိုဘညိုကို ငါ သဘောကျလို့ ယူထားတာမဟုတ်ဘူး မရှိတော့ရင် မင်းနဲ့ငါ အေးအေးနေလို့ရမယ်၊ ဒီတော့ သူ့ကိုရှင်းပစ်ရမယ်"

"ဖြစ်ပါ့မလား တော်ကြာ"

"ဖြစ်ပါတယ် ငါပြောတဲ့အတိုင်းသာ လုပ်ပါ"

ဟု ပြောလေသည်။

ကိုဘညိုနှင့် မြနန်းကြည်ကို ကလဲ့စားချေရန်အတွက်ရောက်နေသော မောင်မြတ်ဆွေက သူ့အကြံအစည် အထမြောက်အောင်မြင်တော့မည် ဖြစ်သဖြင့် ကျေနပ်နေသည်ကိုတော့ မြနန်းကြည် မသိခဲ့ပေ။

နောက်ရက်မှာတော့ ကိုဘညိုကြောက်လန့်စေရန် ခြောက်လှန့်လေတော့သည်။

သုသာန်မှ လူသေခေါင်းပြတ်ကို ယူလာပြီးနောက် ဝါးလုံးထိပ်တွင်စွပ်ပြီး ပြတင်းပေါက်မှ ထောင်ပြရာ ကိုဘညိုမှာ





သရဲခြောက်သည်ထင်သဖြင့် များစွာကြောက်ရွံ့ထိတ်လန့်မှု ဖြစ်လေသည်။ သို့ကြောင့် မြနန်းကြည်က ဆေးတိုက်ပေးရသည်။

တစ်ညတော့ ကိုဘညိုသောက်သော ကော်ဖီထဲတွင် အိပ်ဆေးများထည့်တိုက်သဖြင့် အိပ်ပျော်သွားရာ ထိုအချိန်မှာပင် မောင်မြတ်ဆွေရောက်လာပြီး သံညှပ်ကြီးဖြင့် လည်ပင်းကိုဖြတ်ကာ သတ်လိုက်လေသည်။

မြနန်းကြည်က အသင့်ရေးထားသော စက်စာရေးနည်းဖြင့် ရေးထားသော ကားချပ်ကိုပါ အလောင်းအောက်မှာ ထည့်ပေးလိုက်သည်။

ကိုဘညို အသတ်မခံရခင် တစ်ရက်က ပဲခူးနယ်ဘက်မှ မိုးအောင်နှင့် တိုးအောင်တို့ ရောက်လာကြသည်။

ပညာသင်ရန် လာရောက်စုံစမ်းကြခြင်း ဖြစ်ပေသည်။

သူတို့နှစ်ယောက်ရောက်လာပြီး မောင်မြတ်ဆွေနှင့် မြသင်းကြူတို့ကို မြင်သောအခါ မင်းကုန်းရွာမှ မင်းသမီးမြကြာမှုံ၏ မောင်နှင့်ညီမဖြစ်ကြောင်း သိသွားကြသည်။

မိုးအောင်နှင့် တိုးအောင်နေသောရွာမှာ မင်းကုန်းရွာနှင့် မဝေးလှပေ။ ထိုအကြောင်းကို ပြန်ကာနီးတော့ မိုးအောင်က မြနန်းကြည်ကို ပြောပြသွားသည်။

ထိုအခါမှ မြနန်းကြည်မှာ မြွေပွေးကို ခါးပိုက်ထဲ ထည့်ထားမိသလိုဖြစ်ကာ မောင်မြတ်ဆွေ ရောက်လာသော ရည်ရွယ်ချက်ကို ရိပ်မိလာလေတော့သည်။

သို့သော်လည်း မသိကျိုးကျွံပြုကာ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နေသော်လည်း မောင်မြတ်ဆွေ၏ အခြေအနေကို သိရန်အတွက် သူ၏လူရင်းဖြစ်သော ရင်မောင်ကို တာဝန်ပေးထားလေသည်။

ရင်မောင်က အဝတ်မည်းကြီးခြုံကာ ရုပ်ဖျက်ပြီး မောင်မြတ်ဆွေတို့နေသောအိမ်ဘက်သို့ သွားကြည့်လေသည်။ ထိုအခြေအနေကို မြသင်းကြူကမြင်တော့ သရဲခြောက်နေသည်ဟု ပင် ထင်မိလေသည်။

ကိုဘညို လလဲဆွမ်းသွပ်သောညက အားလုံးသောက်ရန်အတွက် ကော်ဖီဖျော်ပေးရာ ရင်မေက မောင်မြတ်ဆွေ သောက်သော ကော်ဖီပန်းကန်ထဲမှာ အိပ်ဆေးများ ထည့်ပေးလိုက်ရာ မောင်မြတ်ဆွေမှာ မဟန်နိုင်တော့ပဲ အပေါ်ထပ်မှ ကိုဘညိုအခန်းမှာ ဝင်အိပ်ရလေသည်။

အိပ်ပျော်သွားတော့မှ ရင်မောင်ရောက်လာပြီး လည်ပင်းကို သံညှပ်ဖြင့် ညှပ်ဖြတ်ကာ သတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

"နောက်ပိုင်း အခြေအနေတွေကတော့ ရှင်တို့လည်း သိကြပြီးဖြစ်လို့ ထွေထွေထူးထူး ပြောစရာမလိုတော့ပါဘူး၊ ထိုသူကိုသတ်ဖို့ ရောက်နေတဲ့ရန်သူကို ကိုယ်က လက်ဦးအောင် သတ်နိုင်ခဲ့ပေမယ့် တရားဥပဒေရဲ့ စီရင်တာကိုတော့ ခံရတော့မှာပေါ့"

ဟု ပြောလေသည်။

အချိန်ကလည်း တဖြည်းဖြည်းကုန်ကာ မိုးလင်း



လာတော့သည်။

ထို့နောက်မှာတော့ ဆားပုလင်းမောင်ကျော်နှင့် ပုလိပ်များက မြနန်းကြည်၊ ရင်မောင်နှင့် ရင်မေတို့ သုံးယောက်စလုံးကို ဖမ်းဆီးခေါ်ဆောင်သွားလေတော့သည်။

အိမ်ကြီးထဲမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် စိုးထောက်ကျော်စွာတို့နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

"ဆရာ သဲလွန်စကောက်မိပုံလေး ပြောပြပါဦး"

"ကိုဘညိုအလောင်းကို စစ်ဆေးစဉ်က အိပ်ယာနံဘေးက စားပွဲပေါ်မှာ မခြောက်သေးတဲ့ ကော်ဖီစက်တွေ တွေ့ခဲ့တယ်၊ ညဘက် ကော်ဖီသောက်တဲ့ လူတစ်ယောက်ဟာ စောစောနဲ့ အိပ်မပျော်မှာသေချာတယ်၊ ကော်ဖီစက်တောင် မခြောက်သေးတော့ သောက်တာမကြာသေးဘူးဆိုတာ ခန့်မှန်းလို့ရနိုင်ပါတယ်"

"ဟုတ်ပါတယ်"

"ကော်ဖီသောက်ပြီး. . ချက်ချင်းအိပ်မောကျသွားပုံထောက်တော့ အိပ်ဆေးပါလို့သာ ဖြစ်မယ်လို့ခန့်မှန်းမိတယ်၊ နောက်ပြီး. . အိပ်ယာခင်းကလည်း အိပ်တာမကြာသေးတော့ ဘာမှတွန့်ကြေနေတာ မတွေ့ရဘူး၊ သူ့ကိုသတ်ဖို့ ရောက်လာတဲ့ လူပဲဖြစ်ဖြစ် တိရိစ္ဆာန်ပဲဖြစ်ဖြစ် သူသာမြင်ရင် ဖြစ်တဲ့နည်းနဲ့ တုန့်ပြန်မှာပဲ၊ အဲဒီလိုခုခံရင် အိပ်ယာခင်းတွေ တွန့်ကြေနေမှာ အမှန်ပဲ"

"ဟုတ်ကဲ့. ."

www.burmeseclassic.com

www.burmeseclassic.com



“ဘာအခြေအနေမှ မထူးခြားပဲ အေးအေးဆေးဆေး အသတ်ခံရပုံထောက်တော့ အိပ်ပျော်နေရင်း အသတ်ခံရတယ်ဆိုတာ သိသာပါတယ်၊ နောက်ပြီး လည်ပင်းက ဒဏ်ရာကို ကြည့်တော့ သွားနဲ့အကိုက်ခံရတဲ့ ဒဏ်ရာမျိုး မဟုတ်ဘူး၊ သံချွန်နဲ့ ဖြတ်ထားတယ်ဆိုတာ သိသာပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ဒဏ်ရာက သံဆိပ်တက်ပြီး ရင်းနေရုံမကပဲ ပြာနှမ်းနေတယ်၊ ကိုကျော်စွာလည်း သိတယ်မဟုတ်လား”

“သိပါတယ် ဆရာ”

“နောက်တစ်ချက်ကတော့ အလောင်းအောက်က ရတဲ့ စက်စာတွေရေးထားတဲ့ ကတ်ပြားပဲ၊ ဒီကတ်ပြားမှာ ရေးထားတဲ့ လက်ရေးတွေကို စစ်ဆေးကြည့်ရင် မိန်းမတစ်ယောက် ရေးတဲ့ လက်ရေးဆိုတာ သိသာနိုင်ပါတယ်၊ မောင်မြတ်ဆွေကိုလည်း ဒီနည်းအတိုင်းပဲ သတ်ခဲ့တာပါပဲ၊ ကိုဘညိုအလောင်းအောက်က ရတဲ့ကတ်ပြားနဲ့ မောင်မြတ်ဆွေ အလောင်းအောက်က ရတဲ့ ကတ်ပြားနှစ်ခုကို ယှဉ်ကြည့်တော့ လက်ရေးချင်း အတော်ဆင်တူတာကို တွေ့ခဲ့ရတယ်”

“ဟုတ်ကဲ့”

“ဒါကြောင့်. . မြနန်းကြည် အခန်းထဲကို ဝင်ရှာတော့ သူ့လက်ရေးနဲ့ ရေးထားတဲ့ သီချင်းစာအုပ်တွေ၊ ဇာတ်စာတွေ တွေ့ရတယ်၊ အဲဒီလက်ရေးတွေနဲ့ ဇာတ်စာရေးထားတဲ့ လက်ရေးတွေကို တိုက်ကြည့်တော့ ဖျက်ရေးထားတာ ဖြစ်ပေမယ့် လက်ရေးချင်းက အတော်ကလေး တူတာကို တွေ့ရတယ်”



“တော်တော်ဉာဏ်များတဲ့ မိန်းမပဲ”

“ဒီအဖြေတွေကို ပြည့်စုံအောင် ပြောပြလိုက်တဲ့သူတတော့ ပုဏ္ဏကကျော်အိုးပါပဲ၊ သူနဲ့တွေ့တုန်းက ပြောပြပေးလိုက်တဲ့ အချက်တွေက အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်တဲ့နေရာမှာ အတော်ကလေး အထောက်အကူ ရခဲ့ပါတယ်”

“တော်ပါပေတယ်. . ဆရာရယ်၊ ကျွန်တော်တို့က စုံထောက်ပညာကို ကျောင်းကသင်ပေးတဲ့အတိုင်း စာတွေ့ပဲတတ်ခဲ့တာဆိုတော့ ဆရာ့လောက် တွေးခေါ်ဆက်စပ်တာတွေ မမီဘူး”

“တဖြည်းဖြည်း လေ့ကျင့်ရင်တော့ အလုပ်နဲ့ အတွေ့အကြုံက သင်လာပြီး တဖြည်းဖြည်း တတ်ကျွမ်းလာမှာပါ၊ လိုချင်စိတ်ရှိဖို့ပဲ အရေးကြီးပါတယ်”

စုံထောက်ကျော်စွာက သက်ပြင်းတစ်ချက်ချလိုက်ရင်း

“မောင်မြတ်ဆွေရော မြနန်းကြည်ပါ အနုပညာသမားတွေ ဖြစ်ကြပါရက်နဲ့ မစ္ဆရိယရန်ငြိုးတွေ အတော်များကြတာပါ၊ သူတို့ကြောင့် မသေသင့်တဲ့လူတွေ သေခဲ့ရပြီး မပျက်စီးသင့်တာတွေ ပျက်စီးကြရတယ်”

ဟု သံဝေဂစကားမျိုး ဆိုလေသည်။

“Hatred is never appeased by hatred; it is appeased by non-hatred. This is the etenal law.”

“ဤလောက၌ ရန်ဟူသမျှသည် ရန်တုံ့မူခြင်းဖြင့် ဘယ်အခါမျှ မငြိမ်းအေးနိုင်၊ ရန်တုံ့မမူခြင်းဖြင့်သာ ငြိမ်းအေးနိုင်၏၊

www.burmeseclassic.com

www.burmeseclassic.com



ဤသဘောတရားသည် ရှေးရိုးစဉ်လာတရားပေတည်း”

ဆိုတဲ့စကားလိုပေါ့ ကိုကျော်စွာရယ်၊ မကောင်းမှုလုပ်တဲ့ ကံကတော့ မကောင်းသူထံ ပြန်ရောက်လာတာ မဆန်းပါဘူး မကောင်းမှုကို မကောင်းမှန်းသိရင် ဝေးဝေးကရှောင်ကြဉ်တာ အကောင်းဆုံးပါပဲ”

“မောင်မြတ်ဆွေတို့က မောင်နှမနှစ်ယောက်တည်း ကြတာ၊ အခု မောင်မြတ်ဆွေ သေသွားပြီဆိုတော့ မြသင်း တော့အခက်ပဲ။ နောက်ပြီး မောင်မြတ်ဆွေရဲ့ အသုဘကိစ္စ လည်း ရှိသေးတယ်”

“ဒီလိုပဲ ဝိုင်းဝန်းကူညီပေးရမှာပေါ့၊ ကိုကျော်စွာရယ်”

ဟုပြောပြီး နှစ်ယောက်သား မြချိုသံ အိမ်ကြီးအတွင်း ပြန်ထွက်လာကြလေသည်။

အပြင်ဘက်မှာတော့ နံနက်ခင်းအလင်းရောင်များ လောကတစ်ခွင်လုံးကို ဖြန့်ကျက်စပြုနေချေပြီ။



BURMESE CLASSIC

# အခန်း(၁၆)

# မျက်ဝန်းမှာအပြုံး နှလုံးသားမှာအမြွေ

ဒေါက်တာမင်းထင်ကျော်အတွက် အမှုအခင်းတို့စွများ ပြီးသွားသောအခါ မောင်မြတ်ဆွေ၏ နာရေးကိစ္စများတို့ ကူညီ ဆောင်ရွက်ပေးရပြန်သည်။

ဦးဇန်ကောင်းကိုပါ ခေါ် သွားပြီး ဆွမ်းရက်လည်သည် အထိနေကာ ဆောင်ရွက်ပေးကြလေသည်။

☺ ဆောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်းမှာပင် မြနန်းကြည်က ဒေါက်တာမင်းထင်ကျော်ကို ၆ခါ တွေ့သဖြင့် ထောင်ကြီးချုပ်အထိ သွားရောက်တွေ့ဆုံရပေသည်။

"ကျွန်တော် ဘာများအကူအညီ ပေးရမလဲ. . ပြောပါ၊ တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင် ပေးပါ့မယ်"

အမှုကိစ္စဆောင်ရွက်စဉ်က ရန်သူလို သဘောထားပြီး စုံစမ်းထောက်လှမ်းခဲ့ရသော်လည်း ယခု အမှုကိစ္စပြီးသွားသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်မှာ အနုပညာသမားများကို လေးစားမှုရှိသောကြောင့် မြနန်းကြည်အပေါ်မှာ တလေးတစားနှင့်ပင် ပြောဆိုဆက်ဆံလေသည်။

"ဆရာ့ကိုတွေ့ချင်တဲ့အကြောင်းက တခြားတော့မဟုတ်ပါဘူး၊ အကူအညီတောင်းစရာတစ်ခု ရှိနေလို့ပါ"

"ပြောသာပြောပါ"

"တခြားတော့မဟုတ်ပါဘူး၊ ကျမကျူးလွန်ခဲ့တဲ့ အပြစ်တွေနဲ့ဆိုရင် လွတ်စရာအကြောင်းလည်း မရှိတော့ပါဘူး၊ တကယ်လို့ သေဒဏ်ကလွတ်ခဲ့ရင်တောင်မှ ထောင်ထဲမှာ အသက်ဆုံးတဲ့အထိ နေရတော့မှာ သေချာပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"အပြင်က ရွေ့နေရွေ့ရပ်ဌားပြီး လိုက်ပြီးဆောင်ရွက်ပေးမယ့် ဆွေမျိုးသားချင်းတွေ မရှိတော့ဘူးလား"

"မရှိတော့ပါဘူးရှင်၊ ကျွန်မလည်း တစ်ကောင်ကြွက်





တစ်ယောက်ပါပဲ၊ ကျွန်မ အကူအညီတောင်းချင်တာက တခြားမဟုတ်ပါဘူး၊ ကျွန်မပိုင်ဆိုင်တဲ့အိမ်နဲ့ ပစ္စည်းတွေကို မြသင်းကြူကို ထွဲပေးခဲ့ချင်ပါတယ်၊ အဲဒါ ဆရာကပဲ ဆောင်ရွက်ပေးဖို့ အကူအညီတောင်းချင်ပါတယ်၊ ဒီကိစ္စကိုတော့ ဆရာကပဲ ဆောင်ရွက်ပေးစေချင်ပါတယ်"

"ကျွန်တော် သူနဲ့တွေ့ပြီး သူ့သဘောကို မေးမြန်းကြည့်ပါမယ်၊ သူသဘောတူ လက်ခံမယ်ဆိုရင်တော့ မြနန်းကြည် သဘောဆန္ဒအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

ဟု ကတိပေးပြီး ပြန်လာခဲ့လေသည်။

ထို့နောက် မောင်မြတ်ဆွေ၏ အသုဘကိစ္စများ ဆောင်ရွက်ပေး၍ ပြီးသောအခါ မြသင်းကြူအား ထိုအကြောင်းကို ပြောပြလိုက်ရာ ပထမတော့ ခါးခါးသီးသီးပင် ငြင်းဆန်လေသည်။

"ကျွန်မကတော့ သူနဲ့သက်ဆိုင်တဲ့ပစ္စည်းတွေကို ဘာမှလည်း မလိုချင်ဘူး၊ ဘာမှလည်း မပတ်သက်ချင်တော့ပါဘူး"

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ အခုဆိုရင် ဒီအိမ်နဲ့ပစ္စည်းတွေက မြနန်းကြည်လည်း မပိုင်တော့ဘူး၊ သူ့ပစ္စည်းတွေလည်း မဟုတ်တော့ဘူး၊ ဒါကြောင့် မြသင်းကြူအနေနဲ့ လက်ခံသင့်တယ်လို့ ထင်ပါတယ်၊ ပစ္စည်းတွေကို မမက်မောဘူးဆိုပေမယ့် တန်ဖိုးထားရမှာတွေက ရှိသေးတယ် မဟုတ်လား"

မြသင်းကြူက သဘောမပေါက်သလို တစ်ချက်ကြည့်လည်း။

"တခြားမဟုတ်ပါဘူး၊ မြသင်းကြူတို့ မောင်နှမတွေ

www.burmeseclassic.com



နှစ်သက်တန်ဖိုးထားကြတဲ့ အနုပညာလုပ်ငန်းတွေလေ၊ ဒါတွေကိုရော ပြန်လုပ်ပေးဖို့ စိတ်မကူးတော့ဘူးလား"

"ကျွန်မ အနုပညာကို နှစ်သက်တန်ဖိုးထားပါတယ်. . . ဒါပေမယ့်"

"ကျောင်းမှာပညာသင်နေတဲ့ အနုပညာရှင်လေးတွေ ရှိကြတယ်၊ ဒီကျောင်းကို ပိတ်ထားလိုက်ရင် သူတို့စာတွေ တစ်ဝက်တစ်ပျက်နဲ့ ရပ်တံ့သွားမှာပေါ့၊ သူတို့ရည်မှန်းထားတဲ့ မျှော်လင့်ချက်တွေလည်း ပျက်စီးသွားကြမှာ သေချာတယ်၊ မြသင်းကြူက အနုပညာကို တန်ဖိုးထားတဲ့သူတစ်ယောက် အနေနဲ့ သူတို့လေးတွေကို လက်တွဲအကူအညီ ပေးသင့်တယ်လို့တော့ ကျွန်တော်ထင်ပါတယ်"

ဟုပြောတော့ မြသင်းကြူက အတော်ကြာအောင် စဉ်းစားနေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကိုမင်းထင်ကျော် ပြောတာမှန်ပေမယ့် ကျွန်မတစ်ယောက်တည်းနဲ့တော့ ဖြစ်နိုင်မယ် မထင်ပါဘူး"

"မြသင်းကြူသာ ဒီကိစ္စကို လက်ခံပေးမယ်ဆိုရင် ကျွန်တော့်အနေနဲ့ တတ်နိုင်သလောက်တော့ ဝင်ပြီးအကူအညီပေးလို့ရပါတယ်"

"ဘယ်လောက်ကြာကြာ အကူအညီ ပေးမယ်မှန်း မသိပဲနဲ့ ကျွန်မက ဘယ်လိုလက်ခံရဲမှာလဲ"

"အရင်က ကျွန်တော်ပြောထားတာ ရှိပါတယ်၊ ပတ္တလားတီး သင်ဖို့ပါ၊ အခုလို အချိန်မျိုးမှာ ပတ္တလားတီးသင်ရင်းနဲ့ မြ





သင်းကြူကို အကူအညီပေးလို့ရပါတယ်"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ကိုမင်းထင်ကျော် ပြောတဲ့အတိုင်း မြခြူးသံကို ကျွန်မလက်ခံပေးပါ့မယ်၊ ဒါပေမယ့် တစ်နေ့ ကိုမင်းထင်ကျော် မရှိတော့ရင်တော့ ကျွန်မလည်း ဆက်နေရဲမှာ မဟုတ်ဘူး"

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားသော အမူအယာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ကျွန်တော် မြသင်းကြူ လက်ခံတဲ့အထိ နေပေးပါ့မယ်"

ထိုသို့ပြောသောအခါ မြသင်းကြူက စိတ်သက်သာရာ ရသွားသော အမူအယာဖြင့် သက်ပြင်းချလိုက်လေသည်။

သို့ကြောင့် နောက်ပိုင်းမှာတော့ မြန်နန်းကြည်က သူပိုင်ဆိုင်သော မြခြူးသံအိမ်ကြီးနှင့် တူရိယာပစ္စည်းများ၊ အတွင်းပစ္စည်းများအားလုံးကို စာချုပ်စာတမ်းနှင့် လွှဲပေးလေသည်။

မြသင်းကြူကလည်း လက်ခံယူလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး လအနည်းငယ် ကြာသောအခါမှာတော့ ထိုအိမ်ကြီးကို ပြောင်းရွှေ့နေထိုင်ပြီး အနုပညာသင်တန်းကျောင်းကို ပြန်ဖွင့်လေသည်။

ဖွင့်ကာစရက်က လူမများသော်လည်း နောက်ပိုင်း လူသိလာသောအခါ တဖြည်းဖြည်း တပည့်များလာလေသည်။

ပထမတော့ အဆိုအက အတီးပညာများကို သက်ထောက်တပည့်များက သင်ပေးသည်။

နောက်တော့ ပညာရှင်များကို ခေါ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပေးကာ သင်ပေးရာ တဖြည်းဖြည်း အောင်မြင်မှု ရလာခဲ့သေ
သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုပညာများကို
ကျွမ်းကျင်သော်လည်း မြသင်းကြူဆန္ဒအရ ထိုအိမ်မှာပင်နေပြီး
တတ်နိုင်သမျှ ကူညီလုပ်ကိုင်ပေးရလေသည်။

တစ်နေ့တော့ မြသင်းကြူက ပြောသည်။

"ဒီအခြေမျိုးက ကျွန်မအစ်ကို ကိုမြတ်ဆွေ ရည်ရွယ်
မျှော်မှန်းထားခဲ့တဲ့ အခြေအနေမျိုးတွေပါ၊ အခု သူမရှိတော့
ဒီလိုဖြစ်လာတာကိုမင်းထင်ကျော်ရဲ့ ကျေးဇူးတွေပါပဲ"

"ဒီလောက်ကျေးဇူးတင်ဖို့ မလိုပါဘူး"

"ကိုမင်းထင်ကျော်နဲ့ ကျွန်မနဲ့ ကတိရှိထားတယ် ဆိုပေ
မယ့် ကိုမင်းထင်ကျော်လို လူတစ်ယောက်ကို ဒီမှာအကြာကြီး
ခေါ်ထားလို့ မသင့်မှန်း ကျွန်မသိပါတယ်"

"မြသင်းကြူက ပြန်စေချင်ပြီလား"

"ကျွန်မသဘောကတော့ အမြဲရှိနေစေချင်တာပါ"

ထိုသို့ပြောကာ ခေါင်းငုံ့သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်စွာဖြင့်
တစ်ချက်ပြုံးလိုက်ပြီး သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထား
လိုက်လေသည်။

"မြလေးသဘောကို ကိုယ်ရိပ်မိပါတယ်၊ အမှန်ပြော
ရင် ကိုယ်ကလည်း မြလေးနဲ့အတူ နေချင်ပါတယ်၊ ကိုယ့်မေတ္တာ
ကို လက်ခံပေးမယ်ဆိုရင် လက်ထပ်ပါ့မယ်"

www.burmeseclassic.com